# ကြေးမုံ The Mirror

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၃ ရက်၊ အင်္ဂါနေ့၊ (14-7-2015) (၈၂၆၁)


## ကိုယ့်ဝတ္တရား ကိုယ်ကျေပွန်အောင်ထမ်းဆောင်

အစိုးရအရာထမ်း၊ အမှုထမ်းတွေဟာ မိမိတို့အပေါ်ကို တရားသဖြင့်ကျရောက်လာတဲ့ တာဝန်ဝတ္တရားတွေကို လူထုနဲ့တိုင်းပြည်မျက်နှာကို ထောက်ထားပြီး ပြတ်ပြတ်သားသားဆောင်ရွက်စေချင်တယ်။ ဒီလိုမှ ပြတ်ပြတ်သားသားမဆောင်ရွက်ဝံ့ကြရင်လည်း ဆောင်ရွက်ဝံ့တဲ့လူတွေကို နေရာဖယ်ပေးကြစေချင်တယ်။ အစိုးရအမှုထမ်း၊ အရာထမ်းဆိုတာ အမှန်စင်စစ်တော့ ကိုယ့်ဝတ္တရား ကိုယ်ကျေပွန်အောင် ထမ်းဆောင်ဖို့ပဲ။ ကိုယ့်ဝတ္တရားကိုယ်ကျေပွန်ရင် ဘယ်သူ့မှလည်း ကြောက်ဖို့မလိုဘူး၊ ဘယ်သူကမှလည်း လက်ဖျားနဲ့မှ မတို့နိုင်ဘူးဆိုတာ မှတ်ထားကြပါ။

*(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၇ ခုနှစ်၊ ဧပြီလ ၅ ရက်နေ့ အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)*

## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပြင်သစ်နိုင်ငံအမျိုးသားနေ့ သဝဏ်လွှာများပေးပို့

**နေပြည်တော် ဇူလိုင် ၁၄**

၂၀၁၅ ခုနှစ် ဇူလိုင် ၁၄ ရက်တွင်ကျရောက်သော ပြင်သစ်သမ္မတနိုင်ငံ၏ အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပြင်သစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဖရန်ဆွာ အိုလောန်ဒ်ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။

အလားတူ ၂၀၁၅ ခုနှစ် ဇူလိုင် ၁၄ ရက်တွင်ကျရောက်သော ပြင်သစ်သမ္မတနိုင်ငံ၏ အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပြင်သစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ မန်နျူရယ် ဗဲလ်စ် ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

## ရခိုင်ပြည်နယ်အတွင်း ရေဘေးကြောင့်ပျက်စီးဆုံးရှုံးမှုများ ပြန်လည်တည်ဆောက်ရေးဗဟိုကော်မတီ စည်းဝေး

သတင်း စာမျက်နှာ » ၃



# မြန်မာအမျိုးသားလေကြောင်းလိုင်းမှ ဘိုးရင်း ၇၃၇ လေယာဉ်သစ်ဖြင့် ရန်ကုန်-စင်ကာပူ ပြည်ပခရီးစဉ် ပျံသန်းပြေးဆွဲမည်



ဇွန် ၂၃ ရက်က မြန်မာအမျိုးသားလေကြောင်းလိုင်းမှ ခရီးသည်များတင်ဆောင်ကာ သရုပ်ပြလေ့ကျင့်မှုများနှင့်အတူ စမ်းသပ်ပျံသန်းပြေးဆွဲခဲ့စဉ်က တွေ့ရစဉ်။

**ရန်ကုန် ဇူလိုင် ၁၃**

မြန်မာအမျိုးသားလေကြောင်းလိုင်းမှ Boeing 737-800 New Generation လေယာဉ်အသစ်ဖြင့် ပထမဆုံးပြည်ပခရီးစဉ်အဖြစ် ရန်ကုန်-စင်ကာပူ ခရီးစဉ်ကို ဩဂုတ် ၁၇ ရက်တွင် စတင် ပျံသန်းပြေးဆွဲတော့မည်ဖြစ်သည်။

ရန်ကုန်-စင်ကာပူခရီးစဉ်များအရ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် စတင်ထွက်ခွာမည်ဖြစ်ပြီး စင်ကာပူနိုင်ငံလေဆိပ်သို့ ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင်ဆိုက်ရောက်မည်ဖြစ်ကာ စင်ကာပူနိုင်ငံလေဆိပ်မှ ဒေသစံတော်ချိန် ညနေ ၄ နာရီတွင် ပြန်လည်ထွက်ခွာမည်ဖြစ်ပြီး ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ မြန်မာစံတော်ချိန်ညနေ ၅ နာရီတွင် ဆိုက်ရောက်မည်ဖြစ်ကာ စနေနေ့(နားရက်)မှလွဲ၍ ကျန်ရက်များအားလုံးကို နေ့စဉ်အသွားအပြန် ပျံသန်းပြေးဆွဲပေးသွားမည်ဖြစ်သည်။

မြန်မာအမျိုးသားလေကြောင်းလိုင်းမှာ နှစ်ပေါင်း ၂၀ ကျော်ကြာ ရပ်နားထားခဲ့သည့် နိုင်ငံတကာလေကြောင်း **စာမျက်နှာ ၃ ကော်လံ ၁ သို့** ✳

## ယနေ့ မာတိကာ


ကျွမ်းကျင်သူမြင့်မား အနာဂတ်နိုင်ငံ ---------- စာမျက်နှာ - ၂

၂၀၁၅ ခုနှစ်၊ အထွေထွေရွေးကောက်ပွဲ လွှတ်တော်အသီးသီး၏ မဲဆန္ဒနယ်များအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်းများ အမည်စာရင်းတင်သွင်းနိုင်ကြောင်း အသိပေးကြေညာခြင်း ---------- စာမျက်နှာ - ၅


## ရေတားတမံများဖယ်ရှားမှု ယာယီရပ်ဆိုင်း မြန်မာ-ထိုင်းချစ်ကြည်ရေးတံတား ပြန်လည်ဖွင့်လှစ်နိုင်

**တာချီလိတ် ဇူလိုင် ၁၃**

မြန်မာနိုင်ငံ တာချီလိတ်မြို့နှင့် ထိုင်းနိုင်ငံ မယ်ဆိုင်မြို့တို့အကြား နှစ်နိုင်ငံနယ်နိမိတ်အဖြစ် ဖြတ်သန်းစီးဆင်းလျက်ရှိသော မယ်ဆိုင်ချောင်းအတွင်း ဆယ်စုနှစ် နှစ်ခုစာမျှအဟန့်အတားဖြစ်ပေါ်လျက်ရှိသော ဝါးဆိပ်(ပုန်းထွန်ရပ်ကွက်)၊ ဂရင်းဆိပ်(ဆန်ဆိုင်းရပ်ကွက်)နှင့် ငှက်ပျောဆိပ် (ရန်အောင်မြေရပ်ကွက်) ရေတားတမံများကြောင့် နှစ်စဉ်မိုးကာလ ရေကြီးရေလျှံမှုဖြစ်ပွားကာ တာချီလိတ်မြို့အား ရေလွှမ်းမိုးမှုများဖြစ်ပွားခဲ့သည်။

ထို့ကြောင့် မြန်မာ-ထိုင်း နှစ်နိုင်ငံမြို့နယ်အဆင့် နယ်ခြားကော်မတီများ၏ အကြိမ်ကြိမ်ညှိနှိုင်းဆွေးနွေးချက်အရ နှစ်စဉ်မိုးကာလ ရေကြီးရေလျှံမှုမှ ကာကွယ်နိုင်ရေးအတွက် အဆိုပါရေတားတမံများအား ဇူလိုင် ၁၃ ရက် နံနက်ပိုင်းမှ စတင်ကာ နှစ်နိုင်ငံတာဝန်ရှိသူများက ကြီးကြပ်လျက် စက်ယန္တရားများဖြင့် ဖယ်ရှားရှင်းလင်းဆောင်ရွက်ကြကြောင်း သိရသည်။

**စာမျက်နှာ ၃ ကော်လံ ၃ သို့** ❐




**ကြေးမုံစာတည်းရှုထောင့်** **၁၄-၇-၂၀၁၅၊ အင်္ဂါနေ့**

# ကျွမ်းကျင်သူမြင့်မား အနာဂတ်ခိုင်မာ

မြန်မာနိုင်ငံ၏ အလုပ်အကိုင်အခွင့်အလမ်း ထိုးဖောက်နိုင်မှုတွင် အခြေခံအဆင့်တက္ကသိုလ်ဝင်တန်း အောင်မြင်ခြင်း၊ မအောင်မြင်ခြင်းသည် အရေးကြီးသောအဆုံးအဖြတ်တစ်ခု ဖြစ်နေပါသည်။ မြန်မာနိုင်ငံတွင် အလုပ်အကိုင်များပေါများနေသော်လည်း သက်ဆိုင်ရာလုပ်ငန်းအလိုက် အလုပ်ခေါ်ယူမှုတွင် ထိုကဲ့သို့ သတ်မှတ်ချက်များ ရှိနေဆဲဖြစ်သည်။

လူငယ်များအနေဖြင့် ဖွဲလုံ့လဖြင့် ကြိုးစားကြသော်လည်း စာမေးပွဲ၏ သဘာဝအရ အောင်မြင်သူများထက် ကျရှုံးသူက ပိုများနေပါသည်။ အချို့အနေဖြင့် စာမေးပွဲတွင် ခြေချော်လက်ချော်ဖြစ်သူများရှိသလို အချို့လည်း မျှော်မှန်းသည့်အတိုင်းဖြစ်မလာ၍ အရှုံးနှင့်ရင်ဆိုင်ရသူများ ရှိသည်။ လူငယ်အများစု၏ဆန္ဒမှာ စာမေးပွဲအောင်မြင်လျှင် အလုပ်အကိုင် အဆင်ပြေနိုင်သည့် မျှော်လင့်ချက်များ ရှိနေပါသည်။

ဘဝအတွက် အလုပ်အကိုင်ရရှိရန်နှင့် တစ်ဖက်တွင် ပညာဆက်လက်ဆည်းပူးရန်ဖြစ်သည်။ သို့သော် မျှော်လင့်သလို ဖြစ်မလာသောအခါ စိတ်ပျက်ဝမ်းနည်း ဖြစ်ကြလိမ့်မည်။ မျှော်လင့်ချက်မဲ့သလို ခံစားရလိမ့်မည်။ ဤအချိန်တွင် မိဘဆရာသမားများက ဖေးမကူညီပေးရပေလိမ့်မည်။ လဲနေသူကို ထူပေးရမည်။ လဲနေသူကို ဖိနှိပ်သကဲ့သို့ မဖြစ်ရန်လိုသည်။ အချို့လူငယ်များမှာ အားကိုးရာမရသဖြင့် လမ်းမှားသို့ ရောက်သွားတတ်သည်ကို သတိပြုရမည်။

တစ်ချိန်သောအခါက မြန်မာနိုင်ငံမှ တက္ကသိုလ်ဝင်တန်းအဆင့်မမီသော လူငယ်များအတွက် အသက်မွေးဝမ်းကျောင်းသင်တန်းများတက်ရောက်ကာ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်သည့်အခြေအနေများ ရှိခဲ့သည်။ ယနေ့ကာလတွင်လည်း တက္ကသိုလ်ဝင်အဆင့်မမီသူများအတွက် လုပ်ငန်းခွင်သင်တန်းများပို့ချပေးနေကြောင်း သိရသည်။ ထင်ရှားသောသင်တန်းတစ်ခုမှာ မန္တလေးမြို့ ဖောင်တော်ဦးဘုန်းတော်ကြီးသင်ကျောင်းမှ ဦးစီးဖွင့်လှစ်သော သင်တန်းဖြစ်သည်။

အဆိုပါသင်တန်းတွင် ဘုန်းတော်ကြီးသင်ကျောင်းမှ ဆရာ ဆရာမများ သာမက ပြင်ပမှ ဆရာ ဆရာမများကလည်း ခေတ်မီဘာသာရပ်များကို သင်ကြားပို့ချပေးမည်ဖြစ်သည်။ သင်တန်းကာလ လေးလပြီးသည်နှင့် ပတ်သက်သည့်လုပ်ငန်းများမှ လာရောက်၍ အလုပ်သင်နှစ်လ ပို့ချပေးမည်။ ထိုကာလတွင် သင်တန်းသားများ သင့်တင့်သော အဖိုးအခရကြမည်ဖြစ်ပြီး သင်တန်းပြီးဆုံးပါက လုပ်ငန်းခွင်ဝင်ရောက်၍ ထိုက်တန်သောလစာရရှိကြမည်ဟု သိရသည်။

ဤကဲ့သို့သော သင်တန်းမျိုးကို ရန်ကုန်နှင့် မန္တလေးမြို့ကြီးများတွင် များများပေါ်ထွန်းစေချင်ပါသည်။ မြန်မာနိုင်ငံတွင် လုပ်အားအရင်းအမြစ်ပေါများသော်လည်း နည်းပညာအားနည်းမှုကြောင့် အလုပ်လက်မဲ့များ ရှိနေဆဲဖြစ်သည်။ လူသားစွမ်းရည်မြင့်မားသော သင်တန်းများ ဖွင့်လှစ်သင်ကြားကာ ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးရပါဦးမည်။ မန္တလေးမှ ဖောင်တော်ဦးသင်တန်းကဲ့သို့ အလှူ့ပေါင်းစုံမှ ပူးပေါင်းပါဝင်၍ စေတနာထားဆောင်ရွက်သင့်ကြသည်။ သို့မှသာ နိုင်ငံအတွင်း စွမ်းရည်မြင့်မားသော လူသားအရင်းအမြစ်များတိုးပွားကာ နိုင်ငံဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်မြင့်မားလာမည် ဖြစ်သည်။

အားနည်းသူကို ထိုသို့အားပေးခြင်းသည် မျိုးဆက်သစ်လူငယ်များအတွက် အင်အားတစ်ရပ်ဖြစ်စေပါသည်။ နိုင်ငံ့သားကောင်းရတနာများကို မွေးထုတ်ပေးခြင်းလည်း မည်ပါသည်။ နိုင်ငံ့အကျိုး၊ မိမိအကျိုးကို တတ်နိုင်သည့်ဘက်မှ ပါဝင်ဆောင်ရွက်ခြင်းလည်းမည်ပါသည်။ မျက်မှောက်ကာလ၌ လုပ်ငန်းနယ်ပယ်များတွင် ပညာရေးသတ်မှတ်ချက် အကန့်အသတ်ရှိနေသော အခါဝယ် လူငယ်အများစုအတွက် အဆိုပါလူ့အရင်းအမြစ် ပျိုးထောင်ရေး သင်တန်းသည် အားအင်သစ်ကိုဖြစ်စေပါသည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံတွင် စီးပွားရေးပွင့်လင်းလာမှုအခြေအနေများ အရ အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ထွက်နေပြီဖြစ်ရာ နိုင်ငံ့အနာဂတ် ဖွံ့ဖြိုးရေးအတွက် ကျွမ်းကျင်လုပ်သားများ စွမ်းအားပြည့်ပေါ်ထွက်လာအောင် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ ။

## သဘာဝသယံဇာတ တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ ပွင့်လင်းမြင်သာမှုဖော်ဆောင်ရေးဆိုင်ရာ သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ ဆွေးနွေး

**နေပြည်တော် ဇူလိုင် ၁၃**

စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်ဇော်သည် ဇူလိုင် ၁၀ ရက် နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့၌ ကျင်းပသည့် မြန်မာနိုင်ငံ သဘာဝသယံဇာတ တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ ပွင့်လင်းမြင်သာမှု ဖော်ဆောင်ရေးဆိုင်ရာ သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ အလုပ်ရုံဆွေးနွေးပွဲသို့တက်ရောက်ပြီး မြန်မာနိုင်ငံအနေဖြင့် အဆိုပါ အဖွဲ့ဝင်လောင်းနိုင်ငံအဖြစ် ပါဝင်လာအောင် ကြိုးစားဆောင်ရွက်ခဲ့မှုများကို ရှင်းလင်းပြောကြားခဲ့သည်။

ဒုတိယဝန်ကြီးသည် ဇူလိုင် ၁၁ ရက်က မန္တလေးမြို့ ပင်မရေနံ သိုလှောင်ဖြန့်ဖြူးရေးဌာနရှိ ဆီသိုလှောင်ကန်များ၊ ဆီပန့်များနှင့် မြစ်ဆိပ်ရှိ ပွန်တွန်းတို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ပင်မရေနံ သိုလှောင်ဖြန့်ဖြူးရေးဌာန(က)အဆင့်ရုံးနှင့် တိုင်းဒေသကြီး ပင်မရေနံသိုလှောင်ဖြန့်ဖြူးရေးဌာနတို့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံခဲ့သည်။

ဇူလိုင် ၁၂ ရက် နံနက်ပိုင်းတွင် မကွေးတိုင်းဒေသကြီး ချောက်ရေနံမြေ ဆေးရုံ ကလေးကုသဆောင် ပန္နက်တင် မင်္ဂလာအခမ်းအနားသို့ တက်ရောက်ခဲ့သည်။

ထို့နောက် ချောက်မြို့ တိုးချဲ့ရေပေးဝေရေး လုပ်ငန်းများအား မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ မြို့နယ်စည်ပင်သာယာရေးအဖွဲ့သို့ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို တက်ရောက်ခဲ့ပြီး ဥတ္တရလူငယ် လူမှုကူညီရေးအဖွဲ့အတွက် ရုံးအဆောက်အအုံနှင့် ယာဉ်ရပ်နားဆောင် ဆောက်လုပ်ရေး လုပ်ငန်းတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ရေနံမီးသတ်ဌာနမှ မီးသတ်ဇာတ်တိုက်လေ့ကျင့်မှု သရုပ်ပြခြင်းကို စစ်ဆေးပြီး ချောက်မြို့ ပင်မရေနံ သိုလှောင်ဖြန့်ဖြူးရေး(ဂ)အဆင့်ရုံးရှိ ဝန်ထမ်းများနှင့် တွေ့ဆုံခဲ့ကြောင်း သိရသည်။ **(ကြေးမုံ)**

စာအုပ်စာပေ
လူ့မိတ်ဆွေ

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဇူလိုင် ၁၃**

**စက်သုံးဆီဈေးနှုန်း**

| | | |
|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၆၉၀ ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၈၀၀ ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၇၂၀ ကျပ် |
| (ဃ) ဓာတ်ဆီ | တစ်လီတာ | ၇၁၀ ကျပ် |

**၆-၇-၂၀၁၅ ရက်နေ့မှ ၁၀-၇-၂၀၁၅ ရက်နေ့အတွင်း ပြည်ပမှ မှာယူတင်သွင်းသည့် စက်သုံးဆီများ၏ ဆိပ်ကမ်းအရောက်ပျမ်းမျှအရင်းဈေးမှာ အောက်တိန်း 92 တစ်လီတာ ၆၅၀ ကျပ်နှင့် ဒီဇယ်တစ်လီတာ ၅၇၂ ကျပ် ဖြစ်ပါသည်။** *(လက်လီဆိုင်များ ရောင်းဈေးအနေဖြင့် သယ်ပို့စရိတ်ခရီးအကွာအဝေးပေါ်မူတည်၍ ဈေးနှုန်းကွာခြားနိုင်ပါသည်။)*

| | | | | |
|---|---|---|---|---|
| **ရန်ကုန်** | **ရွှေဈေး** | ၇၄၉၅၀၀ | - | ၇၄၉၅၀၀ |
| **မန္တလေး** | **ရွှေဈေး** | ၇၄၉၅၀၀ | - | ၇၄၉၅၀၀ |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၂၀၀. ၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၃၃၆. ၅ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၁၉၃. ၂၆ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၃၅. ၃၄၆ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၁၆. ၄၁ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၈. ၉၃၂ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၉၇၉. ၆၃ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၀၆. ၁၀ |
| (ဈ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၈၉၁. ၉၆ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၈၈၈. ၃၀ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**



## ပန်းကုံးကျေးရွာ မူလွန်ကျောင်းအား အလယ်တန်းကျောင်း(ခွဲ)အဆင့် တိုးမြှင့်ဖွင့်လှစ်

**ရေဦး ဇူလိုင် ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့နယ် ပန်းကုံးကျေးရွာရှိ အခြေခံပညာ မူလတန်းလွန်ကျောင်းအား အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)အဖြစ် အဆင့်တိုးမြှင့်ခြင်း အခမ်းအနားကို ဇူလိုင် ၁၀ ရက်က အဆိုပါ ကျောင်းဝင်းအတွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးညိုဝင်းက အဖွင့်အမှာစကားပြောကြားပြီး ဒုတိယ မြို့နယ်ပညာရေးမှူးနှင့် ကျောင်းအုပ် ဆရာမကြီးတို့က အမှာစကားပြောကြားခဲ့သည်။

ယင်းနောက် ၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့သော ကျောင်းသား ကျောင်းသူ ၂၃ ဦးတို့အား ဆုချီးမြှင့်ငွေများကို အောင်ဇမ္ဗူဆရာတော် ကိုယ်စား တာဝန်ရှိသူများက အသီးသီးချီးမြှင့်ခဲ့သည်။ အဌမတန်း ကျောင်းသား ကျောင်းသူများအား စက်ဘီးတစ်စီးစီ၊ ကျောင်းအားကစားကွင်းအတွက် လိုအပ်သည့် ပစ္စည်းအစုံနှင့် စာသင်ခန်းများ၌ တပ်ဆင်ရန် ပန်ကာများလှူဒါန်းခဲ့သည်။

အောင်ဇမ္ဗူဆရာတော်၏ ယခုကဲ့သို့ လှူဒါန်းရခြင်းရည်ရွယ်ချက်မှာ ရွာရှိ ကလေးသူငယ် ကျောင်းသား ကျောင်းသူများကို ပညာရေး၊ လူမှုရေး၊ အတွေးအခေါ်မြင့်မားရေး၊ ဗဟုသုတကြွယ်ဝရေး၊ ခေါင်းဆောင်ကောင်းတစ်ဦးဖြစ်ရေး၊ ဘာသာတရားနားလည်စေရေး စသော အကျိုးထူးများရစေလို၍ ပညာပါရမီဖြည့်ဆည်းပံ့ပိုးကူညီလှူဒါန်းရခြင်းဖြစ်ကြောင်း သိရသည်။ **(ခင်မျိုးနိုင်)**




**ဖခင်အမည်မှန်**
နောင်ချိုမြို့(အထက) ဒသမတန်း(B)မှ မခိုင်မာဦး၏ ဖခင်အမည်မှန်မှာ ဦးညွန့်ဝင်း [၁၃/နခတ(နိုင်)၀၂၂၁၀၄]ဖြစ်ပါကြောင်း။
ဦးညွန့်ဝင်း

7Stars(ရာထူးဝင်သင်တန်းကြီး)
လ/ထဆရာဝန်
ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများအတွက်
လစ်လပ်ရာထူးနေရာ - ( ၄၉၈ )နေရာ
တိုက်(18 / 3B)၊ သပြေညိုကွန်ဒို(၁)၊ ဦးထွန်းလင်းချိုလမ်း လှည်းတန်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့၊ ဈေးခွဲ (လှံ၁၀) မရှိပါ။
09.421052736, 09.49282366, 09.799860155

(တာတူဆေး)
ကိုယ်တိုင်သင်ကြားစီစဉ်သည်
၁၀-တန်း(တက္ကသိုလ်ဝင်တန်း)
အနီးကပ်အထူးတန်းခွဲ(အသစ်)
ကျောင်းအပ်လက်ခံပြီ
အဆင့်မြင့် စာသင်-စာကျက်ဝိုင်းနှင့်ဘော်ဒါ
အမှတ်/၆၃-အေ၊(၃-လွှာ)၊စမ်းချောင်းလမ်း၊စမ်းချောင်းမြို့နယ်၊ရန်ကုန်မြို့။ ၀၉-၇၃၀၃၂၉၃၁၊ ၀၉-၅၀၇၀၁၅၈

ပြည်တွင်းရေးရာ

# ရခိုင်ပြည်နယ်အတွင်း ရေဘေးကြောင့်ပျက်စီးဆုံးရှုံးမှုများ ပြန်လည်တည်ဆောက်ရေးဗဟိုကော်မတီ စည်းဝေး မူလအခြေအနေသို့ပြန်လည်ရောက်ရှိရန် ရေရှည်ကောင်းမွန်ရေး ဒီဇိုင်းပုံစံများ ရေးဆွဲဆောင်ရွက်ကြရမည်



**နေပြည်တော် ဇူလိုင် ၁၃**

ရခိုင်ပြည်နယ်အတွင်း ရေဘေးကြောင့် ပျက်စီးဆုံးရှုံးမှုများ ပြန်လည်တည်ဆောက်ရေး ဗဟိုကော်မတီအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်၍အမှာစကားပြောကြားသည်။**(ယာပုံ)**

အစည်းအဝေးတွင် ဒုတိယသမ္မတက ရခိုင်ပြည်နယ်၌ ပြီးခဲ့သည့် ဇွန်လအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ခရိုင် ငါးခရိုင်နှင့် မြို့နယ် ၁၄ မြို့နယ်အတွင်း ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့ပါကြောင်း၊ အဆိုပါဖြစ်စဉ်ကြောင့် လူ ခြောက်ဦး၊ တိရစ္ဆာန်အကောင်ရေ ၂၅၅၀ ကျော် သေဆုံးခဲ့ပြီး နေအိမ်အကြီး၊ အသေး ၅၉၂ လုံး၊ ဘုန်းကြီးကျောင်း ငါးကျောင်း၊ စာသင်ကျောင်း နှစ်ကျောင်းနှင့် လမ်းပိုင်း ၂၄ ပိုင်း ပျက်စီးဆုံးရှုံးခဲ့ပါကြောင်း၊ ပြန်လည်တည်ဆောက်ရေးအတွက် ငွေကျပ် ၃ ဒသမ ၂၁၆ ဘီလီယံကုန်ကျမည်ဖြစ်ပါကြောင်း၊ လတ်တလောတွင် နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် ဆန်နှင့် အဝတ်အထည် တန်ဖိုးငွေကျပ် ၂၀ ဒသမ ၆ သန်းခန့်ကို ထောက်ပံ့ပေးပြီးဖြစ်ပါကြောင်း။

အဆိုပါပျက်စီးဆုံးရှုံးမှုများကို မူလအခြေအနေသို့ ပြန်လည်ရောက်ရှိနိုင်ရန်အတွက် ရခိုင်ပြည်နယ်အတွင်း ရေဘေးကြောင့် ပျက်စီးဆုံးရှုံးမှုများ ပြန်လည်တည်ဆောက်ရေးဗဟိုကော်မတီကို ဖွဲ့စည်းခဲ့ပြီး လုပ်ငန်းကော်မတီများဖွဲ့စည်း၍ တာဝန်ပေးအပ်ထားပြီးဖြစ်ပါကြောင်း၊ လုပ်ငန်းကော်မတီများအနေဖြင့် ပျက်စီးဆုံးရှုံးခဲ့သည့်ဒေသများတွင် အခြေပြုပြီး လိုအပ်ချက်များကို ဆောင်ရွက်ပေးကြရမည်ဖြစ်ပြီး မူလအခြေအနေသို့ အမြန်ဆုံးရောက်ရှိရန်နှင့် ခွင့်ပြုရန်ပုံငွေများကို စနစ်တကျ အသုံးပြုကြရန်ဖြစ်ကြောင်း။

ထိုကဲ့သို့ မူလအခြေအနေသို့ ပြန်လည်ရောက်ရှိရန် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ရေရှည်ကောင်းမွန်စေရန်အတွက် ဒီဇိုင်းပုံစံများ ရေးဆွဲဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ လတ်တလောတွင် လိုအပ်သည်များ စီမံဆောင်ရွက်ပေးမှုနှင့်အတူ စားဝတ်နေရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်နေပါကြောင်း၊ ရေရှည်အတွက် ဆက်လက်ဆောင်ရွက်သင့်သည်များကို ဝိုင်းဝန်းဆွေးနွေးကြရန်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဗဟိုကော်မတီအတွင်းရေးမှူး ဗိုလ်ချုပ်တင်အောင်ချစ်က နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် ရခိုင်ပြည်နယ်အတွင်း ရေကြီးမှုကြောင့် ပျက်စီးဆုံးရှုံးမှုများအပေါ် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေကို လည်းကောင်း၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးမောင်မောင်အုန်းက ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ရေကြီးမှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် ဒေသများသို့ ကွင်းဆင်းပြီး လိုအပ်ချက်များ ထောက်ပံ့ပေးခဲ့မှု၊ လမ်းပိုင်းများနှင့်တံတားများ ယာယီသွားလာနိုင်အောင် စီစဉ်ဆောင်ရွက်ထားရှိမှုများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်၊ ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်ဌေး၊ ဦးခင်ဇော်၊ ဦးခင်မောင်အေး၊ ဦးသန့်ရှင်း၊ ဒေါက်တာဝင်းမြင့်၊ ဦးဘုန်းဆွေတို့က ရခိုင်ပြည်နယ်အတွင်း ရေဘေးကြောင့် ပျက်စီးဆုံးရှုံးမှုများကို သက်ဆိုင်ရာဝန်ကြီးဌာနများအလိုက် လတ်တလောဆောင်ရွက်ခဲ့မှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယသမ္မတက လုပ်ငန်းကော်မတီများအနေဖြင့် သက်ဆိုင်ရာလုပ်ငန်းများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး ခွင့်ပြုရန်ပုံငွေသုံးစွဲမှုများကို ကြီးကြပ်ကြရန်ဖြစ်ကြောင်း၊ လမ်းတံတားပျက်စီးမှုများကို ပွင့်လင်းရာသီတွင် ဆက်လက်ဆောင်ရွက်ရန်နှင့် လတ်တလောသွားလာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ **(သတင်းစဉ်)**

---

### ✻ ရှေ့ဖုံးမှ

ခရီးစဉ်များကို ပြန်လည်ပျံသန်းပြေးဆွဲသွားရန် စီစဉ်လိုက်ခြင်းလည်းဖြစ်ပြီး ခရီးစဉ်လေယာဉ်လက်မှတ်ခနှုန်းထားကို ရန်ကုန်-စင်ကာပူ-ရန်ကုန်(အသွားအပြန်) ရိုးရိုးတန်းအတွက် အမေရိကန် ဒေါ်လာ ၂၃၉ ဒေါ်လာနှင့် စင်ကာပူ-ရန်ကုန်-စင်ကာပူ(အသွားအပြန်) ရိုးရိုးတန်းအတွက် စင်ကာပူဒေါ်လာ ၂၈၉ ဒေါ်လာ သတ်မှတ်ထားရှိကာ ခရီးစဉ် အတွက် ထိုင်ခုံများစာရင်းအရ Business Class ရှစ်လုံး၊ Premium Economy ၂၄ လုံးနှင့် Economy ၁၃၂ လုံးတို့ပါဝင်မည်ဖြစ်သည်။

မြန်မာအမျိုးသားလေကြောင်းလိုင်းမှတာဝန်ရှိသူက "အမေရိကန်နိုင်ငံ GE ကုမ္ပဏီလက်အောက်ခံဖြစ်တဲ့ ကမ္ဘာ့လေယာဉ်အများဆုံးပိုင်ဆိုင်တဲ့ GECAS ကုမ္ပဏီက လိုအပ်တဲ့စာရင်းဇယား၊ ကိန်းဂဏန်းတွေကိုတွက်ချက်ပြီး ထိုင်းနိုင်ငံကိုတောင်မပေးဘဲ အာရှခရီးစဉ်တွေရဲ့ လေကြောင်းစီးပွားရေးကဏ္ဍမှာ အလားအလာကောင်းများရှိလာနိုင်တဲ့ မြန်မာနိုင်ငံကို ကမ်းလှမ်းရောင်းချလာတာပါ။

"ဒီလေယာဉ်ကြီးက ဘိုးရင်းလေယာဉ်အသစ်ကြီးပါ။ စက်ရုံထုတ်အသစ်ပါ။ ကျွန်တော်တို့ကိုလည်း အတိုးနှုန်းအနည်းဆုံးနဲ့ ဈေးနှုန်းချိုသာစွာရောင်းချပေးလာတာပါ။ ဒီလေယာဉ်အသစ်တွေကို မြန်မာအမျိုးသားလေကြောင်းလိုင်းအတွက် ရောင်းချပေးတာကလည်း သူတို့ကုမ္ပဏီအတွက်လည်း အကျိုးအမြတ်မြင်လို့ပါ။ ပြီးတော့ GE ကုမ္ပဏီအတွက်လည်း နိုင်ငံတကာက လူသိများလာနိုင်မယ်လေ။ အဆင့်မီလေယာဉ်အသစ်လည်းဖြစ်တယ်။ ပြီးတော့ ပို့ဆောင်ရေးဝန်ကြီးဆီကို သူတို့ကကမ်းလှမ်းရောင်းချလာတာကြောင့် ဝန်ကြီးကလက်ခံလိုက်တာပါ"ဟု ရှင်းပြသည်။

လက်ရှိ မြန်မာအမျိုးသားလေကြောင်းလိုင်းက လေယာဉ်အသစ်တစ်စင်းလျှင် အမေရိကန်ဒေါ်လာသန်း ၆၀ တန်ဖိုးရှိ လေယာဉ်အသစ် ၁၀ စင်းမှာ၍ဝယ်ယူထားကြောင်း၊တစ်နှစ်လျှင် နှစ်စင်းနှုန်းရောက်ရှိမည်ဖြစ်ကြောင်း၊ ယင်းကဲ့သို့ ဘိုးရင်းလေယာဉ်အသစ်များ ရောက်ရှိလာတော့မည်ဖြစ်သည့်အတွက် မြန်မာအမျိုးသားလေကြောင်းလိုင်းသည် အိမ်နီးချင်းနိုင်ငံများမှ လေကြောင်းလိုင်းများကို ကောင်းစွာယှဉ်ပြိုင်နိုင်တော့မည်ဖြစ်ကြောင်း၊ ထို့အပြင် ပြီးခဲ့သည့် ဇွန် ၁၅ ရက်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိခဲ့သောပထမဦးဆုံးပျံသန်းပြေးဆွဲပေးမည့် လေယာဉ်အသစ်၏ဦးပိုင်းတွင် မြန်မာနိုင်ငံတော်အလံတံဆိပ်တပ်ထားသော အဆိုပါ ရန်ကုန်-စင်ကာပူခရီးစဉ်ကို လာမည့်အောက်တိုဘာ ၂၅ ရက်မှစတင်၍ နားရက်မရှိ နေ့စဉ်ပျံသန်းပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း မြန်မာအမျိုးသားလေကြောင်းလိုင်းမှ စုံစမ်းသိရသည်။ **(ဝ၄ဝ)**

---

ရန်ကုန်မြို့ ကမ်းနားလမ်းတွင် ယာဉ်ကြောကျပ်တည်း ရှုပ်ထွေးမှုကြောင့် လမ်းဘေးပလက်ဖောင်းပေါ်မှသွားနေသည့် အနေးယာဉ်တစ်စီးကို တွေ့ရစဉ်။ (ဇေယျာဝင်း)




---

### ❐ ရေတားတမံမှ

ထိုသို့ ဆောင်ရွက်လျက်ရှိစဉ် ထိုင်းနိုင်ငံ မယ်ဆိုင်မြို့ လယ်သမားများက ယင်းအတားအဆီးများကို ဖယ်ရှားလိုက်ပါက မယ်ဆိုင်မြို့ လယ်ယာစိုက်ခင်းများအတွက် ရေရရှိမှုလျော့နည်းသွားမည်ကို မကျေနပ်ခြင်းကြောင့် ကျေးလက်တောင်သူလယ်သမားအဖွဲ့ခေါင်းဆောင် နိုင်းပစစ်ပူဝမ်စူလင်း ဦးဆောင်သည့် ထိုင်းလယ်သမားအင်အား ၂၀၀ ခန့်သည် မယ်ဆိုင်မြို့ရှိ မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတား အမှတ်(၁)ထိပ် (ထိုင်းဘက်ခြမ်း)တွင် နံနက် ၈ နာရီ ၄၅ မိနစ်ခန့်က စတင် ဆန္ဒပြခဲ့သည်။ ဆန္ဒပြသူများက ၎င်းတို့၏အစီအစဉ်ဖြင့် နံနက် ၉ နာရီတွင် မြန်မာ-ထိုင်းချစ်ကြည်ရေးတံတားကို တစ်ဖက်သတ်ပိတ်လိုက်ကြသည့်အတွက် ယာဉ်သွားလာမှုများ ယာယီရပ်ဆိုင်းသွားခဲ့သည်။

ယင်းဖြစ်စဉ်နှင့်ပတ်သက်ပြီး တာချီလိတ်ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးတင်ဝင်းရွှေ၊ အတွင်းရေးမှူး ဦးကျော်စွာလွင် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် ထိုင်းနိုင်ငံ နယ်ခြားကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးကြီး ပါဖတ်ဖုလ်ဖူးဝမ်၊ မယ်ဆိုင်မြို့ပိုင် နိုင်းဆုမ်ချိုင်းရွှန်းဆာရုန်း ဦးဆောင်သည့် ထိုင်းကိုယ်စားလှယ်အဖွဲ့တို့သည် တာချီလိတ်မြို့ ရွှေနန်းတော်ကုန်တိုက်တွင် အရေးပေါ်ညှိနှိုင်းအစည်းအဝေးတစ်ရပ်ကျင်းပသည်။ နှစ်နိုင်ငံ သဘောတူညီချက်ကို လေးစားစွာလိုက်နာရေး၊ မယ်ဆိုင်ချောင်းရေကို နှစ်နိုင်ငံအညီအမျှ ခွဲဝေသုံးစွဲရေး၊ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု မထိခိုက်စေရေးတို့အတွက် ဆွေးနွေးညှိနှိုင်းခဲ့ပြီး မယ်ဆိုင်ချောင်းအတွင်းရှိ အဟန့်အတားများဖယ်ရှားမှုလုပ်ငန်းကို မယ်ဆိုင်မြို့ စိုက်ပျိုးရေးအတွက် ရေသွယ်မြောင်းအတွင်းရှိ နုန်းများဖယ်ရှားစဉ်အတွင်း ဇူလိုင် ၂၃ ရက်အထိ ယာယီရပ်ဆိုင်းထားရန် သဘောတူညီချက် ရရှိခဲ့သည်။ ဆန္ဒပြမှုကို နံနက် ၁၀ နာရီ မိနစ် ၂၀ တွင် ရုပ်သိမ်းပေးကာ အမှတ်(၁) မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတားကို နံနက် ၁၀ နာရီ ၂၅ မိနစ်တွင် ပြန်လည်ဖွင့်လှစ်ပြီး နှစ်နိုင်ငံကုန်သွယ်မှုလုပ်ငန်းများကို ပုံမှန်ပြန်လည်ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

**(မောင်ယဉ်ကျေး)**

# ရုရှားနိုင်ငံ ဆိုက်ဘေးရီးယားဒေသ အိုမက်စ်မြို့အနီးတွင် စစ်တန်းလျားပြိုကျ၊ လူ ၂၃ ဦးသေဆုံး



**မော်စကို ဇူလိုင် ၁၃**

ရုရှားနိုင်ငံ ဆိုက်ဘေးရီးယားဒေသ အိုမက်စ်မြို့အနီးတွင်ရှိသော လေးထပ်တိုက် စစ်တန်းလျားတစ်ခု၏ မျက်နှာစာဘက်ပိုင်း ပြိုကျခဲ့ရာ ရုရှားစစ်သား ၂၃ ဦး သေဆုံးပြီး ၁၉ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက ဆိုသည်။

အဆိုပါစစ်တန်းလျားသည် လေထီးစစ်သားများ လေ့ကျင့်ရေးဆင်းသည့် နေရာတစ်ခုဖြစ်သည်။ အဆောက်အအုံပြိုကျစဉ်က လေထီးစစ်သားပေါင်း ၃၀၀ ကျော်ရှိခဲ့သည်။ အပျက်အစီးများအကြား စစ်သား ၁၉ ယောက်ကို ပြန်လည် ကယ်ဆယ်နိုင်ခဲ့သည်။ စစ်သား ငါးဦးကို ယခုထိတိုင်မတွေ့ရသေးပေ။ ဒဏ်ရာရရှိထားသူများကို ဆေးရုံသို့ လေယာဉ်ဖြင့် ပို့ဆောင်ပေးခဲ့ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးကဆိုသည်။

စစ်တန်းလျား၏ အုတ်ခဲကျိုးအပိုင်းအစများကို ကယ်ဆယ်ရေးလုပ်သားများက ရှင်းလင်းရေးဆောင်ရွက်နေသည်ကို ရုပ်သံလိုင်းတစ်ခုက ထုတ်လွှင့်ပြသခဲ့သည်။

ယင်းစစ်တန်းလျားကို ၂၀၁၃ ခုနှစ်က ပြန်လည်မွမ်းမံပြင်ဆင်ခဲ့သည်။ ယခုပြိုကျမှုသည် အရည်အသွေးနိမ့်ပစ္စည်းများ သုံးစွဲထားခြင်းကြောင့်ဖြစ်ကြောင်း ထင်ကြေးပေးကြသည်။ ပြိုကျမှုနှင့်ပတ်သက်ပြီး စုံစမ်းစစ်ဆေးနေဆဲဖြစ်သည်။

ပြိုကျစဉ်က စစ်သားများမှာ အိပ်ပျော်နေခဲ့ကြောင်း ရုပ်သံလိုင်းကဆိုသည်။ သမ္မတ ဗလာဒီမာပူတင်က အဆိုပါစစ်တန်းလျားပြိုကျမှုတွင် သေဆုံးသွားခဲ့သည့် စစ်သည်များ၏ မိသားစုဝင်များကို ဝမ်းနည်းစကားဆိုပြီး ယင်းတို့အား ကူညီထောက်ပံ့မှုများပေးရန် ကာကွယ်ရေးဝန်ကြီးဌာနသို့ တိုက်တွန်းပြောကြားခဲ့သည်။ **ရိုက်တာ။**



# ဆီးရီးယားဒုက္ခသည်များအတွက် စာသင်ကျောင်းဖွင့်ပေးသည့် မာလာလာ

**ဒမတ်စကတ် ဇူလိုင် ၁၃**

ကမ္ဘာ့အသက်ငယ်ဆုံး ငြိမ်းချမ်းရေးနိုဘယ်လ်ဆုရှင် မာလာလာ ယူဆွစ်ဖ်ဇိုင်းသည် လက်ဘနွန်နိုင်ငံတွင် ဆီးရီးယားဒုက္ခသည်များအတွက် စာသင်ကျောင်းတစ်ကျောင်းဖွင့်လှစ်ပေးခြင်းဖြင့် ၎င်း၏ (၁၈) နှစ်မြောက်မွေးနေ့ကို ကျင်းပခဲ့သည်။ ဖွင့်ပွဲအခမ်းအနားကို လက်ဘနွန်နိုင်ငံအရှေ့ပိုင်း အဆိုပါစာသင်ကျောင်း၌ တနင်္ဂနွေနေ့က ကျင်းပခဲ့ခြင်းဖြစ်သည်။

အဆိုပါ ကျောင်းတည်ဆောက်ခြင်းကို မာလာလာ၏ အမျိုးသမီးများ ပညာသင်ကြားခွင့်ရရှိရေးလှုပ်ရှားမှုများကို ထောက်ခံအားပေးသူများ၏ ထောက်ပံ့ရန်ပုံငွေဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး အသက် (၁၄) နှစ်မှ (၁၈) နှစ်အတွင်းရှိ မိန်းကလေးများ ပညာသင်ကြားနိုင်ရန် ရည်ရွယ်ခြင်းဖြစ်သည်။

မာလာလာက ကျည်ဆန်များအစား စာအုပ်များဖြင့် ရင်းနှီးမြှုပ်နှံကြရန် ကမ္ဘာ့ခေါင်းဆောင်များကို ၎င်း၏ မိန့်ခွန်းတစ်ခုတွင် တောင်းဆိုခဲ့ဖူးသည်။ "ကမ္ဘာ့ငြိမ်းချမ်းရေးနဲ့ သာယာဝပြောရေးကို ကျည်ဆန်တွေက ဖော်ဆောင်မပေးနိုင်ပါဘူး။ စာအုပ်တွေကသာ ဖော်ဆောင်ပေးနိုင်မှာပါ"ဟု မာလာလာကပြောကြားသည်။

မိန်းကလေးငယ်များက စာသင်ကျောင်းပုံ မွေးနေ့ကိတ်ဖြင့် မာလာလာကို ကျေးဇူးတင်ကြောင်း ဖော်ပြခဲ့ကြသည်။ ဆီးရီးယားဒုက္ခသည်များ၏အခြေအနေသည် ဆယ်စုနှစ်များအတွင်း ကမ္ဘာ့အဆိုးရွားဆုံး ဒုက္ခသည်ပြဿနာများဖြင့် ရင်ဆိုင်နေရသည်ဟု မာလာလာကပြောကြားသည်။ ဆီးရီးယားကလေးငယ်များကို ထောက်ပံ့ရန်လည်း တောင်းဆိုခဲ့သည်။

လွန်ခဲ့သည့် သုံးနှစ်က မာလာလာအား ပါကစ္စတန်တာလီဘန်များက ကျောင်းတက်ပညာသင်ကြားမှုကို ကန့်ကွက်သည့်အနေဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြသည်။ လွန်ခဲ့သည့်နှစ်တွင် မာလာလာသည် ငြိမ်းချမ်းရေးနိုဘယ်လ်ဆု ချီးမြှင့်ခံခဲ့ရသည်။ **အင်န်အိတ်ချ်ကေ။**

# ကျူးဘား၏ စီးပွားရေးအလားအလာကောင်းမွန် ဥရောပနှင့် တရုတ်လုပ်ငန်းရှင်များကိုဆွဲဆောင်

**ဟာဗားနား ဇူလိုင် ၁၃**

ကျူးဘားနိုင်ငံ၌ ဈေးကွက်အခြေပြု စီးပွားရေးပြုပြင်ပြောင်းလဲရေး အစီအစဉ်များကို အကောင်အထည်ဖော်ခြင်းနှင့် အမေရိကန်ပြည်ထောင်စုနှင့် ဆက်ဆံရေး တိုးတက်လာခြင်းတို့ကြောင့် ဥရောပနှင့် တရုတ်နိုင်ငံတို့မှ စီးပွားရေးလုပ်ငန်းရှင်များက ယင်းနိုင်ငံ၌ ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ပြုလုပ်မည့် အလားအလာများကို တွေ့မြင်လာရကြောင်း ဆင်ဟွာသတင်းဌာနက ရေးသားဖော်ပြသည်။

စပိန်စက်မှုလုပ်ငန်း၊ စွမ်းအင်နှင့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းဝန်ကြီး ဟိုဆေးမင်နျူယယ်၊ အီတလီစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဒုတိယဝန်ကြီး ကာလိုကာလင်ဒါတို့ ဦးဆောင်သော စီးပွားရေးကိုယ်စားလှယ်အဖွဲ့များသည် လွန်ခဲ့သည့် ရက်သတ္တပတ်က ကျူးဘားနိုင်ငံသို့ ရောက်ရှိလာခဲ့ကြသည်။

ပြင်သစ်၊ ဗြိတိန်နှင့်နယ်သာလန်နိုင်ငံတို့မှ စီးပွားရေးကိုယ်စားလှယ်အဖွဲ့များသည်လည်း မကြာသေးမီက ကျူးဘားသို့ ရောက်ရှိလာခဲ့ကြပြီး စီးပွားရေးဆိုင်ရာဆွေးနွေးမှုများကို ပြုလုပ်ခဲ့ကြသည်။

ကျူးဘားသမ္မတ ရာအူးလ်ကက်စထရို အကောင်အထည်ဖော်နေသည့် စီးပွားရေးပြုပြင်ပြောင်းလဲရေး အစီအစဉ်များသည် လမ်းကြောင်းအမှန်ပေါ် ရောက်ရှိနေပြီဖြစ်ကြောင်း စပိန်ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်ဝန်ကြီး ဆိုရီယာက ပြောကြားသည်။

သမ္မတ ရာအူးလ်သည် ၂၀၀၈ခုနှစ်တွင် အာဏာရရှိခဲ့ပြီးနောက် အမျိုးသားစီးပွားရေး ပြုပြင်ပြောင်းလဲရေး အစီအစဉ်များကို ထုတ်ပြန်ကြေညာခဲ့သည်။

ကျူးဘားဝန်ကြီးအဖွဲ့သည် ပုဂ္ဂလိကကဏ္ဍလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် တိုးချဲ့ဆောင်ရွက်သွားရန် ဇွန်လက သဘောတူညီခဲ့သည်။

ကျူးဘားနိုင်ငံသည် ယင်း၏ ပထဝီဝင်အနေအထားအရ လက်တင်အမေရိကဈေးကွက်တိုးချဲ့ရေးအတွက် အရေးပါသောနေရာတွင် ရပ်တည်နေပြီး စီးပွားရေးဆိုင်ရာအခွင့်အလမ်းများနှင့် အလားအလာများ ကောင်းမွန်နေကြောင်း ကျူးဘားနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး ကျန်တုအိုက ပြောကြားသည်။ **ဆင်ဟွာ။**

# တရုတ်နိုင်ငံဒေသအချို့၌ အပူလှိုင်းကျရောက်မှုဖြစ်ပွား

**ပေကျင်း ဇူလိုင် ၁၃**

တရုတ်နိုင်ငံဒေသအချို့၌ အပူလှိုင်းကျရောက်မှုဖြစ်ပွားလျက်ရှိကြောင်း ပေကျင်းမိုးလေဝသဗျူရိုက ဇူလိုင် ၁၃ရက်တွင် ပြောကြားသည်။

တရုတ်နိုင်ငံသည် နွေဥတုလယ်ကာလသို့ ဝင်ရောက်လာချိန်တွင် မြို့တော်ပေကျင်း၌ ယခုနှစ်၏အမြင့်ဆုံး အပူချိန်အမှတ်အထိ ဇူလိုင် ၁၃ ရက်က ရောက်ရှိခဲ့ကြောင်း၊ မွန်းလွဲ ၂နာရီ တိုင်းထွာချက်အရ ပေကျင်းဒေသအများစု၏ အပူချိန်သည် ၃၇ နှင့် ၃၉ ဒီဂရီဆဲလ်စီးယပ်စ်အကြား အထိ ရောက်ရှိခဲ့ကြောင်း၊ မြို့လယ်ဒေသအချို့တွင် အပူချိန် ၄၂ ဒီဂရီဆဲလ်စီးယပ်စ်အထိ မြင့်တက်ခဲ့ကြောင်း မိုးလေဝသဗျူရိုက ပြောကြားသည်။

မြို့တော်ပေကျင်း၌ ဇူလိုင် ၁၁ ရက်မှစ၍ အပူလှိုင်းကျရောက်ခဲ့ပြီး သုံးရက်ဆက်တိုက် ၃၅ဒီဂရီ ဆဲလ်စီးယပ်စ်အထိ အပူချိန်မြင့်တက်ခဲ့သည်။

ဇူလိုင် ၁၄ရက်တွင် မိုးကြိုးမုန်တိုင်းများဖြစ်ပေါ်လာနိုင်ပြီး အပူချိန်ကျဆင်းဖွယ်ရှိကြောင်း မိုးလေဝသဗျူရိုက ပြောကြားသည်။ **ဆင်ဟွာ။**



# သီရိလင်္ကာပါလီမန်ရွေးကောက်ပွဲအတွက် အာဏာရပါတီ နိုင်ငံရေးမဟာမိတ်ဖွဲ့စည်း

**ကိုလံဘို ဇူလိုင် ၁၃**

လာမည့်လတွင် ကျင်းပရန် စီစဉ်ထားသော ပါလီမန်ရွေးကောက်ပွဲ၌ ပါဝင်ယှဉ်ပြိုင်နိုင်ရန် သီရိလင်္ကာအာဏာရပါတီဖြစ်သည့် ညီညွတ်သောအမျိုးသားပါတီ (ယူအင်န်ပီ)က ယင်း၏ ညွန့်ပေါင်းမဟာမိတ်များနှင့်လက်မှတ်ရေးထိုးလိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဇူလိုင် ၁၃ရက်တွင် သတင်းထုတ်ပြန်သည်။

အာဏာရပါတီသည် နိုင်ငံရေးမဟာမိတ်အဖွဲ့အဖြစ် ကောင်းမွန်သော အုပ်ချုပ်ရေးအမျိုးသားတပ်ဦးကို ဖွဲ့စည်းလိုက်သည်။ ယူအင်န်ပီပါတီခေါင်းဆောင်နှင့် ဝန်ကြီးချုပ် ရာနီလ်ဝီကရီဆင်းဟာ၊ ယူအင်န်ပီဥက္ကဋ္ဌ မာလစ်ဆမ်မာရာဒီကရင်နှင့် ပါတီအတွင်းရေးမှူးချုပ် ကဘီးဟာရှင်တို့က မဟာမိတ်ဖွဲ့စည်းရေး သဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။

အဆိုပါသဘောတူညီချက်တွင် အမျိုးသားအမွေအနှစ်ပါတီမှ ကိုယ်စားလှယ်များ၊ အတိုက်အခံ သီရိလင်္ကာလွတ်မြောက်ရေး ခွဲထွက်အုပ်စုမှ အဖွဲ့ဝင်များ ပါဝင်လက်မှတ်ရေးထိုးကြသည်။ဩဂုတ် ၁၇ရက်တွင် ပါလီမန်ရွေးကောက်ပွဲကို ကျင်းပမည်ဖြစ်သည်။ **ဆင်ဟွာ။**

# အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည်

## သင်ရရှိသည့်အခွင့်အရေးကို လက်လွှတ်မခံပါနှင့် မဲပေးနိုင်ရန် မဲစာရင်းကြေညာသည့်အခါ သွားရောက်ကြည့်ရှုပါ။

## ၂၀၁၅ ခုနှစ်၊ အထွေထွေရွေးကောက်ပွဲ လွှတ်တော်အသီးသီး၏ မဲဆန္ဒနယ်များအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်းများ အမည်စာရင်းတင်သွင်းနိုင်ကြောင်း အသိပေးကြေညာခြင်း

**၂၀၁၅ ခုနှစ်၊ ဇူလိုင် ၁၃ ရက်**

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေ ၁၆ အရ လွှတ်တော်အသီးသီး၏ မဲဆန္ဒနယ်များအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်းများ အမည်စာရင်းတင်သွင်းခြင်း၊ စိစစ်ခြင်း၊ ရုပ်သိမ်းခြင်းတို့နှင့် စပ်လျဉ်းသည့်နေ့ရက်များကို ၈-၇-၂၀၁၅ ရက်စွဲပါ ကြေညာချက်အမှတ် (၂၉/၂၀၁၅)ဖြင့် ထုတ်ပြန်ကြေညာပြီးဖြစ်ပါသည်။

၂။ သက်ဆိုင်ရာ လွှတ်တော်မဲဆန္ဒနယ်မြေအလိုက် လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ဝင်ရောက်ယှဉ်ပြိုင်လိုသူ (မသန်စွမ်းသူများအပါအဝင်) တစ်ဦးသည် သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ ၂၂ နှင့် နည်းဥပဒေ ၁၈ တို့အရ မိမိတို့ဝင်ရောက်ယှဉ်ပြိုင်လိုသည့် မဲဆန္ဒနယ်နှင့် သက်ဆိုင်သည့် နေပြည်တော်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသ သို့မဟုတ် ခရိုင်ကော်မရှင်အဖွဲ့ခွဲထံတွင် (၂၀-၇-၂၀၁၅) ရက်မှ (၈-၈-၂၀၁၅)ရက်အတွင်း နည်းဥပဒေပါ ပုံစံ(၆) မူရင်းနှစ်စောင်ဖြင့် အမည်စာရင်းတင်သွင်းနိုင်ပါသည်။ တိုင်းရင်းသားလူမျိုး မဲဆန္ဒနယ်အတွက်ဖြစ်ပါက သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲထံတွင် တင်သွင်းရပါမည်။

၃။ ယင်းသို့အမည်စာရင်းတင်သွင်းရာတွင် နည်းဥပဒေ ၁၉ အရ လွှတ်တော်ကိုယ်စားလှယ်လောင်းကိုယ်တိုင်ဖြစ်စေ၊ ယင်း၏ရွေးကောက်ပွဲကိုယ်စားလှယ်ကဖြစ်စေ အမည်စာရင်းတင်သွင်းမှုပြုနိုင်ပါသည်။ အမည်စာရင်းတင်သွင်းလွှာနှင့်အတူ ရွေးကောက်ပွဲဝင်ခွင့်အာမခံငွေ ကျပ်သုံးသိန်းကို မိမိအမည်စာရင်းတင်သွင်းရမည့် ကော်မရှင်အဖွဲ့ခွဲရုံးစိုက်ရာ မြန်မာ့စီးပွားရေးဘဏ်ခွဲတွင် ပေးသွင်းပြီးကြောင်း "ချလန်မူရင်း"ကို ပူးတွဲတင်သွင်းရပါမည်။ ငွေပေးသွင်းရမည့် ငွေစာရင်းခေါင်းစဉ်အမှတ်မှာ မိမိအမည်စာရင်းတင်သွင်းမည့် ကော်မရှင်အဖွဲ့ခွဲ၏ ငွေစာရင်းခေါင်းစဉ်အမှတ် ဖြစ်ပါသည်။ ထို့ပြင် အမည်စာရင်းတင်သွင်းလွှာ ပုံစံ(၆) တွင် မြို့နယ်တရားသူကြီး အဆင့်ထက် မနိမ့်သော တရားသူကြီးတစ်ဦးဦးရှေ့မှောက်တွင် လွှတ်တော်ကိုယ်စားလှယ်လောင်းက လက်မှတ်ရေးထိုးထားသည့် လက်မှတ်မှန်ကန်ကြောင်း သက်သေခံစာ ပါရှိရမည်ဖြစ်ပါသည်။ တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်လောင်းများအနေဖြင့် မိမိတို့အသုံးပြုလိုသည့်သင်္ကေတ(Logo)ကိုပါ CD ဖြင့်ကူး၍ အမည်စာရင်းတင်သွင်းလွှာနှင့်အတူ ပူးတွဲပေးပို့ရန် ဖြစ်ပါသည်။

၄။ အမည်စာရင်းတင်သွင်းမည့် လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးသည် သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၂၉ နှင့် နည်းဥပဒေ ၂၂ တို့အရ မိမိကိုယ်ကိုဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ်လောင်း အရည်အချင်းကိုက်ညီသည့် အခြားသူတစ်ဦးဦးကိုဖြစ်စေ မိမိ၏ရွေးကောက်ပွဲကိုယ်စားလှယ်အဖြစ် ခန့်ထားခွင့်ရှိပါသည်။ ထို့ကြောင့်လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် အမည်စာရင်းတင်သွင်းချိန်တွင် ယင်း၏ ရွေးကောက်ပွဲကိုယ်စားလှယ်ခန့်စာ ပုံစံ(၇) သို့မဟုတ် ပုံစံ(၇-က) နှစ်စောင်ကို ပူးတွဲတင်သွင်းရန် ဖြစ်ပါသည်။

၅။ သက်ဆိုင်ရာရွေးကောက်ပွဲဥပဒေ ပုဒ်မ ၂၃ နှင့်နည်းဥပဒေ ၁၈(ခ) တို့အရ လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးသည် မဲဆန္ဒနယ်တစ်နယ်ထက်ပို၍ တစ်ပြိုင်တည်း အမည်စာရင်းတင်သွင်းခွင့်မရှိကြောင်းနှင့် ပုဒ်မ ၂၈၊ နည်းဥပဒေ ၃၃ တို့အရ လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် အမည်စာရင်းတင်သွင်းလွှာကို မိမိဆန္ဒအလျောက် ပြန်လည်ရုပ်သိမ်းလိုလျှင် (၉-၈-၂၀၁၅) ရက်မှ (၁၁-၈-၂၀၁၅) ရက်အတွင်းသာ ရုပ်သိမ်းခွင့်ရှိကြောင်း သတိပြုရန်ဖြစ်ပါသည်။

၆။ လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းလွှာများကို လက်ခံထားသော သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲအသီးသီးသည် (၁၂-၈-၂၀၁၅) ရက်မှ(၂၁-၈-၂၀၁၅) ရက်အတွင်း ပုံစံ(၅)ဖြင့် သတ်မှတ်ကြေညာထားသည့် နေ့ရက်များအလိုက် သက်ဆိုင်ရာရွေးကောက်ပွဲဥပဒေ ပုဒ်မ ၂၄၊၂၅၊၂၆ နှင့် နည်းဥပဒေ ၂၆၊၂၇၊၂၈၊၂၉၊၃၀၊၃၁ တို့နှင့်အညီ အမည်စာရင်းတင်သွင်းလွှာများကို စိစစ်ဆောင်ရွက်ကြမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## ကျေးလက်ဒေသတွင် ကလေးများ မိုလ်ဘိုင်းဖုန်း အသုံးပြုလာ

**တပ်ကုန်း ဇူလိုင် ၁၃**

ခေတ်မီဖွံ့ဖြိုးတိုးတက်လာသော ခေတ်တွင် ကျေးလက်ဒေသအထိ နိုင်ငံတော်၏စေတနာနှင့် နည်းပညာ စွမ်းအားကြောင့် သတင်းအချက်အလက်လျင်မြန်စွာပျံ့နှံ့လာခဲ့သည်။



လက်ကိုင်ဖုန်းများ အိမ်တိုင်းတွင် အသုံးပြုလာခဲ့သလို တီဗွီ၊ရေဒီယို၊ DVB-T2စက်များကို အသုံးပြုလာခဲ့သည်။ အသံလွှင့်ဌာနများစွာ ပေါ်ထွက်လာမှုဖြင့် ပြည်သူများ အသိဉာဏ် တိုးပွားရေးအတွက် အခွင့်အလမ်းများစွာ ရရှိလာခဲ့သည်။

လက်ရှိကာလ ကျေးလက်ဒေသများတွင် လျှပ်စစ်မီးရရှိရန် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ အချို့ဒေသများတွင် ဆိုလာစွမ်းအင်ဖြင့် လျှပ်စစ်မီး ရရှိအောင် စွမ်းဆောင်လေ့ရှိသည်။ နေရောင်ခြည်သုံး ဆိုလာစွမ်းအားများသည် ပြည်သူများအကြား တွင်ကျယ်စွာအသုံးပြုလာပြီး တိုးတက်မှုများပြားလာခဲ့သည်။ အသက်ကြီးသူများကလည်း ရေဒီယို၊တီဗွီများဖြင့် တရားခွေများကို နာယူနေကြသလို ကလေးငယ်များကလည်း ဖုန်းဟန်းဆက်များဖြင့် ကာတွန်းပညာပေး အစီအစဉ်များ ကြည့်ရှုနေသည်ကို တွေ့မြင်ရသည်။**(ဝဲပုံ)**

**တင်စိုးလွင်(ပြန်/ဆက်)**

## နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့်များ လာရောက်လျှောက်ထားလျက်ရှိ

**နေပြည်တော် ဇူလိုင် ၁၃**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့်လျှောက်ထားချက်များကိုစိစစ်ခွင့်ပြုပေးလျက်ရှိရာ ၂၀၁၅ ခုနှစ် ဇူလိုင်လ ၁၃ ရက်နေ့တွင် **ပြည်ထောင်စုတောင်သူလယ်သမားအင်အားစုပါတီ**က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့် လာရောက်လျှောက်ထားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ နန်းတော်ရာရပ်ကွက် နန်းတော်ကုန်း (၁) လမ်း အမှတ် (၄၇၈) တွင် ပါတီရုံးချုပ်တည်ရှိသော **ပြည်ထောင်စုတောင်သူလယ်သမားအင်အားစုပါတီ**က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၅ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၁၃-၇-၂၀၁၅ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့်တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄(ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

**ပြည်ထောင်စုတောင်သူလယ်သမားအင်အားစုပါတီ၏ အလံပုံစံ**




**ပြည်ထောင်စုတောင်သူလယ်သမားအင်အားစုပါတီ၏ တံဆိပ်ပုံစံ**




**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## မြန်မာစာဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြု

**ရန်ကုန် ဇူလိုင် ၁၃**

ရန်ကုန်အနောက်ပိုင်းခရိုင် ဗဟန်းမြို့နယ် စာရေးဆရာအသင်းမှ ၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် မြန်မာစာဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားကို ဇူလိုင် ၅ ရက် နံနက် ၉ နာရီက အထက(၁)ဗဟန်း၌ ကျင်းပရာ မြို့နယ်စာရေးဆရာအသင်း နာယက မဟာသဒ္ဓမ္မ ဇောတိကဓဇ စည်သူဒေါက်တာခင်မောင်ညွန့်နှင့် ဥက္ကဋ္ဌ ဦးကိုကိုလေး (ရန်ကင်းကိုကိုလေး)တို့က အမှာစကားပြောကြားသည်။

ထို့နောက် စာရေးဆရာအသင်းဝင်များအား ရင်ထိုးတံဆိပ်များ ဂုဏ်ပြုတပ်ဆင်ပေးခြင်း၊ အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခြင်း၊ မြန်မာစာဂုဏ်ထူးရ ကျောင်းသား ကျောင်းသူ ၁၂၃ ဦးတို့အား ဂုဏ်ပြုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သန္တာမေ(ပြန်/ဆက်)**

## သီလဝါအထူးစီးပွားရေးဇုန်ကြောင့် ရွှေ့ပြောင်းသွားရသူများကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က နစ်နာကြေးပေးဆောင်

ရန်ကုန် ဇူလိုင် ၁၃

သီလဝါအထူးစီးပွားရေးဇုန်ကြောင့် ပြောင်းရွှေ့ရသူရှစ်ဦးကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က ဇူလိုင် ၁၀ ရက်တွင် လျော်ကြေးများပေးအပ်ခဲ့ရာ မြေကွက်အမှတ်(၂၅)နှင့်(၂၆)အတွက် တစ်ဧကလျှင် ၆၇ သိန်းနှုန်းဖြင့် စုစုပေါင်းငွေကျပ် ၄၂ ဒသမ ၂၁ သန်းရရှိခဲ့ကြကြောင်း အဆိုပါဒေသခံများက ပြောကြားသည်။

ဒေသခံတောင်သူဦးဇော်ဝင်းက ၎င်း၏လယ်မြေနှစ်ဧကအတွက် ကျပ် ၁၃၄ သိန်းရရှိ၍ ကျေနပ်ကြောင်း ပြောကြားသည်။ ဒေသခံများ နစ်နာကြေးရရှိရေးအကျိုးဆောင်ပေးသူ ဦးစိုးမောင်က ကနဦးလျော်ကြေးပေးအပ်စဉ်က ကုမ္ပဏီများအနေဖြင့် မြေအတွက် ကျပ်သိန်း ၇၀ သာပေးပြီး ၄ှားရမ်းခအဖြစ် ကျပ်တစ်သိန်းပေးကြောင်း၊ ယင်းပမာဏမှာနည်းပါးသဖြင့် ယခုလိုထပ်မံရရှိအောင် တောင်းဆိုရခြင်းဖြစ်ကြောင်း၊ ဒေသခံတောင်သူများအနေဖြင့် ငွေပိုရလျှင် ၎င်းတို့အနာဂတ်အတွက် ပို၍ကောင်းကြောင်း ပြောကြားသည်။

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်အနေဖြင့် မြေကွက်အမှတ်(၂၂၊ ၂၃ နှင့် ၂၄)တို့ကိုမူ လျော်ကြေးမပေးသေးဟုသိရသည်။

သီလဝါအထူးစီးပွားရေးဇုန်စီမံကိန်းပထမအဆင့်တွင် မြေဟက်တာ ၄၀၀ ပါဝင်ပြီး ယင်းအနက် မြေဟက်တာ ၁၈၉ ပါစီမံကိန်းကို စက်တင်ဘာလတွင် စတင်အကောင်အထည်ဖော်မည်ဖြစ်သည်။ အဆိုပါစီမံကိန်းကြီးကို မြန်မာက ၅၁ ရာခိုင်နှုန်းပိုင်ဆိုင်ပြီး ဂျပန်က ၄၉ ရာခိုင်နှုန်းပိုင်ဆိုင်ကြောင်း သိရသည်။

(ကျော်သဲအိမ်)

## တရားမဝင်အေးခဲကြက်သားများ စားသုံးမိပါက ကျန်းမာရေးကိုထိခိုက်လာနိုင်

မန္တလေး ဇူလိုင် ၁၃

မန္တလေးမြို့တွင်းသို့ တရားမဝင်အေးခဲကြက်သားများဝင်ရောက်နေမှုများသည် စားသုံးသူပြည်သူများ၏ ကျန်းမာရေးကို ထိခိုက်မှုရှိနိုင်သောကြောင့်မြန်မာနိုင်ငံအစားအသောက်နှင့် ဆေးဝါးကွပ်ကဲမှုဦးစီးဌာနနှင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတို့၏ အဆင့်ဆင့်စစ်ဆေးအတည်ပြုချက်ရယူပြီး တရားဝင်လိုင်စင်ရမှသာ တင်သွင်း ရောင်းချခွင့်ရှိကြောင်း မန္တလေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

အဆိုပါအေးခဲကြက်သားများသည် မလိုလားအပ်သော ကြာရှည်ခံဓာတုဗေဒဆေးဝါးများ သုံးစွဲထားခြင်းနှင့် သက်တမ်းကြာရှည်နေသော အသားများကို မပုပ်မသိုးအောင် ဓာတုဆေးဝါးများ ထည့်သွင်းအသုံးပြုထားခြင်းကြောင့် စားသုံးမိပါက အသည်း၊ ကျောက်ကပ်နှင့် ကင်ဆာရောဂါများ ဖြစ်ပွားနိုင်ကြောင်း တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးမှူး ဒေါက်တာဝင်းနိုင်က ပြောသည်။

"ရောင်းချတဲ့ ဆိုင်တွေအနေနဲ့လည်း စားသုံးသူပြည်သူတွေ မြင်သာအောင် မှတ်ပုံတင်ထားတဲ့ အေးခဲကြက်သားဖြစ်ကြောင်း၊ စနစ်တကျစစ်ဆေးခံပြီးမှ ရောင်းချခြင်းဖြစ်တယ်ဆိုတဲ့ အကြောင်းတွေကို တရားဝင်လိုင်စင်တွေ ဆိုင်မှာပြသထားပြီး ရောင်းချသင့်ပါတယ်။ နိုင်ငံတကာမှာလည်း ဒီလိုချိတ်ဆွဲပြသပြီး ရောင်းချနေကြတာပါပဲ။ ဒီလိုမျိုးပြသရောင်းချမှုမရှိဘူးဆိုရင်တော့ တရားမဝင်ပစ္စည်းအနေနဲ့ သတ်မှတ်ပြီး သတိပေးခြင်း၊ အရေးယူခြင်းတွေ ခံရနိုင်သလို ပြည်သူတွေ ကျန်းမာရေးအတွက်လည်း စိုးရိမ်စရာပေါ့ဗျာ"ဟု ၎င်းကပြောကြားသည်။

"ကြက်မွေးမြူရေး လုပ်ငန်းဟာ မြန်မာနိုင်ငံရဲ့ Value Added Industry Of Agriculture ဖြစ်သလို နှစ်စဉ်မွေးမြူတဲ့နှုန်းတွေကလည်း ဖွံ့ဖြိုးတိုးတက်လာနေတယ်။ အသားစားကြက် မွေးမြူရေးလုပ်ငန်းတစ်ခုတည်းရဲ့ လည်ပတ်ငွေက ၄ ဘီလီယံရှိတယ်။ ပြည်ပကနေအခုလို အေးခဲကြက်သားတွေမပြတ်ဝင်ရောက်လာမယ်ဆိုရင်တော့ တိုးတက်နေတဲ့ စီးပွားရေးမျှခြေပျက်စီးပြီး ဈေးကွက် ဆုတ်ယုတ်သွားနိုင်တယ်။ ဒါကြောင့်အဘက်ဘက်ကကြည့်ရင် အကောင်းဘက်ကို မရောက်နိုင်တဲ့ ဒီအေးခဲကြက်သားတွေ ဝင်ရောက်လာမှုကို တားဆီးသင့်ပါတယ်" ဟု မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် ကြက်သားမွေးမြူထုတ်လုပ် ရောင်းချသူများအသင်း (မန္တလေးတိုင်းဒေသကြီး) ဥက္ကဋ္ဌ ဒေါက်တာကျော်ထင်က ဆက်လက်ပြောကြားသည်။

မန္တလေးမြို့တွင်းသို့ အေးခဲကြက်သားများ နေ့စဉ်ဝင်ရောက်လျက်ရှိပြီး အဆိုပါ အေးခဲကြက်သားများသည် ကုန်သွယ်ရေးဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနတို့မှ တရားဝင်ခွင့်ပြုထားခြင်း မရှိသည့်အပြင် စားသုံးရန်သက်တမ်းရက်စွဲမပါရှိခြင်း၊ မည်သည့်နေရာ မည်သည့်အခြေအနေမှလာသည်ကို မသိရှိရခြင်းတို့ကြောင့် စားသုံးသူများ၏ ကျန်းမာရေးအတွက် အန္တရာယ်ဖြစ်စေနိုင်သည်။

တရားမဝင် ဝင်ရောက်လျက်ရှိသော အေးခဲကြက်သားများအား တားဆီးနိုင်ရန်အတွက်သက်ဆိုင်ရာမှ နယ်စပ်ဂိတ်များတွင် စစ်ဆေးခြင်း၊ မိုဘိုင်းတင်းများဖြင့် စစ်ဆေးခြင်းပြုလုပ်လျက်ရှိသည့်အပြင် ပြည်သူများကလည်း ပူးပေါင်းကူညီ သတင်းပေးခြင်းဖြင့်ဆောင်ရွက်ရန်လိုအပ်ကြောင်း သိရသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)

## ဒေသခံပြည်သူများ ကျန်းမာရေးအတွက် အားတက်

ညောင်ဦး ဇူလိုင် ၁၃

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ချောင်းရှည်ကျေးရွာအုပ်စုတွင် "ကာယ စိတ္တ သုခ" ဆေးခန်းအဆောက်အအုံကို ဇူလိုင် ၉ ရက် နံနက် ၉ နာရီခွဲက ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဆေးခန်း၏ ကုန်ကျငွေစုစုပေါင်းမှာ ၁၀ သိန်းခန့်ဖြစ်ပြီး အလျား ၁၅ ပေ၊ အနံ ၁၂ ပေ၊ အမြင့် ၁၀ ပေရှိ ထရံကာ၊ သွပ်မိုးအဆောက်အအုံဖြစ်သည်။ ဆေးခန်း၏ မြေနေရာနှင့် အဆောက်အအုံအား ၎င်းကျေးရွာမှ ဦးအောင်စိုး-ဒေါ်စိုးစိုးမိသားစုက ပရဟိတဒါနပြုလှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။



"အရင်က သုံးမိုင်လောက်ဝေးတဲ့ တောင်းဇင်းတိုက်နယ်ဆေးရုံကို သွားပြရတယ်။ ဒါမှမဟုတ် ၁၉ မိုင်လောက်ဝေးတဲ့ ညောင်ဦးဆေးရုံ၊ ဆေးခန်းတွေကို သွားပြရတယ်။ ဒီဆေးခန်းလေး ဖွင့်ပေးလိုက်လို့ အတော်အတန်ရောဂါတွေကို ဒီမှာပဲ ကုသလို့ရသွားမယ်။ သွားရေးလာရေး အခက်အခဲမရှိတော့ဘူး။ တချို့လူနာတွေဆို တစ်နေ့လုပ်မှ တစ်နေ့စားတွေဖြစ်တဲ့အတွက် မြို့က ဆေးရုံ၊ ဆေးခန်းတွေ သွားပြမယ်ဆိုရင် နေ့တစ်ပိုင်းလောက် အချိန်တွေကုန်တယ်။ အဓိကကတော့ သက်ကြီးရွယ်အိုတွေ အတွက်ပါ။ သက်ကြီးရွယ်အိုတွေအနေနဲ့ မြို့က ဆေးရုံ၊ ဆေးခန်းတွေကို သွားပြဖို့ ဆိုင်ကယ်နဲ့သွားရတာ သိပ်ပြီးအဆင်မပြေလှဘူး။ ပြီးတော့ ဒီရွာမှာရှိတဲ့ ဒေသခံတွေပဲ အဆင်ပြေသွားတာ မဟုတ်ပါဘူး။ အနီးဝန်းကျင်က ကျေးရွာပေါင်း ငါးရွာ၊ ခြောက်ရွာမှာရှိတဲ့ ဒေသခံတွေလည်း လာရောက်ကုသဖို့ အဆင်ပြေသွားမယ်"ဟု ယင်းဆေးခန်းအား ပရဟိတအလှူဒါနဖြင့် လှူဒါန်းထားသော ဦးအောင်စိုးက ရှင်းပြသည်။

ယင်းဆေးခန်း၌ အထွေထွေရောဂါကု ဆရာဝန်ကြီးတစ်ဦးက ကုသပေးလျက်ရှိကာ အပတ်စဉ် တနင်္ဂနွေနှင့် ကြာသပတေးနေ့တိုင်း နံနက် ၈ နာရီမှ ၁၁ နာရီအထိ လာရောက် ကုသနိုင်ကြောင်း သိရသည်။ စတင်ဖွင့်လှစ်သည့်နေ့မှာပင် လူနာ အယောက် ၃၀ လာရောက်ကုသမှုခံယူကြောင်း သိရသည်။

ကျေးရွာတိုင်း ယခုကဲ့သို့ ဆေးခန်းများထားရှိမည်ဆိုပါက ဒေသခံပြည်သူများအနေဖြင့် ကျန်းမာရေးအတွက် အားတက်ဖွယ်ရာ ဖြစ်လာမည်မှာ အမှန်ပင်ဖြစ်သည်။

သန်းတင်အောင်

## ဇူလိုင် ၁၃ ရက် (တနင်္လာနေ့) ဈေးပိတ်ချိန် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

| စဉ် | အမျိုးအစား | ထွက်ရှိရာဒေသ | ယူနစ် | ဈေးကွက် | ဈေးနှုန်းကျပ်ပျမ်းမျှ အနိမ့်ဆုံးမှအမြင့်ဆုံး |
|---|---|---|---|---|---|
| ၁ | ပေါ်ဆန်း(ဆန်) | နယ်စုံ(ဖျာပုံ၊ ဒေးဒရဲ၊ မြောင်းမြ ပုသိမ်၊ ရွှေဘို) | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၃၃၀၀၀ မှ ၄၅၀၀၀ |
| ၂ | ဧည့်မထ/ဧည့်မထ(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၇၀၀၀ မှ ၂၁၅၀၀ |
| ၃ | ငစိန်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၇၃၀၀ မှ ၁၈၅၀၀ |
| ၄ | မြိုးဒုံး(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၆၅၀၀ မှ ၂၈၀၀၀ |
| ၅ | ဆင်းသွယ်လတ်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၂၀၀၀ မှ ၂၂၅၀၀ |
| ၆ | ကောက်ညှင်း(ဆန်) | ဘိုကလေး | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၈၅၀၀ မှ ၂၃၀၀၀ |
| ၇ | မတ်ပဲ (FAQ)(ပဲ) | | တစ်တန် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၃၇၂၀၀၀ |
| ၈ | ပဲတီစိမ်း(ပဲ) | နယ်စုံ(ပခုက္ကူ၊ရွှေဝါ၊ ဝါးခယ်မ) | တစ်အိတ် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၁၅၀၀၀ မှ ၁၄၀၀၀၀ |
| ၉ | စွန်တာ (ပဲ) | | တစ်အိတ် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၅၁၀၀၀ မှ ၅၂၀၀၀ |
| ၁၀ | ထောပတ်(ပဲ) | | တစ်အိတ် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၄၅၀၀၀ မှ ၅၅၀၀၀ |
| ၁၁ | ပဲကြီး(ပဲ) | ကုန်း၊ ရွှေကျွန်း | တစ်အိတ် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၆၈၀၀၀ မှ ၈၅၀၀၀ |
| ၁၂ | ပြောင်းဆန် | | တစ်အိတ် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၈၅၀၀ |
| ၁၃ | ပဲလွမ်းဖြူ (ပဲ) | ပဲခူး၊ မင်းလှ၊ မြစ်ဝကျွန်းပေါ် | တစ်အိတ် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၇၃၀၀၀ မှ ၈၀၀၀၀ |
| ၁၄ | ဗိုလ်ကိတ်(ပဲ) | | တစ်အိတ် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၅၂၀၀၀ မှ ၅၄၀၀၀ |
| ၁၅ | နှမ်းနက် စမုံ(နှမ်း) | | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၁၉၀၀၀၀ မှ ၁၉၈၀၀၀ |
| ၁၆ | နှမ်းညို(နှမ်း) | | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၈၃၀၀၀ မှ ၈၄၀၀၀ |
| ၁၇ | ပန်းနှမ်း(နှမ်း) | | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၁၀၀၀၀၀ |
| ၁၈ | နှမ်းဖြူ(နှမ်း) | | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၉၅၀၀၀ မှ ၁၀၅၀၀၀ |
| ၁၉ | ကြက်သွန်နီ | ဆိပ်ဖြူ၊ မြစ်သား၊ မိတ္ထီလာ၊ မြင်းခြံ | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၅၀၀ မှ ၈၇၅ |
| ၂၀ | ကြက်သွန်ဖြူ | ကြူကုတ် | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၉၆၀ မှ ၂၀၀၀ |
| ၂၁ | ကြက်သွန်ဖြူ | အောင်ပန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၉၅၀ မှ ၂၅၅၀ |
| ၂၂ | ပဲပုပ်(ရှမ်း) | | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၄၀၀၀၀ မှ ၄၈၀၀၀ |
| ၂၃ | ပဲပုပ်(ဗမာ) | | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၄၉၅၀၀ မှ ၅၀၀၀၀ |
| ၂၄ | အာလူး | ဟဲဟိုး၊ အောင်ပန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၅၉၀ မှ ၇၅၀ |
| ၂၅ | မာလကာသီး | | တစ်လုံး | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၁၆၀ မှ ၃၃၀ |
| ၂၆ | ကျွဲကောသီး | မော်လမြိုင် | တစ်လုံး | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၈၀၀ မှ ၂၈၀၀ |
| ၂၇ | ဖရဲသီး | | တစ်လုံး | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၁၅၀၀ မှ ၃၀၀၀ |
| ၂၈ | သရက်သီး(ရင်ကွဲ) | | တစ်တောင်း | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၁၁၀၀၀ မှ ၁၈၀၀၀ |
| ၂၉ | သရက်သီး(စိန်တလုံး) | | တစ်ဖာ | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၁၂၀၀၀ မှ ၁၉၀၀၀ |
| ၃၀ | နဂါးမောက်သီး | | တစ်ခြင်း | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၁၂၀၀၀ မှ ၁၆၀၀၀ |
| | လယ်ယာစိုက်ပျိုးရေးနှင့် ဈေးကွက်သတင်းအချက်အလက်အဖွဲ့(AMIT)မှ ပေးပို့သည်။ | | | | |

## မြောက်ပိုင်းဒေသများတွင် မိုးပိုလာမည်

နေပြည်တော် ဇူလိုင် ၁၃

**ယနေ့နံနက် ၉ နာရီခွဲအချိန်အထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄ နာရီအတွင်းက ဧရာဝတီတိုင်းဒေသကြီးတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး တနင်္သာရီတိုင်းဒေသကြီးနှင့်မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ ကချင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့်ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး မွန်ပြည်နယ်တွင် ဒေသအလိုက်မိုးကြီးခဲ့သည်။

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ရေးမြို့တွင် ၆ ဒသမ ၆၁ လက်မ၊ သထုံမြို့တွင် ၅ ဒသမ ၂၀ လက်မ၊ ချောင်းဆုံမြို့တွင် ၄ ဒသမ ၈၈ လက်မ၊ ပေါင်မြို့တွင် ၃ ဒသမ ၉၄ လက်မ၊ ကျိုက္ခမီမြို့တွင် ၃ ဒသမ ၇၈ လက်မ၊ ကျိုက်မရောမြို့တွင် ၃ ဒသမ ၅၆ လက်မ၊ ခန္တီးမြို့တွင် ၂ ဒသမ ၁၆ လက်မနှင့် လှိုင်းဘွဲ့မြို့တွင် ၂ ဒသမ ၀၁ လက်မတို့ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားနည်းနေသည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေ**

မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်**

မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် မိုးပိုလာမည်။

ပြည်သူ့လွှတ်တော်အစည်းအဝေး

# ဟန်ပြအတုအယောင် ထုတ်လုပ်နေသော စက်မှုဇုန်ကားလုပ်ငန်းများကို အပြီးအပိုင်ဖျက်သိမ်းပေးနိုင်ခြင်း ရှိ၊ မရှိ မေးမြန်း

**နေပြည်တော် ဇူလိုင် ၁၃**

ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၇၄) ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပရာ မေးခွန်း(၃)ခု မေးမြန်းဖြေကြားခြင်း၊ ဥပဒေကြမ်းတစ်ခုတင်သွင်းခြင်းနှင့် ဥပဒေကြမ်း(၂)ခုအား လွှတ်တော်၏ အဆုံးအဖြတ်ရယူ အတည်ပြုခြင်းတို့ ဆောင်ရွက်ကြသည်။

လွှတ်တော်ကိုယ်စားလှယ်များ၏ မေးခွန်းများနှင့်စပ်လျဉ်း၍ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးချန်မောင်က ကန်ပက်လက် မဲဆန္ဒနယ်မှ သူရဦးအောင်ကို၏ **ဟန်ပြအတုအယောင် ထုတ်လုပ်နေသော စက်မှုဇုန်ကားလုပ်ငန်းများကို အပြီးအပိုင် ဖျက်သိမ်းပေးနိုင်ခြင်း ရှိ၊ မရှိနှင့် စက်မှုဇုန်ကားများ ခုထုတ်၊ ခုအပ် အကြိမ်ကြိမ်ပြုလုပ်ပြီး စလစ်ထုတ်ယူ၍ ပြည်ပမှ အဆင့်မြင့်ကား ရာပေါင်းများစွာ တင်သွင်းခဲ့ခြင်းကြောင့် နိုင်ငံတော် အခွန်ဘဏ္ဍာငွေနစ်နာမှုအတွက် ပြန်လည်စစ်ဆေးကြပ်မတ်ရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြန်လည်ရှင်းလင်းဖြေကြားရာတွင် စက်မှုဇုန်ထုတ် ယာဉ်များအား ၂၀၁၄ ခုနှစ် ဇူလိုင် ၁၄ ရက်မှစတင်၍လည်းကောင်း၊ သုံးဘီးယာဉ်များအား ၂၀၁၄ ခုနှစ် ဩဂုတ် ၁ ရက်မှစတင်၍လည်းကောင်း ယာဉ်အို ယာဉ်ဟောင်းအဖြစ် ပိုင်ရှင်ဆန္ဒအရ အပ်နှံလျှင် အစားထိုးယာဉ် တင်သွင်းခွင့်ဆောင်ရွက်ပေးခဲ့ပါကြောင်း။

စက်မှုဇုန်ထုတ်ယာဉ်များကို ၂၀၁၄ ခုနှစ် ဇူလိုင် ၁၄ ရက်မှ စတင်အပ်နှံခွင့်ပြုခဲ့ရာ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၂၇ ရက်အထိ စက်မှုဇုန်ထုတ်ယာဉ် (၂၃၇၄၅)စီးအပ်နှံခဲ့ပါကြောင်း၊ အဆိုပါယာဉ်များတွင် မှတ်ပုံတင်သက်တမ်း (၅)နှစ်အထက် (၂၁၀၁၅)စီး၊ မှတ်ပုံတင်သက်တမ်း (၁)နှစ်မှ (၅)နှစ်အတွင်း (၁၆၁၃)စီး၊ မှတ်ပုံတင်သက်တမ်း (၁)နှစ်အောက် (၁၁၁၇)စီးဖြစ်သည့်အတွက် မှတ်ပုံတင်သက်တမ်း (၅)နှစ်အထက် ယာဉ်များသာ အပ်နှံမှုများပြားသည်ကို တွေ့ရှိရပါကြောင်း။

စက်မှုဇုန်ထုတ်ယာဉ်များ မမှန်မကန် အပ်နှံဆောင်ရွက်မှုရှိလာကြောင်း တင်ပြချက်ရရှိသည်နှင့် မမှန်မကန်လုပ်ဆောင်မှုများအား ပြန်လည်စိစစ်နိုင်ရန် ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၂၇ ရက်မှစ၍ စက်မှုဇုန်ထုတ်ယာဉ်များ အပ်နှံခြင်းအား ယာယီရပ်ဆိုင်းခဲ့ပြီး ၂၀၁၅ ခုနှစ် မေ ၁ ရက်မှစ၍ မှတ်ပုံတင်သက်တမ်း (၁၀)နှစ်ကျော်သည့် စက်မှုဇုန်ထုတ်ယာဉ်များကိုသာ အပ်နှံလက်ခံခြင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း နိုင်ငံပိုင်သတင်းစာများတွင် ထည့်သွင်း



ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးချန်မောင်။



ကန်ပက်လက် မဲဆန္ဒနယ်မှ သူရဦးအောင်ကို။

ကြော်ငြာခြင်း၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန Website တွင် ထည့်သွင်းဖော်ပြခြင်း၊ မှတ်ပုံတင်သက်တမ်း(၁၀)နှစ်ကျော်လွန်မှသာ အပ်နှံလက်ခံခြင်းများ ဆောင်ရွက်ရန်ညွှန်ကြားထားပါကြောင်း။

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အထိ စက်မှုဇုန်များမှ ထုတ်လုပ်ခဲ့သည့် မော်တော်ယာဉ်စုစုပေါင်း (၉၉၅၄၃)စီးရှိပါကြောင်း၊ ၂၀၁၂-၂၀၁၃ ခုနှစ်တွင် ကားများ တင်သွင်းခွင့်ပေးခဲ့ရာ စက်မှုဇုန်များမှ အများဆုံးထုတ်လုပ်သည့် အပေါ့စားယာဉ် (Light Truck) များကိုပါ တင်သွင်းခွင့်ပေးခဲ့သဖြင့် ပြည်တွင်းထုတ်လုပ်သည့် မော်တော်ယာဉ်များသည် ပြည်ပမှ Mass Production ဖြင့် တင်သွင်းလာသည့် မော်တော်ယာဉ်များ၏ အရည်အသွေးနှင့် ဈေးနှုန်းတို့အား ယှဉ်ပြိုင်နိုင်ခြင်းမရှိသဖြင့် စက်မှုဇုန်များ၏ မော်တော်ယာဉ်ထုတ်လုပ်မှု ကျဆင်းလာခဲ့ပါကြောင်း။

စက်မှုဇုန်များအနေဖြင့် မှန်ကန်သည့်လမ်းကြောင်းပေါ်၌ မော်တော်ယာဉ်များ ထုတ်လုပ်စေရန်မှာ မှန်ကန်ပွင့်လင်းမြင်သာသည့် မူဝါဒများဖြင့် ထိန်းကျောင်းပြီး စက်မှုလုပ်ငန်းတိုးမြင့်လာရေးကို အားပေးဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ စက်မှုဇုန်များ၌ မော်တော်ယာဉ်ထုတ်လုပ်မှု လုပ်ငန်းများကို အပြီးအပိုင် ဖျက်သိမ်းပေးရန်မှာ ၎င်းလုပ်ငန်းအား လုပ်ကိုင်ဆောင်ရွက်နေသည့် ကုမ္ပဏီများ၊ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ၏ စားဝတ်နေရေးကိုလည်း လျစ်လျူရှု၍ မရပါကြောင်းဖြင့် ဖြေကြားသည်။

လောင်းလုံးမဲဆန္ဒနယ်မှ ဦးအောင်စိုးက **တနင်္သာရီတိုင်းဒေသကြီးရှိ ထားဝယ်- မြိတ် မီးရထားလမ်းကို နိုင်ငံတော်ဘဏ္ဍာငွေ မည်မျှသုံးစွဲခဲ့ပြီး ယင်းစီမံကိန်းကို ယခုအစိုးရလက်ထက်တွင် မည်သို့ဆက်လက်ဆောင်ရွက်သွားမည်ကို သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ထားဝယ်- မြိတ် ရထားလမ်းစီမံကိန်းကို ၂၀၀၈-၂၀၀၉ ခုနှစ်တွင် စတင်ဖောက်လုပ်ခဲ့ပြီး ခရီးမိုင်မှာ (၁၃၂ ဒသမ ၅၀) မိုင်ခန့်ရှိပါကြောင်း၊ ထားဝယ်-မြိတ် ရထားလမ်းပိုင်းရှိ ထားဝယ်-သရက်ချောင်းလမ်းပိုင်း ခရီးမိုင် (၁၉ ဒသမ ၃၁) မိုင်ကို ၂၀၁၁ ခုနှစ် ဇွန် ၄ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ရာ ရထားစီးခရီးသည် စီးနင်းမှုနည်းပါးခြင်းကြောင့် ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၂၉ ရက်တွင် ရထားပြေးဆွဲခြင်း ရပ်ဆိုင်းခဲ့ပါကြောင်း၊ ထားဝယ်- မြိတ် ရထားလမ်းဖောက်လုပ်ရေး စီမံကိန်းကို ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှစ၍ လုပ်ငန်းများ ခေတ္တရပ်ဆိုင်းခဲ့ပြီး အဆိုပါစီမံကိန်းအတွက် သုံးစွဲပြီးဘဏ္ဍာငွေမှာ ငွေကျပ် (၂၃၀၉၉ ဒသမ ၁၈၉) သန်းဖြစ်ပါကြောင်း။

ထားဝယ်-မြိတ် ရထားလမ်းဖောက်လုပ်ရေးစီမံကိန်းကို နိုင်ငံတော်ဘဏ္ဍာငွေ အခြေအနေအရ ရပ်ဆိုင်းခဲ့သော်လည်း အများပြည်သူသုံးသယ်ယူပို့ဆောင်ရေး စနစ်အဖြစ် နိုင်ငံအဝှမ်းပျံ့နှံ့ပို့ဆောင်နိုင်ရန် ရည်မှန်း၍ နှစ်(၂၀)စီမံကိန်း၏ တတိယ (၅)နှစ် စီမံကိန်းကာလဖြစ်သော ၂၀၂၁-၂၀၂၂ ခုနှစ်မှ ၂၀၂၅-၂၀၂၆ ခုနှစ်အတွင်း ထည့်သွင်းလျာထားဆဲဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

အစည်းအဝေးတွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အောင်ကျော်မြတ်က **စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေကြမ်း**အား လွှတ်တော်သို့တင်သွင်းပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းသည့် အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းသည်။

ယင်းနောက် ဘဏ္ဍာရေးဝန်ကြီးဌာနက တင်သွင်းသည့် **ပင်စင်အက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်း**နှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာနက တင်သွင်းသည့် **မော်တော်ယာဉ်ဥပဒေကြမ်း**တို့အား လွှတ်တော်၏အဆုံးအဖြတ်ရယူ၍ အတည်ပြုသည်။

**(သတင်းစဉ်)**

အမျိုးသားလွှတ်တော်အစည်းအဝေး

# မော်တော်ယာဉ်များ ထုတ်ယူချိန်တွင် ပစ္စည်းလျော့နည်းနေပါက အထောက်အထားများဖြင့် တင်ပြတောင်းခံနိုင်

**နေပြည်တော် ဇူလိုင် ၁၃**

အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၆၈)ရက်မြောက်နေ့တွင် မေးခွန်း(၆)ခု မေးမြန်းဖြေကြားခြင်း၊ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသောဥပဒေကြမ်း (၇)ခုနှင့် စပ်လျဉ်းသည့် အစီရင်ခံစာများ ပြန်လည်ဖတ်ကြားတင်သွင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ် ရယူအတည်ပြုခြင်း၊ ပြည်ထောင်စုအစိုးရအားတိုက်တွန်းသည့် အဆိုတစ်ခုတင်သွင်းခြင်းတို့ ဆောင်ရွက်ကြသည်။

မေးခွန်းများ မေးမြန်းရာတွင် **မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၉)မှ ဦးသော်ဇင်ဦး၏ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများရှိ ဆရာ ဆရာမများအား ထောက်ပံ့ကြေးငွေ တိုးမြှင့်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းအပေါ် သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်ဌေးက ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများတွင် သင်ကြားပြသပေးနေသော ဆရာ၊ ဆရာမများအတွက် သာသနာရေးဝန်ကြီးဌာန၏ ဘတ်ဂျက်ခွင့်ပြုရန်ပုံငွေမှ မူလတန်းအဆင့်သင် ဆရာ၊ ဆရာမတစ်ဦးလျှင် ကျပ် ၃၆၀၀၀၊ အလယ်တန်းအဆင့်သင် ဆရာ၊ ဆရာမတစ်ဦးလျှင် ကျပ် ၄၁၀၀၀၊ အထက်တန်းအဆင့်သင် ဆရာ၊ ဆရာမတစ်ဦးလျှင် ကျပ် ၄၅၀၀၀ နှုန်းဖြင့် ၂၀၁၃-၂၀၁၄ ပညာသင်နှစ်



မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၉)မှ ဦးသော်ဇင်ဦး။

မှစ၍ လစဉ်ထောက်ပံ့ပေးလျက်ရှိပါကြောင်း။

၂၀၁၃-၂၀၁၄ ပညာသင်နှစ်တွင် ဆရာ၊ ဆရာမ ၆၈၂၀ အတွက် ငွေကျပ် ၃ ဘီလီယံနှင့် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် ဆရာ၊ ဆရာမ ၇၄၅၇ ဦးအတွက် ငွေကျပ် ၃ ဒသမ ၃၂၆ ဘီလီယံ ထောက်ပံ့ပေးခဲ့ပြီး ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် ဆရာ၊ ဆရာမ ၇၅၈၄ ဦးအတွက် ငွေကျပ် ၃ ဒသမ ၄၇၅ ဘီလီယံ ထောက်ပံ့ပေးသွားမည် ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ သာသနာရေးဝန်ကြီးဌာန ဘတ်ဂျက်ခွင့်ပြုရန်ပုံငွေမှ လစဉ် ထောက်ပံ့ပေးလျက်ရှိပါကြောင်းနှင့် ဘုန်းတော်ကြီးသင်ပညာရေး ကျောင်းဆရာ၊ ဆရာမများအား ထောက်ပံ့ကြေးငွေ တိုးမြှင့်ပေးရန် အစီအစဉ် မရှိသေးပါကြောင်းဖြင့် ဖြေကြားသည်။

မကွေးတိုင်းဒေသကြီးမဲဆန္ဒနယ် အမှတ်(၁၂)မှ ဦးလှဆွေ၏ **နိုင်ငံခြားမှ တရားဝင် အခွန်ပေးဆောင်၍ တင်သွင်းလာခဲ့သောမော်တော်ယာဉ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိပြီး ပိုင်ရှင်မှ ထုတ်ယူသောအခါ မူလကပါဝင်ခဲ့သော ကားအတွင်းပိုင်းပစ္စည်းများ ခိုးယူခံနေရခြင်းသည် မည်သူ့တွင် တာဝန်ရှိသည်ကို သိရှိလိုပါကြောင်းနှင့် ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ကားပစ္စည်း အခွန်လွတ်ဈေး၌ ရောင်းချနေသော မော်တော်ယာဉ် အပိုပစ္စည်းများ၏ ၉၀ ရာခိုင်နှုန်းသည် နယ်စပ်မှ မှောင်ခိုတင်သွင်းလာခြင်းမဟုတ်ဘဲ ဆိပ်ကမ်းမှ ခိုးယူလာသောပစ္စည်းများ ဖြစ်နေကြောင်းသိရှိရပြီး ထိုကဲ့သို့ ခိုးယူမှုပပျောက်အောင် ဆောင်ရွက်မည့် အစီအစဉ်ကို သိရှိလိုသည့် မေးခွန်း**အပေါ် ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟန်စိန်က ရှင်းလင်းဖြေကြားခဲ့သည်။

ဒုတိယဝန်ကြီးက တာမွေမြို့နယ်ရှိ အခွန်လွတ်ဈေး၌ ရောင်းချနေသော မော်တော်ယာဉ် အပိုပစ္စည်းများ၏ ၉၀ ရာခိုင်နှုန်းသည် နယ်စပ်မှ မှောင်ခိုတင်သွင်းလာခြင်းမဟုတ်ဘဲ ဆိပ်ကမ်းမှ ခိုးယူသောပစ္စည်းများ ဖြစ်သည်ဟု ယေဘုယျပြောဆိုရုံမျှဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ဖမ်းဆီးအရေးယူ၍မရပါကြောင်း၊ နစ်နာသူများ အနေဖြင့် မိမိတို့၏ ပစ္စည်းများ လျော့နည်းပျောက်ဆုံးမှုရှိပါက မြန်မာ့ဆိပ်ကမ်း အာဏာပိုင်အဖွဲ့နှင့် သက်ဆိုင်ရာ ရဲစခန်းများသို့ သတင်းပေးတိုင်ကြားရန် လိုအပ်ပါကြောင်း၊ နစ်နာသူများမှ တိုင်ကြားလာပါက မြန်မာနိုင်ငံ ရဲတပ်ဖွဲ့အနေဖြင့် တည်ဆဲဥပဒေများနှင့်အညီ စုံစမ်းစစ်ဆေး အရေးယူဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

သက်ဆိုင်ရာ ဆိပ်ကမ်းများ၊ သင်္ဘောလိုင်းများအနေဖြင့် မော်တော်ယာဉ်ပါ ပစ္စည်းများ ပျက်စီး၊ ပျောက်ဆုံးမှုနှင့်ပတ်သက်၍ တာဝန်ရှိမှုအလိုက် တာဝန်ယူဖြေရှင်းပေးနေသကဲ့သို့ ထုတ်ယူသည့် Agent များကလည်း မော်တော်ယာဉ်ကိုထုတ်ယူရာတွင် Inspection Sheet နှင့် တိုက်ဆိုင်စစ်ဆေးပြီးမှ ထုတ်ယူရန် လိုအပ်ပါကြောင်း၊ မိမိတို့ တာဝန်ယူထုတ်ယူပြီးသည့် မော်တော်ယာဉ်အား ပိုင်ရှင်လက်ဝယ်သို့ ပေးအပ်သည့်အချိန်အထိ ထိခိုက်ပျက်စီးမှု မရှိစေရေးနှင့် မော်တော်ယာဉ်ပါ ပစ္စည်းများ လျော့နည်းပျောက်ဆုံးမှု မဖြစ်စေရေးအတွက် အထူးဂရုပြုဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ပါကြောင်း။

Agent များအနေဖြင့် လုပ်ငန်းလက်ခံဆောင်ရွက်ရာတွင် မိမိတို့ဆောင်ရွက်နိုင်သည့် ပမာဏထက်ကျော်လွန်ပြီး လက်ခံဆောင်ရွက်ခဲ့ခြင်းကြောင့် ဆိပ်ကမ်းမှ လွှဲပြောင်းလက်ခံပြီးနောက် ပိုင်ရှင်ထံမအပ်နှံမီကာလအတွင်း မော်တော်ယာဉ်များအား ပေါ့လျော့စွာ ရပ်နားထားခြင်း၊ ဆိပ်ကမ်းပြင်ပတွင် မေ့လျော့ကျန်ခဲ့သည့် ဖြစ်စဉ်များ သိရှိရပါကြောင်း။



သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်ဌေး။

သို့ဖြစ်ပါ၍ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်အနေဖြင့် မော်တော်ယာဉ်ပါပစ္စည်းများ လျော့နည်းပျောက်ဆုံးမှု မဖြစ်ပေါ်စေရေးအတွက် လိုအပ်သည့် ညွှန်ကြားချက်များထုတ်ပြန်၍ ကြပ်မတ် ဆောင်ရွက်လျက်ရှိပါကြောင်း၊ သင်္ဘောလိုင်းများ၊ ဆိပ်ကမ်းတံတားများမှလည်း တာဝန်ယူဖြေရှင်းပေးလျက်ရှိပြီး မော်တော်ယာဉ်တင်သွင်းသူများအနေဖြင့် မော်တော်ယာဉ်များ ထုတ်ယူချိန်တွင် ပစ္စည်းလျော့နည်းနေပါက အထောက်အထားများဖြင့် တင်ပြတောင်းခံနိုင်ပါကြောင်းဖြင့် ဖြေကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်း၊ ပြည်ထောင်စုရှေ့နေချုပ်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ် ဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း၊ နေပြည်တော်ကော်စီဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း၊ ပြည်ထောင်စုတရားစီရင်ရေး ဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းတို့နှင့် စပ်လျဉ်းသည့် အစီရင်ခံစာများကိုဥပဒေကြမ်းကော်မတီက ပြန်လည်ဖတ်ကြား တင်သွင်းခဲ့ပြီး အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ရယူအတည်ပြုခဲ့သည်။

ယင်းနောက် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးလှဆွေက **အရက်/ဘီယာ/စီးကရက် ကြော်ငြာအားလုံး အထူးကန့်သတ် လျှော့ချသွားရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း** အဆိုတင်သွင်းရာ လွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူကြောင်း ဆုံးဖြတ်ခဲ့သည်။

**(သတင်းစဉ်)**



# ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပြန်လည်ထူထောင်ရေး အုပ်ချုပ်မှုအထောက်အကူပြုကော်မတီ အစည်းအဝေး ကျင်းပ

**နေပြည်တော် ဇူလိုင် ၁၃**

ရှမ်းပြည်နယ် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပြန်လည်ထူထောင်ရေး အုပ်ချုပ်မှုအထောက်အကူပြုကော်မတီအစည်းအဝေး(၃/၂၀၁၅)ကို ယနေ့နံနက် ၁၀ နာရီတွင် နိုင်ငံတော်သမ္မတရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ ကော်မတီဥက္ကဋ္ဌ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း တက်ရောက်အမှာစကားပြောကြားသည်။**(အပေါ်ပုံ)**

အစည်းအဝေးသို့ ကော်မတီဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်၊ ကော်မတီဝင် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း၊ ဗိုလ်ချုပ်တင်အောင်ချစ်၊ ဦးသန့်ရှင်း၊ ဒေါက်တာဝင်းမြင့်၊ အကြံပေးပုဂ္ဂိုလ်ဦးလှမြင့်၊ ကော်မတီအတွင်းရေးမှူး ဦးဘုန်းဆွေနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်နှင့် ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းတို့က Video Conferencing ဖြင့် ပါဝင်ဆွေးနွေးသည်။

အစည်းအဝေးတွင် ကော်မတီဥက္ကဋ္ဌက ကိုးကန့်ဒေသတွင် တည်ငြိမ်မှုပျက်ပြားခဲ့ရသည့်အတွက် ဥပဒေနှင့်အညီ စစ်အုပ်ချုပ်ရေးကိုဆောင်ရွက်ခဲ့ရပါကြောင်း၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသပြန်လည်ထူထောင်ရေးနှင့် နယ်ဘက်အုပ်ချုပ်ရေးပြန်လည်ထူထောင်ရာတွင် မိမိတို့ကော်မတီအနေဖြင့် နယ်မြေတည်ငြိမ်အေးချမ်းမှုနှင့်အတူ အစိုးရအဖွဲ့၏ စီမံအုပ်ချုပ်မှုဆိုင်ရာ လုပ်ငန်းများကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပေါင်းစပ်၍ ဟန်ချက်ညီ ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် လျှုဒါန်းငွေများ၊ ကူညီထောက်ပံ့မှုများနှင့် ထောက်ပံ့ပစ္စည်းများကို စနစ်တကျမှတ်တမ်းတင် အတည်ပြုရန် လိုအပ်ပါကြောင်း၊ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂဌာနေကိုယ်စားလှယ်နှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးမှူးထံမှလည်း ကုလသမဂ္ဂအနေဖြင့် ကူညီဆောင်ရွက်နိုင်ရန် ကမ်းလှမ်းမှုများရရှိထားပါကြောင်း၊ ကိုးကန့်ဒေသပြန်လည်ထူထောင်ရေး ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များတွင် ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးရမည်များကို ဝိုင်းဝန်းဆွေးနွေးကြရန်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်က ကိုးကန့်ဒေသဆိုင်ရာ အချက်အလက်များနှင့် ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ထားမှုများအား Video ဖြင့် ရှင်းလင်းဆွေးနွေးပြီး ကော်မတီအတွင်းရေးမှူးက ကိုးကန့်ဒေသတွင် ဒေသခံပြည်သူများ ပြန်လည်ဝင်ရောက်အခြေချနေထိုင်မှုများနှင့် ကူညီထောက်ပံ့မှုများအား ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ကော်မတီဝင် ဒုတိယဝန်ကြီးများ၊ ရှမ်းပြည်နယ်လူမှုရေးဝန်ကြီးနှင့် အကြံပေးပုဂ္ဂိုလ်တို့က သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းဆွေးနွေးကြရာ ကော်မတီဥက္ကဋ္ဌက ပေါင်းစပ်ညှိနှိုင်းပေးသည်။

ထို့နောက် ကော်မတီဥက္ကဋ္ဌက အုပ်ချုပ်မှုယန္တရားများ အကောင်အထည်ဖော်ရာတွင် အရေးကြီးဆုံးမှာ ဒေသတွင်းတည်ငြိမ်အေးချမ်းမှုရှိရမည်ဖြစ်ကြောင်း၊ တည်ငြိမ်အေးချမ်းမှ တရားဥပဒေစိုးမိုးပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့် အကောင်အထည်ဖော်နိုင်မည်ဖြစ်ကြောင်း၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသည် ထူးခြားသည့် ဝိသေသများဖြင့် တည်ရှိနေသည့်အတွက် ပတ်ဝန်းကျင်၏ ကောင်းမွေဆိုးမွေများ၊ ဘာသာစကားနှင့် ကိုးကွယ်ယုံကြည်မှုများကိုအလေးထား၍ ယခင်အခြေအနေများကို သင်ခန်းစာရယူပြီး ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း ပြောကြားသည်။

**(သတင်းစဉ်)**

# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ပြင်သစ်နိုင်ငံအမျိုးသားနေ့သဝဏ်လွှာပေးပို့

**နေပြည်တော် ဇူလိုင် ၁၄**

၂၀၁၅ ခုနှစ် ဇူလိုင် ၁၄ ရက်တွင် ကျရောက်သော ပြင်သစ်သမ္မတနိုင်ငံ၏ အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ပြင်သစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီး မစ္စတာ လောရင့်ဖာဘီယပ်စ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

**(သတင်းစဉ်)**

# ကလေးသူငယ် ကာကွယ်စောင့်ရှောက်မှုဆိုင်ရာများ ဆွေးနွေး

**နေပြည်တော် ဇူလိုင် ၁၃**

ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကိုကိုသည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ကလေးသူငယ်များနှင့် လက်နက်ကိုင် ပဋိပက္ခဆိုင်ရာ အထူးကိုယ်စားလှယ် Ms.Leila Zerrougui ဦးဆောင်သည့်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီခွဲတွင် နေပြည်တော် ပြည်ထဲရေးဝန်ကြီးဌာန ရုံးအမှတ်(၁၀)ရှိ ဝန်ကြီး၏ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့လက်ခံတွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးနှင့်အတူ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများတက်ရောက်ခဲ့ကြပြီး ကလေးသူငယ်များ ကာကွယ်စောင့်ရှောက်မှုဆိုင်ရာကိစ္စရပ်များကို အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

# မွေးရာပါ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ဝေဒနာရှင် ကလေးငယ် ၉၇ ဦးအား အခမဲ့ခွဲစိတ်ကုသပေး

**ရန်ကုန် ဇူလိုင် ၁၃**

ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ကြီးမှူး၍ စင်ကာပူနိုင်ငံ Smile Asia Mission နှင့် မြန်မာဘရူဝါရီလီမိတက် ကရုဏာ ရှေးရှု မြန်မာမှုအစီအစဉ်တို့၏ ပံ့ပိုးကူညီမှုဖြင့် မွေးရာပါနှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ဝေဒနာရှင် ကလေးငယ်များအား ရန်ကုန်မြို့ ပြည်သူ့ဆေးရုံကြီး မျက်နှာနှင့်မေးရိုးဌာန၌ ဇူလိုင် ၆ ရက်မှ ၉ ရက်အထိ ဝေဒနာရှင်ကလေးငယ် ၉၇ ဦးတို့အား အခမဲ့ခွဲစိတ်ကုသပေးခဲ့သည်။

အဆိုပါ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ဝေဒနာရှင်ကလေးငယ်များအား မြန်မာနိုင်ငံအပါအဝင် စင်ကာပူ၊ ဖိလစ်ပိုင်၊ အိန္ဒိယ၊ ဂျပန်၊ အမေရိကန်၊ ဗြိတိန်နှင့် မွန်ဂိုလီးယား စသည့် နိုင်ငံပေါင်းရှစ်နိုင်ငံမှ စေတနာရှင် လုပ်အားပေး ခွဲစိတ်ဆရာဝန်၊ မေ့ဆေးဆရာဝန်နှင့် သူနာပြု စုစုပေါင်း ၄၀ ခန့်တို့က ခွဲစိတ်ကုသပေးခဲ့ကြကြောင်း သိရသည်။

**(ကိုချစ်)**

### ❒ ကျောဖုံးမှ

အသီးသီးမည်ကို စိုးရိမ်နေရခြင်း၊ ရိုးမဲထိုးရောဂါ၊ မှိုရောဂါဝင်မည်ကို စိုးရိမ်နေရခြင်း၊ မိုးအစိုဓာတ်ကောင်းသောကြောင့် ပေါင်းများအဆမတန်ထွက်ရှိ၍ ယခင်နှစ်များကထက် အကုန်အကျများကာ အထပ်ထပ်ပေါင်းနုတ်နေရကြောင်း သိရသည်။

ရိုးမဲထိုးရောဂါ၊ မှိုရောဂါများ မဝင်ရန်အတွက် တောင်သူများက လေးရက်ခြားတစ်ခါ ဆေးဖျန်းပေးနေရသည်ဟု သိရသည်။ တစ်ကြိမ်ဆေးဖျန်းလျှင် သုံးဧကကို ငွေကျပ်တစ်သောင်းခန့် ကုန်ကျသည်ဟု မကြီးကန်ကျေးရွာမှ တောင်သူတစ်ဦးက ပြောသည်။

နှမ်းပင်၏ သက်တမ်းသည် စိုက်ပျိုးသည့်နေ့မှစ၍ ရိတ်သိမ်းသည်အထိ ရက်ပေါင်း ၉၀ ကျော် ရှိသည်။ ယခုနှမ်းများ၏ သက်တမ်းမှာ ရက်ပေါင်း ၅၀ ကျော်ဖြစ်ပြီး ကျန်ရက်ပေါင်း ၄၀ ကျော်အတွင်း အောင်မိုးအပါအဝင် သုံးမိုးရွာလျှင် အဆင်ပြေသလို မြေတင်ပိုင်းဆိုလျှင် အမြဲဖျန်းပေးလျှင် အဆင်ပြေကြောင်း တောင်သူတစ်ဦးက ပြောသည်။ နှမ်းတစ်ဧက စိုက်ပျိုးလျှင် ငွေကျပ် ၂၀၀၀၀၀ ကုန်ကျကြောင်း သိရသည်။

**ဇာဇာ(မကွေး)**

### ❂ ဖွဲကပင်မှ

အချိန်ပိုအစတွင် ဖွဲကပင်အသင်း အနိုင်ဂိုးရခဲ့ပြီး တိုက်စစ်မှူး ဇီကိုဗစ်က သွင်းယူခဲ့သည်။ ယင်းနောက်ပိုင်းတွင် ဇေယျာရွှေမြေအသင်း ချေပဂိုးရရန် ကြိုးပမ်းခဲ့သော်လည်း ဖွဲကပင်အသင်းက ထိန်းကစားသွားခဲ့သည်။

**(သုဝဏ္ဏကွင်း)**
**ရောဝတီ - ခုနစ်ဂိုး**
**(ရစ္စတီ-လေးဂိုး၊ ပြည့်ဖြိုးဦး၊ ဗီဒစ်လာဇီနှင့် သီဟဇော်-တစ်ဂိုးစီ)**
**တက္ကသိုလ်လက်ရွေးစင်-ဂိုးမရှိ**
**(ယနေ့ပွဲ)**
**(အောင်ဆန်းကွင်း)**
**မနောမြေ-Southern**
**(သုဝဏ္ဏကွင်း)**
**ရခိုင်-နေပြည်တော်**

## အားကစားမြင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်၌ ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

## ထစ်ချုန်းမိုး

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့နေသာချိန်ရှိပြီး မိုးတစ်ကြိမ်နှစ်ကြိမ်ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။



ဘင်္ဂါလီလူမျိုးများ ထိန်းသိမ်းရမိသည့် စောင်းကောက်ကျွန်းအား အဝေးမှမြင်ရစဉ်။ (မြဝတီ)

### ❖ ကော့သောင်းမှ

ခေါ်ဆောင်ခဲ့ကြောင်း၊ ၂၀၁၅ ခုနှစ် မေလဆန်းပိုင်းတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ အုန်းကျွန်းအနီးမှ လှေကြီးတစ်စင်းဖြင့် ထွက်ခွာခဲ့ရာ ဇွန်လဆန်းပိုင်းတွင် စောင်းကောက်ကျွန်းသို့ရောက်ရှိခဲ့ကြောင်း၊ ၎င်းတွင် ပွဲစားနှစ်ဦးက မလေးရှားနိုင်ငံသို့ ပို့ဆောင်ပေးနိုင်ရန် ဘင်္ဂလားဒေ့ရှ်ငွေ ဒါကာ နှစ်သိန်းခွဲပေးရမည်ဟု ပြောပြီး မိဘဆွေမျိုးများနှင့် ဆက်သွယ်နိုင်မည့် ဖုန်းနံပါတ်များ တောင်းယူဆက်သွယ်ကာ ငွေမပေးပါက သတ်ပစ်မည့်ပုံစံမျိုး ပြုလုပ်ပြောကြားခဲ့ကြောင်း၊ ၎င်းတို့တောင်းခံသောငွေများအား ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ ပွဲစားတစ်ဦးက ငွေပေးမည့်သူများ၏ အိမ်များသို့ ဆက်သွယ်ပြီး ငွေလက်ခံရရှိကြောင်း၊ ပြန်ကြားသူများကို ပွဲစားနှစ်ဦးက မလေးရှားနိုင်ငံသို့ ဦးစားပေးပို့ဆောင်မည့် အုပ်စုတွင် သီးခြားခွဲထားကြောင်း၊ ၁၀ ရက်လျှင် တစ်ကြိမ်ခန့် လှေငယ်ဖြင့်ရိက္ခာများ လာရောက်ပို့ဆောင်ချိန်တွင် ဦးစားပေးပို့ဆောင်မည့် အုပ်စုမှ လူများကို သယ်ဆောင်သွားကြောင်း ကနဦးသိရသည်။

တပ်မတော်က စောင်းကောက်ကျွန်းနှင့်အနီးပတ်ဝန်းကျင်ရှိ ကျွန်းများအား ဆက်လက်ရှင်းလင်းရှာဖွေလျက်ရှိပြီး ထိန်းသိမ်းရရှိသည့် ဘင်္ဂါလီ လူမျိုး၁၀၂ ဦးအား ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ပြန်လည်ပို့ဆောင်နိုင်ရေး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(မြဝတီ)**

# ကမ္ဘာ့အမွေအနှစ်စာရင်းဝင် သရေခေတ္တရာပျူမြို့ဟောင်းထိန်းသိမ်းထားရှိမှုများ စစ်ဆေး

**နေပြည်တော် ဇူလိုင် ၁၃**

ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်သည် ဇူလိုင် ၁၀ ရက် နံနက်ပိုင်းတွင် သရေခေတ္တရာမြို့ဟောင်းရှိ တောင်လုံးညိုကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ ကမ္ဘာ့အမွေအနှစ်နှင့် မြန်မာ့ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များကာကွယ်ထိန်းသိမ်းစောင့်ရှောက်ပေးရန်နှင့် ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်ပြီးနောက် ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို ဒေသခံပြည်သူများနှင့် ဒေသဆိုင်ရာအဖွဲ့အစည်းအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ရန် ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ပြည်မြို့သာသနာ့ဗိမာန်၌ ပြည်မြို့ဂိုဏ်းပေါင်းစုံသံဃနာယကအဖွဲ့ ဆရာတော်များနှင့် ယဉ်ကျေးမှုအမွေအနှစ်ဇုန်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများမှ ဆရာတော်များအား ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်ရေးအတွက် ဆောင်ရွက်ခဲ့ရသည့်လုပ်ငန်းစဉ်များ လျှောက်ထားခဲ့သည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် သရေခေတ္တရာမြို့ဟောင်း ရှေးဟောင်းအဆောက်အအုံများ ထိန်းသိမ်းထားရှိမှုနှင့် ထပ်မံတူးဖော်သုတေသနပြုသင့်သည့်နေရာများ၊ ကျေးရွာများ၏ ဇုန်နယ်နိမိတ်နှင့် အိမ်ခြေယာမြေကွင်းဆင်းကောက်ယူမှု၊ မြေယာရှုခင်းပြင်ဆင်မှုများနှင့် ကမ္ဘာ့အမွေအနှစ်ဗဟိုဌာနသို့ ပေးပို့ရမည့်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များကို မှာကြားခဲ့သည်။

ဒုတိယဝန်ကြီးသည် ဇူလိုင် ၁၁ ရက် နံနက်ပိုင်းတွင် ပြည်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည့် မျိုးဆက်သစ်လူငယ်လူရွယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းဆိုင်ရာ ဆွေးနွေးပွဲသို့ တက်ရောက်ပြီး ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းရေးဆိုင်ရာများနှင့် အမွေအနှစ်များရေရှည်တည်တံ့ရေးအတွက် လူငယ်လူရွယ်များနှင့် ကျောင်းသားကျောင်းသူများတွင် အဓိကတာဝန်ရှိလာပါကြောင်း၊ ကျောင်းသားကျောင်းသူများသည် မိမိတို့၏ ဘိုးဘွားအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ကြရမည့် မျိုးဆက်သစ်များဖြစ်ပါကြောင်း၊ ဘိုးဘွားအမွေအနှစ်များကို ဂုဏ်ယူမြတ်နိုးတန်ဖိုးထား ထိန်းသိမ်းစောင့်ရှောက်လိုစိတ်ရှိပါက ရှေးဟောင်းအမွေအနှစ်များ ရေရှည်တည်တံ့မည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတွင် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များစွာရှိသည့်အတွက် ယဉ်ကျေးမှုအခြေခံခရီးသွားလုပ်ငန်း အောင်မြင်အောင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယဉ်ကျေးမှုအခြေခံခရီးသွားလုပ်ငန်း ပိုမိုတိုးတက်လာပါက အလုပ်အကိုင်အခွင့်အလမ်းများ ရရှိပြီး ဒေသခံပြည်သူများနှင့် အခြေခံလူတန်းစားများကို အကျိုးပိုမိုဖြစ်ထွန်းစေမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် သတင်းအချက်အလက်ဌာနနှင့် သရေခေတ္တရာရှေးဟောင်းသုတေသနပြတိုက်တို့ကို စစ်ဆေးပြီး ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ သရေခေတ္တရာမြို့ဟောင်းအတွင်း သန့်ရှင်းရေးဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**



ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင် သရေခေတ္တရာမြို့ဟောင်းအတွင်းရှိ သာသနိကအဆောက်အအုံအကြွင်းအကျန်ကို ကြည့်ရှုစစ်ဆေးစဉ်။ (ယဉ်ကျေးမှု)



# (၆၈)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကျင်းပရေး ဗဟိုကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**ရန်ကုန် ဇူလိုင် ၁၃**

၂၀၁၅ ခုနှစ် (၆၈)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကျင်းပရေးဗဟိုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ၂၀၁၅ ခုနှစ် (၆၈)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ၂၀၁၅ ခုနှစ် (၆၈)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် လုပ်ငန်းကော်မတီ အတွင်းရေးမှူး မြို့တော်ဝန် ဦးလှမြင့်တို့က အခမ်းအနားကျင်းပခြင်းနှင့်စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ၂၀၁၅ ခုနှစ် (၆၈)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကျင်းပရေး ဆပ်ကော်မတီများနှင့် တက်ရောက်လာကြသူများက လုပ်ငန်းဆောင်ရွက်ထားရှိမှုများနှင့် အထွေထွေကိစ္စရပ်များကို ဆွေးနွေးတင်ပြကြပြီး အခမ်းအနားကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ၂၀၁၅ ခုနှစ် (၆၈)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌနှင့် ဗဟိုကော်မတီဝင်များ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီတို့မှ ဥက္ကဋ္ဌများနှင့် ကော်မတီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

# ဗဟိုဘဏ်၏ သတ်မှတ်ရည်ညွှန်းကိန်းကို ပြင်ပဈေးကွက်နှင့် လိုက်လျောညီထွေဖြစ်စေရန် ပြင်ဆင်

**နေပြည်တော် ဇူလိုင် ၁၃**

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ နိုင်ငံခြားငွေလဲလှယ်ရာတွင် သတ်မှတ်ရည်ညွှန်းကိန်းကို ပြင်ပဈေးကွက်နှင့် လိုက်လျောညီထွေဖြစ်စေရန် ယနေ့တွင် အမေရိကန်ဒေါ်လာ တစ်ဒေါ်လာလျှင် မြန်မာကျပ်ငွေ ၁၂၀၀ သို့ ပြင်ဆင်ခဲ့ကြောင်း သိရသည်။

ဗဟိုဘဏ်အနေဖြင့် ၂၀၁၂ ခုနှစ်မှ စတင်ကာ နိုင်ငံခြားငွေလေလံ (Foreign Exchange auction) ကို နေ့စဉ်ပြုလုပ်၍ နှုန်းရှင်နိုင်ငံခြားငွေလဲလှယ်နှုန်းစနစ် (Managed float exchange rate regime) ကို ကျင့်သုံးခဲ့ရာ တရားဝင်နှုန်းနှင့် တရားမဝင်နှုန်းဟူ၍ ကွာဟလျက်ရှိသည့် နိုင်ငံခြားငွေလဲလှယ်နှုန်းများကို တစ်ပေါင်းတည်းဖြစ်စေရန် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ဈေးကွက်အတွင်း နိုင်ငံခြားငွေရှားပါးမှုမဖြစ်စေရန် စက်သုံးဆီနှင့် စားသုံးဆီ တင်သွင်းသူများလိုအပ်သည့် နိုင်ငံခြားငွေများကို ဘဏ်များမှတစ်ဆင့် ရောင်းချခြင်းကို ရပ်တန့်မည်မဟုတ်ဘဲ အခြားပစ္စည်းတင်သွင်းသူများအတွက်လည်း လိုအပ်သည့် နိုင်ငံခြားငွေများကို နိုင်ငံခြားငွေကြေးလေလံများမှတစ်ဆင့် ဘဏ်များသို့ နေ့စဉ် ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ သိရသည်။

ဗဟိုဘဏ်၏ရည်ညွှန်းငွေလဲလှယ်နှုန်းသည် ပြင်ပဈေးကွက်ငွေလဲလှယ်နှုန်းနှင့် ၂၀၁၂ ခုနှစ် ဧပြီလမှ စတင်၍ လိုက်လျောညီထွေရှိခဲ့ပြီး ၂၀၁၄ ခုနှစ် ဇန်နဝါရီလမှ အောက်တိုဘာလအထိ ဗဟိုဘဏ်၏ ရည်ညွှန်းငွေလဲလှယ်နှုန်းနှင့် ပြင်ပဈေးကွက်ရှိငွေလဲလှယ်နှုန်း ပျမ်းမျှကွာဟချက် သုည ဒသမ ၁ ရာခိုင်နှုန်းခန့်သာ ရှိခဲ့သည်။

၂၀၁၄ ခုနှစ် အောက်တိုဘာလမှစတင်ကာ နိုင်ငံတကာဈေးကွက်ရှိ အမေရိကန်ဒေါ်လာဈေးနှုန်းမြင့်တက်လာသည့် ဂယက်အပါအဝင် အခြားသော ပြည်တွင်းဂယက်များကြောင့် ပြင်ပဈေးကွက်ပေါက်ဈေးမှာ အလွန်အကျွံကျဆင်းလာပြီး ဗဟိုဘဏ်၏ သတ်မှတ်ရည်ညွှန်းနှုန်းနှင့် ကွာဟချက်ရှိလာကာ ၂၀၁၅ ခုနှစ် ဇန်နဝါရီလမှ ဇွန်လအတွင်း ပျမ်းမျှကွာဟချက်မှာ ၃ ဒသမ ၁ ရာခိုင်နှုန်းခန့်ဖြစ်လာကြောင်း သိရသည်။

ဇူလိုင် ၁၀ရက်တွင် ဗဟိုဘဏ်၏ ရည်ညွှန်းငွေလဲလှယ်နှုန်း အမေရိကန်ဒေါ်လာ တစ်ဒေါ်လာလျှင် ၁၁၂၅ ကျပ် ရှိခဲ့ချိန်တွင် ပြင်ပဈေးကွက်ပေါက်ဈေးမှာ ၁၂၁၂ ကျပ်အထိ ရှိခဲ့ကြောင်း သိရသည်။ ယနေ့တွင် ဗဟိုဘဏ်၏ ရည်ညွှန်းကိန်း အမေရိကန်ဒေါ်လာ တစ်ဒေါ်လာလျှင် ကျပ် ၁၂၀၀ သို့ ပြင်ဆင်ချိန်တွင် ပြင်ပပေါက်ဈေး ၁၂၀၅ ကျပ် ဝန်းကျင်ရှိနေကြောင်း သိရသည်။

ထို့ပြင် ငွေကြေးဖောင်းကြွမှုနှင့် ယင်းကြောင့်ပြည်တွင်းကျပ်ငွေအပေါ် သက်ရောက်လာသည့် ဖိအားများကို လျော့ကျစေရန် တင်းကျပ်သော ငွေကြေးမူဝါဒကို ကျင့်သုံး၍ ဈေးကွက်အတွင်းရှိကျပ်ငွေများကို ပိုမိုနုတ်ယူခြင်း၊ ဘဏ်များ လိုက်နာရမည့်စည်းကမ်းများကို နိုင်ငံတကာလုပ်ထုံးလုပ်နည်းများနှင့်အညီ တင်းကျပ်၍ ချေးငွေအလွန်အကျွံမြင့်တက်မှုနှုန်းကို ထိန်းချုပ်ခြင်းလုပ်ငန်းများကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# တရားရုံးဝန်ထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းဖွင့်

**မင်းတပ် ဇူလိုင် ၁၃**

ချင်းပြည်နယ် တရားလွှတ်တော်၏ ကြီးကြပ်မှုဖြင့် မင်းတပ်ခရိုင်တရားရုံးက ဖွင့်လှစ်သည့် တရားရုံးဝန်ထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းဖွင့်ပွဲကို မင်းတပ်ခရိုင်တရားရုံးသင်တန်းခန်းမ၌ ဇူလိုင် ၁၃ ရက် နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် မင်းတပ်ခရိုင်တရားသူကြီးဦးတင်ထူးက ဝန်ထမ်းများအနေဖြင့် နေ့စဉ်လုပ်ငန်းတာဝန်များကို ဆောင်ရွက်ကြရာတွင် ကျွမ်းကျင်တတ်မြောက်မှု၊ စွမ်းဆောင်ရည် တိုးတက်မြင့်မားစေရန်နှင့် ပြည်ထောင်စု တရားလွှတ်တော်ချုပ်၏ သုံးနှစ်တာမဟာဗျူဟာစီမံကိန်းကို သိရှိနားလည် သဘောပေါက်လျက် ထိရောက်စွာ အထောက်အကူပြုနိုင်စေရန် ရည်ရွယ်ကြောင်း ပြောကြားသည်။

အခမ်းအနားသို့ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်အံ့မောင်နှင့် ခရိုင်/မြို့နယ်မှ ဌာနအကြီးအကဲများ၊ မင်းတပ်၊ကန်ပက်လက်၊ မတူပီမြို့နယ်တရားရုံးနှင့် မင်းတပ်ခရိုင်တရားရုံးတို့မှ တရားရုံးဝန်ထမ်း ၁၉ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ရက်သတ္တနှစ်ပတ်ကြာမြင့်မည် ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ရွှေပြည်သာမြို့နယ်တွင် ရွေးကောက်ပွဲကော်မရှင်ဆိုင်ရာ သင်တန်းဖွင့်

**ရန်ကုန် ဇူလိုင် ၁၃**

ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များအား ကော်မရှင်ဆိုင်ရာသင်တန်းကို အထက(၁) ရွှေပြည်ရတနာခန်းမ၌ ဇူလိုင် ၁၃ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

ယင်းအခမ်းအနားတွင် မြောက်ပိုင်းခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးအောင်ခိုင်က သင်တန်းဖွင့်အမှာစကားပြောကြားပြီး ရွှေပြည်သာမြို့နယ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲကော်မရှင်ဥက္ကဋ္ဌ ဦးခင်မောင်စိုးက သင်တန်းဖွင့်လှစ်ရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဦးစံမြင့်၊ ဦးဝင်းကြည်၊ ဦးလှမြင့်နှင့် ဦးရဲထွဋ်တို့က သင်တန်းသား သင်တန်းသူ ၁၆၅ ဦးတို့ကို သင်တန်းပို့ချကြောင်း သိရသည်။ **(ခရိုင်ပြန်/ဆက်)**

# မကွေးတိုင်းဒေသကြီးတွင် တဲပေါ်မှတိုက်ပေါ်သို့ အခမဲ့တက်ရသည့်ကျေးရွာလေးရွာ



**မြစ်သာ ဇူလိုင် ၁၃**

မြစ်သာရေလှောင်တမံ ဘက်စုံစီမံကိန်းကို ၂၀၀၂ ခုနှစ်က စတင်ခဲ့ပြီး ၂၀၁၅-၂၀၁၆ တွင် အပြီးတည်ဆောက်မည်ဖြစ်ကာ မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ပြည်သာကျေးရွာအနီးတွင် မြစ်သာမြစ်ကိုပိတ်၍ တည်ဆောက်နေခြင်း ဖြစ်သည်။ မြစ်သာဘက်စုံစီမံကိန်း ရေဝပ်ဧရိယာအတွင်းသို့ ကျရောက်နေသည့် စပယ်၊ ယင်းမာ၊ စင်ပုံနှင့် ရေဝန်းကျေးရွာ လေးရွာအား စံပြမြို့သစ် တည်ဆောက်ရေးလုပ်ငန်းကို ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်ဇော်ဦးဆောင်၍ ဖွဲ့စည်းခဲ့သည်။ တမံတည်ဆောက်ရေး ရေဝပ်ဧရိယာအတွင်း ကျရောက်သည့် ပနန်းကွက်သစ်တွင် အိမ်ရာ ၁၃၅ လုံး၊ စပယ်ကွက်သစ်တွင် အိမ်ရာ ၇၇ လုံး၊ ယင်းမာကွက်သစ်တွင် အိမ်ရာ ၆၇ လုံးနှင့် စင်ပုံကွက်သစ်တွင် အိမ်ရာ ၆၉ လုံး စုစုပေါင်း အိမ်ရာ ၃၇၅ လုံးကို တည်ဆောက်ပေးခဲ့သည်။ အိမ်ရာများမှာ လုံးချင်းနှစ်ထပ်တိုက်ခန်းများဖြစ်သည်။ မြေကွက် ပေ ၁၀၀ ပတ်လည်တွင် အလျား ၄၈ ပေ၊ အနံ ၂၄ ပေနှင့် အမြင့် ၂၂ ပေရှိ နှစ်ထပ်လုံးချင်းတိုက်ခန်းတစ်ခန်းလျှင် ငွေကျပ် ၂၂၅ သိန်းတန် တိုက်ခန်းများကို တစ်အိမ်ထောင်လျှင် တစ်လုံးဆောက်ပေးထားသည်။

ရွှေ့ပြောင်းကျေးရွာလေးရွာ၌ ယခင်ကျေးရွာတွင် ရှိခဲ့သည့်အတိုင်း မူလတန်းကျောင်း တစ်ကျောင်းစီ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး တစ်ရုံးစီနှင့် ဘုန်းတော်ကြီးကျောင်း တည်ဆောက်ပေးထားပြီး သောက်သုံးရေအတွက် တစ်နာရီ ပျမ်းမျှဂါလန် ၁၅၀၀၀ ထွက်ရှိသည့် လေးလက်မစက်ရေတွင်း ခုနစ်တွင်းကိုလည်း တူးဖော်ပေးထားသည်။ ကုန်းမြင့်ပိုင်းတွင် ရေဂါလန် ၃၀၀၀၀ ဆံ့ ရေစုကန်ငါးလုံး တည်ဆောက်ပေးထားပြီး ရေပိုက်လိုင်းများဖြင့် အိမ်များရှိ အုတ်ကန်များသို့ ရေအရောက်တပ်ဆင်ပေးထားသည်။ ကျွဲ၊ နွားတိရစ္ဆာန်များသောက်သုံးရန်အတွက် ရေဂါလန် ခုနစ်သန်းခန့်စီ သိုလှောင်နိုင်သည့် လျှိုပိတ်တမံနှစ်ခုကိုလည်း တည်ဆောက်ပေးထားသည်။

လျှပ်စစ်မီးရရှိရေးအတွက် ဂန့်ဂေါ-မြစ်သာ ဓာတ်အားလိုင်း သွယ်တန်းခြင်းလုပ်ငန်းကို ပြင်ပလုပ်ငန်းရှင်များနှင့် ပူးပေါင်းဆောင်ရွက်နေသည်။ ပြောင်းရွှေ့ခံရသော ကျေးရွာလေးရွာမှ တောင်သူလယ်သမားများအား ၎င်းတို့၏ မြေယာလျော်ကြေး၊ နှစ်ရှည်သီးနှံလျော်ကြေး၊ ဆန်စက်၊ ဆီစက် ပြောင်းရွှေ့စရိတ်များ ထုတ်ပေးခဲ့သည်။ သီးနှံလျော်ကြေးအဖြစ် လယ်တစ်ဧက ကျပ်သိန်း ၃၀၊ ယာလျော်ကြေးအဖြစ် တစ်ဧက ကျပ် ၂၅ သိန်းနှင့် နှစ်ရှည်သီးနှံများဖြစ်သော သရက်ပင်၊ ထန်းပင်၊ မာလကာပင်နှင့် အခြားအပင်များအတွက် လျော်ကြေးများ ထုတ်ပေးခဲ့သည်။ ကျေးရွာလေးရွာမှ ထပ်တိုးအိမ်ထောင်စု ၄၄ စုတို့ကိုလည်း သက်ဆိုင်ရာကွက်သစ်များတွင် ပေ ၆၀×၄၀ မြေကွက်များ မဲနှိုက်ချပေးခဲ့သည်။

ရွှေ့ပြောင်းကျေးရွာလေးရွာမှ အိမ်ထောင်စု ၃၇၅ စုအတွက် နှစ်နှစ်ဆန်အခမဲ့ပေးဝေနေသည်။ ပထမသုံးလစာ ရိက္ခာဆန်အိတ် ၂၆၃၀ ကို ဖြန့်ဝေပေးထားပြီး နှစ်နှစ်တိတိ ရိက္ခာဆန်ဖြန့်ဝေပေးသွားမည်ဖြစ်သည်။ ရွှေ့ပြောင်းရွာလေးရွာမှ တောင်သူလယ်သမားများအတွက် စိုက်ပျိုးမြေစုစုပေါင်း ၁၅၈၁ ဧကကိုလည်း ဖော်ထုတ်ပေးထားသည်။ ဖော်ထုတ်ထားသည့် စိုက်ပျိုးမြေများပေါ်တွင် မြေမညီသော အပိုင်းများအား မြေညှိခြင်း၊ မြေဖို့ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည်။ မြေယာသစ်တွင် မြေဩဇာကောင်းမွန်စေရန်အတွက် ထွန်ယက်ပြီးမြေများပေါ်တွင် ပဲယဉ်းများ စိုက်ပျိုးခြင်း၊ ပထမသီးနှံအဖြစ် အထွက်တိုးပြောင်းများ စိုက်ပျိုးခြင်း၊ ဒုတိယသီးနှံအဖြစ် ပုလဲသွယ် အထွက်တိုး စပါးစိုက်ပျိုးခြင်းများ ဆောင်ရွက်ပေးခဲ့သည်။ **(၁၁၁)**

# မတ္တရာမြို့နယ်၌ နှံစပါးစံပြကွက်များ ရိတ်သိမ်း

**မတ္တရာ ဇူလိုင် ၁၃**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကိုကို၊ တိုင်းဒေသကြီးဦးစီးမှူး ဦးလှမြင့်အောင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများသည် ဇူလိုင် ၁၁ ရက်က တောင်သူလယ်သမားများ သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်များနှင့် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများကို လိုက်နာကျင့်သုံးလာစေရန်ရည်ရွယ်၍ စိုက်ပျိုးပြသထားသည့် မတ္တရာမြို့နယ် ကြားရွာကျေးရွာအုပ်စု ကွင်းအမှတ်(၂၁၄)ရှိ နှံစပါး ပုလဲသွယ် ဧက ၁၀၀ စံပြကွက်အောင်မြင်ဖြစ်ထွန်းမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် လက်ကောင်းကြီးကျေးရွာအုပ်စု ကွင်းအမှတ်(၂၂၅)၌ စိုက်ပျိုးပြသထားသော နှံစပါးပုလဲသွယ် ဧက ၁၀၀ စံပြကွက်မှ တောင်သူ ဦးဟန်ကြီး၏ ပုလဲသွယ် နှစ်ဧက စံကွက်ရိတ်သိမ်းပွဲကို ကြည့်ရှုအားပေးသည်။

အဆိုပါ စံကွက်ရိတ်သိမ်းပွဲကို မတ္တရာမြို့နယ် အုပ်ချုပ်ရေးမှူး ဦးအောင်ဆွေမြင့်၊ လယ်မြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရွှေနှင့် ဌာနဆိုင်ရာများနှင့် ဒေသခံတောင်သူလယ်သမားများ တက်ရောက်ခဲ့ကြပြီး တစ်ဧကအထွက်နှုန်း ၁၇၁ ဒသမ ၄၇ တင်း ထွက်ရှိကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**



**ရန်ကုန်တောင်ပိုင်းခရိုင် တွံတေးမြို့နယ် တလုတ္ထော်ကျေးရွာ၌ သွေးလွန်တုပ်ကွေးကာကွယ်ရေးလုပ်ငန်းအဖြစ် ဇူလိုင် ၁၁ရက်က မြို့နယ်ကျန်းမာရေးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ ပူးပေါင်း၍ ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများ ပညာပေးခြင်း၊ ရေတွင်း၊ ရေကန်များအား အဘိတ်ဆေးခတ်ခြင်းများ ဆောင်ရွက်စဉ်။ မျိုးလှိုင်(တွံတေး)**

# ချင်းတွင်းတံတား(ကလေးဝ) ရေလမ်းကြောင်းသတ်မှတ်

**ကလေးဝ ဇူလိုင် ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့အနီးတွင် တည်ဆောက်လျက်ရှိသော ချင်းတွင်းတံတား (ကလေးဝ)၏ ရေလယ်တိုင် လုပ်ငန်းများ လုပ်ကိုင်နိုင်ရန်နှင့် ခရီးသွားပြည်သူများနှင့် ရေယာဉ်များ ဘေးအန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရန်အတွက်အစုန် ရေလမ်းကြောင်းအား P 1 နှင့် P 2 ကြား (ကလေးဝဘက်ကမ်း) နှင့် အဆန်ရေလမ်းကြောင်းအား P 2 နှင့် P 3 ကြား သတ်မှတ်ပေးထားပြီး ကျန်ရေလမ်းကြောင်းများအားလုံး ယာယီပိတ်ထားကြောင်း ရေယာဉ်များ သိရှိလိုက်နာနိုင်ရန် ကလေးဝမြို့ တံတားအန္တရာယ် ကင်းရှင်းရေးကော်မတီ၏ ကြေညာချက်အရ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ခင်ဦးမြို့နယ်အပိုင်း ခရိုင်ချင်းဆက်လမ်း အမှတ်(၃) လမ်း၊ တံတား၊ ရေကျော်လုပ်ငန်းများ ဆောင်ရွက်ပြီးစီး

**ခင်ဦး ဇူလိုင် ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်အပိုင်း ခရိုင်ချင်းဆက်လမ်း အမှတ်(၃) လမ်း၊ တံတား၊ ရေကျော်လုပ်ငန်းများကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက တာဝန်ယူဆောင်ရွက်ခဲ့ရာ မြေသားလမ်း ၁၀မိုင်၊ ကျောက်ချောလမ်း ၂၀ မိုင် ၅ ဖာလုံ၊ ကျောက်စီ၊ သံပေါင်ရက်မ၊ သစ်သားခင်းတံတား သုံးစင်း၊ ရေကျော် သုံးစင်းတို့ကို ယခုနှစ် မေလတွင် လုပ်ငန်းအားလုံး ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးမှူး၏ ပြောပြချက်အရ သိရသည်။ **(ခင်ဦးစိုးဝေ)**



# သမိုင်းချောင်း ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်လျက်ရှိ

**အင်းစိန် ဇူလိုင် ၁၃**

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် စော်ဘွားကြီးကုန်းရပ်ကွက်အတွင်း ဖြတ်သန်းစီးဆင်းသည့် သမိုင်းချောင်းအား ဇွန်လမှ ဇူလိုင်လဆန်းထိ အရှည်ပေ ၂၀၀၀ ခန့်ကို အနက် ခုနစ်ပေ၊ အကျယ် ၁၅ ပေ အထိရရှိအောင် စက်ယန္တရားကြီးများဖြင့် ရေစီးရေလာ ကောင်းမွန်စေရေး ဆောင်ရွက်ခဲ့ကြသည်။

"ကျွန်တော်တို့ စော်ဘွားကြီးကုန်းရပ်ကွက်ကို အမြင့်ပိုင်းဖြစ်တဲ့ လေဆိပ်ဝန်းကျင်က စီးဆင်းတဲ့ ရေပိုတွေဟာ စော်ဘွားကြီးကုန်းရပ်ကွက်မှာရှိတဲ့ အုပ်စု(၃)၊ အုပ်စု(၄)၊ အုပ်စု(၄/က)နှင့် အုပ်စု(၇)အနိမ့်ပိုင်းတွေမှာ နှစ်စဉ်ရေကြီးနစ်မြုပ်နေလို့ စည်ပင်သာယာရေးကော်မတီ လမ်း၊ တံတားဌာနက ဆောင်ရွက်ပေးခြင်းဖြစ်ခြင်း ဖြစ်ပါတယ်"ဟု ရာအိမ်မှူး ဦးသန်းဝင်းမြင့်က ပြောပြသည်။



**(၁၉၇)**



# လိုက်ဖက်တဲ့ ဂီတဇနီးမောင်နှံ



လီဗျောင်ယုနဲ့ ဟန်ဂျင်အေးတို့ ဂီတဇနီးမောင်နှံနှစ်ဦး တွဲဖက်ပြီး အနောက်တိုင်း တူရိယာဖြစ်တဲ့ ဂီတာနဲ့ ကိုရီးယားရိုးရာဂီတ၊ အကတို့နဲ့ ပေါင်းစပ်ကာ မီလန်နိုင်ငံတကာ ကုန်စည်ပြပွဲကြီးမှာ ဖျော်ဖြေတင်ဆက်ခဲ့ရာ ပရိသတ်အားပေးမှုကို တစ်ခဲနက်ရရှိခဲ့တယ်လို့ ကိုရီးယားသတင်းစာမျက်နှာများမှာ ရေးသားထားပါတယ်။

ချန်ဂျင်ပြည်နယ် မြောက်ပိုင်း ချုံဂျူးမြို့ရှိ စီဝမ်တက္ကသိုလ်ရဲ့ အနုပညာပါမောက္ခ တစ်ဦးဖြစ်တဲ့ လီဗျောင်ယုနဲ့ "ဆော်ပရီ" ကိုရီးယားရိုးရာယဉ်ကျေးမှု အကပညာရှင် ဟန်ဂျင်အေးတို့ဟာ ဘဝလက်တွဲဖော်များဖြစ်ရုံသာမက အနုပညာလမ်းကြောင်းပေါ် လျှောက်လှမ်းရာမှာလည်း လိုက်ဖက်ညီတဲ့စုံတွဲများဖြစ်တယ်လို့ ဖော်ပြထားပါတယ်။

မိမိတို့ရိုးရာယဉ်ကျေးမှုကို အလေးထားချစ်မြတ်နိုးပုံချင်းတူညီကြတဲ့ သူတို့နှစ်ဦးဟာ ဖျော်ဖြေတင်ဆက်မှုအတွင်းမှာ ကိုရီးယားကြိုးတပ်တူရိယာ ဂေယန်ဂျင်နဲ့ အနောက်တိုင်း တူရိယာဂီတာတို့ကိုပေါင်းစပ်တီးခတ်ပြီး ကိုရီးယားရိုးရာအကဖြင့် တင်ဆက်ခဲ့ပါတယ်။ ဒ့ါအပြင် ကိုရီးယားနာမည်ကြီး ကျေးလက်ရိုးရာသီချင်းဖြစ်တဲ့ "အေယန်" တေးသီချင်းကို ပရိသတ်နဲ့အတူ အားပါးတရ သီဆိုဖျော်ဖြေခဲ့တယ်လို့ ဆိုပါတယ်။

နိုင်ငံပေါင်း ၁၄၀ ကျော် ပါဝင်တဲ့ နိုင်ငံတကာ ကုန်စည်ပြပွဲကြီးကို မေ ၁ ရက်မှ အောက်တိုဘာ ၃၁ ရက်အထိ ငါးလကြာ အီတလီနိုင်ငံ မီလန်မြို့မှာ ပြုလုပ်တယ်လို့သိရပါတယ်။

**ဆုမြတ်**



# ၂၀၁၅ခုနှစ်ရဲ့ အမေရိကန်အလှမယ် အိုလီဗာဂျော်ဒန်

တနင်္ဂနွေနေ့က လူဝီစီယားနားပြည်နယ်၏မြို့တော် ဘတ်တွန်ရွတ်ချ်တွင် ပြုလုပ်ခဲ့သော ၂၀၁၅ ခုနှစ်အတွက် အမေရိကန်အလှမယ်ရွေးချယ်ပွဲ၏ နောက်ဆုံးပွဲ၌ အိုကလာဟိုးမားအလှမယ် အိုလီဗာဂျော်ဒန်သည် သရဖူကို သိမ်းပိုက်ကာ အမေရိကန်အလှမယ်အဖြစ်ရွေးချယ်ခံခဲ့ရသည်။

သူနှင့်အတူ နောက်ဆုံးဆန်ခါတင်နှစ်ဦးအဖြစ်ရွေးချယ်ခံခဲ့ရသည့် တက္ကဆက်အလှမယ်ကို ယှဉ်ပြိုင်အနိုင်ယူကာ ယခုကဲ့သို့ သရဖူဆောင်းနိုင်ခဲ့ခြင်းဖြစ်သည်။

ယခုရွေးချယ်ခံခဲ့ရသော အမေရိကန်အလှမယ်သည် ၆၄ယောက်မြောက် အမေရိကန်အလှမယ်ဖြစ်ကာ လာမည့်နှစ်တွင်ကျင်းပမည့် မယ်စကြဝဠာပြိုင်ပွဲတွင် အမေရိကန်ကိုယ်စားပြုအလှမယ်အဖြစ် ပါဝင်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

**အေးပြည့်**

# ခြောက်နှစ်ကြာမှပြန်လည်တွေ့ဆုံဖြစ်သည့် နစ်ခ်ဂျိုးနက်စ်နှင့် တေလာဆွစ်

ပြီးခဲ့သည့် စနေနေ့က အမေရိကန် နယူးဂျာစီပြည်နယ်ရှိ မက်ထ်လိုက်ဖ် ဘောလုံးကွင်း၌ ပြုလုပ်ခဲ့သော အဆိုတော်တေလာဆွစ်၏ "၁၉၈၉" တေးစီးရီး နယ်လှည့်ဖျော်ဖြေရေးခရီးစဉ်အတွင်း သူနှင့်လွန်ခဲ့သည့် ခြောက်နှစ်ခန့်က အတူတွဲဖက် ဖျော်ဖြေခဲ့သော"Jonas Brothers" ဂီတအဖွဲ့၏ အဖွဲ့ဝင်တစ်ဦးဖြစ်သော နစ်ခ်ဂျိုးနက်စ်နှင့်အတူ တွဲဖက် ဖျော်ဖြေခဲ့သည်။

အဆိုပါဖျော်ဖြေပွဲတွင် နစ်ခ်ဂျိုးနက်စ်သည် သူ၏နာမည်ကျော်သီချင်းဖြစ်သည့် "Jealous"ကို သီဆိုဖျော်ဖြေခဲ့ရာ ခြောက်သောင်းသော နယူးဂျာစီ ပရိသတ်များကလည်း သူနှင့်အတူ လိုက်ပါသီဆိုခဲ့ကြောင်း အဆိုတော်က အင်စတာဂရမ်စာမျက်နှာပေါ်တွင် ဖော်ပြခဲ့သည်။

ဆက်လက်၍သူက "ကျွန်တော့်ရဲ့ ဇာတိမြို့မှာ ယခုလိုပရိသတ်ကြီးကို ဖျော်ဖြေခွင့်ရတဲ့အတွက် ဝမ်းသာပါတယ်။ တေလာ့ကိုလည်း ကျေးဇူးတင်ပါတယ်။ ကျွန်တော့်ဘဝရဲ့ မမေ့နိုင်တဲ့အမှတ်တရတစ်ခုပါပဲ"ဟုလည်း ရေးသားဖော်ပြထားခဲ့သည်။

လွန်ခဲ့သည့် ခြောက်နှစ်က အတူတွဲဖက်ဖျော်ဖြေခဲ့သော သူတို့နှစ်ဦးသည် ရုပ်ပိုင်းဆိုင်ရာများပြောင်းလဲပြီး ပိုမိုလူကြီးဆန်လာသည်မှလွဲ၍ ယခင်ကကဲ့သို့ပင် ရင်းရင်းနှီးနှီးရှိသည်ကို တွေ့ရကြောင်းလည်း အီးအွန်လိုင်းဒေ့ါကွန်းက ဖော်ပြခဲ့သည်။

တေလာဆွစ်သည် သူ၏ဖျော်ဖြေရေး ခရီးစဉ်တွင် "Fifth Harmony" ပေါ့ပ်ဂီတအဖွဲ့ဝင် ကမ်မီလာ ကာဗယ်လို အပါအဝင် အခြားသော နာမည်ကျော်အဆိုတော်များဖြစ်သည့် ဂျိုးဂျိုးနက်စ်နှင့် နက်ထ်ဝုဒ်ဖ်တို့ကိုလည်း ဖိတ်ခေါ်ဖျော်ဖြေခဲ့သည်။

**အေးပြည့်**



## ရုပ်မြင်သံကြားအစီအစဉ်များ

၁၄ - ၇ -၂၀၁၅ (အင်္ဂါနေ့)

### မြဝတီ

၆း၀၃ တရားတော်
၆း၁၅ မေတ္တာပို့
၆း၂၀ ဓမ္မပူဇာတေး
၆း၂၅ ကိုယ်လက်လှုပ်ရှားအားကစား
၆း၃၅ မျိုးချစ်တပ်မတော်
၈း၁၀ စိုက်ပျိုးသုတ
၈း၂၅ မြတ်နိုးစရာရိုးရာလက်မှုပညာ
၈း၃၅ ခရီးလည်းသွားစကားလည်းဆို
၉း၀၀ တည်ဆောက်ပြုပြင် မြို့တော်တစ်ခွင်
၄း၂၅ အလွမ်းတေးပန်းချီချစ်သူဆီ
၄း၃၅ အင်္ဂလိပ်စာသုတ
၄း၄၅ မြန်မာသံစဉ်ချိုနားဝင်
၅း၀၀ သာယာသီကြွေးခေတ်ဆန်းတေး
၅း၁၅ သူတို့အကြောင်း
၅း၃၅ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ဂန္ထဝင်မြောက်အမုန်း (အပိုင်း-၃၇)
၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ပန်းခူးသူဆူးစူးပါစေ (အပိုင်း-၆၂)
- VOA အင်္ဂလိပ်စာသင်ခန်းစာ
- ဟာသရုပ်စုံ
- ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - မော်ဝင်စီးချင်း (အပိုင်း-၂၃)

### MRTV - 4

၅း၀၀ ပဋ္ဌာန်းပါဠိတော်၊ မေတ္တာသုတ်
၅း၄၀ "အလှူပေးခြင်း အကြောင်းအရင်း"တရားတော် [(ဓမ္မဒူတ)ဒေါက်တာဘဒ္ဒန္တ ပညိဿရာဘိဝံသ]
၆း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လေဟုန်စီးတဲ့ ပန်းလိပ်ပြာ" (အပိုင်း-၇၀)
၈း၄၀ ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာ
၉း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နေရောင်အောက်မှာ ပွင့်သောပန်း" (အပိုင်း-၂၂)
၉း၄၀ အနုပညာမိုးကောင်းကင်
၁၀း၀၅ ခေတ်သစ်ပျိုမေ
၁၁း၀၀ သွားမယ်စားမယ် (Lake Frand Field)
၁၁း၂၅ Forever Music Tribute Saw Bhawe Mhue Live Show (အပိုင်း-၁) (ဒုတိယပိုင်း)
၁၂း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "သွေးနဲ့ရေးတဲ့ သမိုင်းမှတ်တမ်း" (အပိုင်း-၅)
၂း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ဟာသကျေးရွာ"
၂း၅၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လေဟုန်စီးတဲ့ပန်းလိပ်ပြာ" (အပိုင်း-၇၀)
၃း၃၅ ရန်ကုန်မြင်ကွင်းကျယ် (Miss Myanmar World စာနယ်ဇင်းရှင်းလင်းပွဲ)
၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လေဟုန်စီးတဲ့ ပန်းလိပ်ပြာ" (အပိုင်း-၇၁)
၈း၁၅ ရသစုံညွှန်းတမ်း
၈း၃၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နေရောင်အောက်မှာ ပွင့်သောပန်း" (အပိုင်း-၂၃)
၉း၂၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "သွေးနဲ့ရေးတဲ့ သမိုင်းမှတ်တမ်း" (အပိုင်း-၆)
၃း၀၅ Global Panorama (ကိုကိုလှိုင်၊ မျိုးမြတ်သူ)

### mitv

- Insight Myanmar "Child Protection" Overview of Child Protection Program
- Yangon Markets: Mingalar Wholesale Market
- National Literary Icon & Guiding Light of Myanmar Literature: Sayar Zaw Gyi (Episode- 2)
- Kayah Style
- Culture Show: Abdication of King Thibaw
- Karaweik Palace- A Symbol Of Glorious Myanma Culture
- Myanmar Traditional Toys
- Grow Back for Posterity "The dawn of development"
- Sticky Shan Snack
- A Day Out With Sarah (EP-6)
- Taste Of Myanmar (Papaya Salad)
- Writer
- Snake Dancer
- Myanmar Traditional Identity (EP-1) The Culture Of Pennant Pillar
- A Historic Town: 9 Pagodas
- Myanmar Harpist
- National Literary Icon & Guiding Light of Myanmar Literature: Sayar Zaw Gyi (Episode- 1) Childhood And Student Life
- Maha Myatmuni Buddha Image In Rakhine
- "Myanmar's Traditions and Culture" Novicehood in Myanmar
- Guiding Star of Song Birds
- Sagaing: Gold Leaf
- Youth Of The Future (Ep-11) (Hair Designer)
- A Monk's Robe
- Myanmar Traditional Art Bronze Casting

## အာရှသက်ငယ်တန်းပြိုင်ပွဲ ဦးစီးကျင်းပရေးကော်မတီနှင့် ပြိုင်ပွဲဝင်အားကစားအဖွဲ့ များအား နှုတ်ဆက်ဂုဏ်ပြုညစာစားပွဲကျင်းပ

**နေပြည်တော် ဇူလိုင် ၁၃**

အားကစားဝန်ကြီးဌာနနှင့် အာရှနပန်းအဖွဲ့ချုပ်၊ မြန်မာနိုင်ငံနပန်းအဖွဲ့ချုပ်တို့ပူးပေါင်းပြီး မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ် လက်ခံကျင်းပသော အာရှသက်ငယ်တန်း နပန်းပြိုင်ပွဲအား ပြိုင်ပွဲဝင် ၁၈ နိုင်ငံမှ အားကစားသမား ၃၃၀ ဖြင့် ဇူလိုင် ၉ ရက်မှ ၁၂ ရက်အထိ အောင်မြင်စွာကျင်းပပြီးစီးခဲ့ရာ ပြိုင်ပွဲအား အောင်မြင်စွာကျင်းပနိုင်ရန် ပါဝင်ကူညီခဲ့သော ပြိုင်ပွဲကျင်းပရေးကော်မတီနှင့် ပြိုင်ပွဲဝင်နိုင်ငံများမှ အားကစားအဖွဲ့များအား နှုတ်ဆက်ဂုဏ်ပြုညစာစားပွဲကို ယမန်နေ့ည ၇ နာရီက နေပြည်တော်ရှိ မင်္ဂလာသီရိဟိုတယ် ပုဂံခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း တက်ရောက်ချီးမြှင့်သည်။

ရှေးဦးစွာ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်ဝင်းက ဂုဏ်ပြုနှုတ်ဆက်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံနပန်းအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် နပန်းအဖွဲ့ချုပ်အတွင်းရေးမှူးတို့က ကျေးဇူးတင်နှုတ်ဆက်စကားပြောကြားကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ပြိုင်ပွဲအား ကြီးကြပ်ဦးစီး ကျင်းပသော ပြိုင်ပွဲကျင်းပရေးနှင့် ပြိုင်ပွဲဝင်အားကစားအဖွဲ့ဝင်များအား ဂုဏ်ပြုမှတ်တမ်းများ ပေးအပ်ခဲ့သည်။

**(မောင်မောင်ဇော်)**




## ဗြိတိန်ရဲ့ ဒုတိယဈေးအကြီးဆုံး ကစားသမားဖြစ်လာမယ့် တောင်ပံကစားသမား စတာလင်

**နိုင်လင်းကြည်**

စတာလင်ကို ခေါ်ယူဖို့ မန်စီးတီးအသင်းရဲ့ ပြောင်းရွှေ့ကြေးပေါင် ၄၉ သန်းနဲ့ ကမ်းလှမ်းလာခဲ့တာကို လီဗာပူးအသင်းက သဘောတူလက်ခံခဲ့ပါပြီ။ တောင်ပံကစားသမား စတာလင်အနေနဲ့ကတော့ လီဗာပူးအသင်းကနေ ထွက်ခွာခွင့်ရဖို့လီဗာပူးအသင်းတာဝန်ရှိသူတွေကို တောင်းဆိုခဲ့တာ ပြီးခဲ့တဲ့ ဇွန်လကတည်းကပါ။ ဒါပေမယ့် အဲဒီဇွန်လတုန်းက မန်စီးတီးအသင်းအနေနဲ့ စတာလင်ကို အီတီဟက်ဒ်အရောက်ခေါ်ဖို့ နှစ်ကြိမ်အထိ ကြိုးစားခဲ့ပါသေးတယ်။ လီဗာပူးအသင်းကတော့ နှစ်ကြိမ်စလုံးကို ငြင်းပယ်ခဲ့ပါတယ်။

ဒါပေမယ့် အခုတစ်ကြိမ်ကမ်းလှမ်းလာခဲ့မှုကိုတော့ လီဗာပူးအသင်းက ကျေကျေနပ်နပ်ကြီးလက်ခံခဲ့တယ်လို့ ဆိုရမှာပါ။အဲဒါကလည်း ကနဦးအနေနဲ့ပေါင် ၄၅ သန်းရရှိမှာဖြစ်တဲ့အပြင် နောက်ထပ်လေးသန်းထပ်မံရရှိမှာဖြစ်လို့ လက်ခံခဲ့တာပါ။ စတာလင်ကို အန်ဖီးလ်ကွင်းကြီးဆီခေါ်ခဲ့တုန်းက ချုပ်ဆိုခဲ့တဲ့ စာချုပ်ပါအချက်တွေကြောင့် လီဗာပူးအသင်းအနေနဲ့ စတာလင်ကို ရောင်းလို့ရတဲ့ ငွေကြေးပမာဏထဲကနေ အသင်းဟောင်းကျူပီအာကို ၂၀ ရာခိုင်နှုန်း ခွဲပေးရဦးမှာဖြစ်ပါတယ်။

စတာလင်အနေနဲ့ ကျူပီအာအသင်းအတွက်တော့ မကစားခဲ့ပါဘူး။ ဒါပေမယ့် လီဗာပူးအသင်းအတွက်တော့ ၂၀၁၂ ကစပြီး ပရီမီယာလိဂ်ပွဲ ၉၅ပွဲအပါ ပွဲပေါင်း ၁၂၉ ပွဲကစားပေးခဲ့ပါတယ်။ စတာလင်ဟာ မန်စီးတီးအသင်းကို ပြောင်းရွှေ့ကြေးပေါင် ၄၉ သန်းနဲ့ ပြောင်းရွှေ့ကစားဖို့ သဘောတူလိုက်ပြီးဖြစ်တာကြောင့် ဈေးအကြီးဆုံး အင်္ဂလန်ကစားသမားတစ်ဦးအဖြစ်လည်း မှတ်တမ်းဝင်လာခဲ့ပါပြီ။ ဒ့ါအပြင် စတာလင်ဟာ ပီအက်စ်ဂျီနောက်ခံလူမာကွင်ဟိုနဲ့ မန်ယူက လောလောဆယ်ခေါ်ယူထားပြီးဖြစ်တဲ့ နယ်သာလန်တိုက်စစ်မှူး ဒီပေးတို့ကိုကျော်ဖြတ်ပြီး ဥရောပရဲ့ တန်ဖိုးအကြီးဆုံးလူငယ်ကစားသမားတစ်ဦး ဖြစ်လာတဲ့အကြောင်းကိုလည်း လေ့လာသုံးသပ်သူတချို့က ဆိုထားပါတယ်။

ဗြိတိန်ရဲ့ ဈေးအကြီးဆုံးကစားသမားစာရင်းမှာတော့ ရီးယဲလ်မက်ဒရစ်ကို ပေါင် ၈၅ ဒသမ ၃ သန်းနဲ့ ပြောင်းသွားတဲ့ ဂါရတ်ဘေးလ်ပြီးရင် စတာလင်ဟာ ဒုတိယဈေးအကြီးဆုံးကစားသမားတစ်ဦးလည်းဖြစ်လာခဲ့ပါတယ်။ တိုက်စစ်မှူး အန်ဒီကာရိုးက ပေါင် ၃၅ သန်းနဲ့ စတာလင်ရဲ့နောက် တတိယဈေးအကြီးဆုံးကစားသမားအဖြစ် ရပ်တည်နေခဲ့ပါတယ်။ အဲဒါဟာ ၂၀၁၁ တုန်းက နယူးကာဆယ်ကနေ လီဗာပူးကိုပြောင်းခဲ့တဲ့ ဈေးနှုန်းပါ။

စတုတ္ထဈေးအကြီးဆုံးကစားသမားကတော့ ၂၀၀၂ က မန်ယူကို ပေါင်သန်း ၃၀ နဲ့ ပြောင်းလာတဲ့ ဖာဒီနန်ပဲဖြစ်ပါတယ်။ ဖာဒီနန်နောက်မှာတော့ အခုနှစ်မှာပဲ ဆောက်သမ်တန်ကနေ မန်ယူကို ပေါင် ၂၇ သန်းနဲ့ ပြောင်းလာခဲ့တဲ့ လုခ်ရှောက ပဉ္စမမြောက် ဈေးအကြီးဆုံးကစားသမားအဖြစ် ရပ်တည်နေခဲ့ပါတယ်။

၂၀၀၄ က အဲဗာတန်ကနေ မန်ယူကို ပေါင် ၂၇ သန်းနဲ့ ပြောင်းလာခဲ့တဲ့ တိုက်စစ်မှူး ရွန်းနီဟာ ဆဋ္ဌမနေရာမှာရပ်တည်နေပြီးတော့ ၂၀၁၀ က အက်စ်တွန်ဗီလာကနေ မန်စီးတီးကို ပေါင် ၂၆ သန်းနဲ့ ပြောင်းလာခဲ့တဲ့ ဂျိမ်းစ်မီနာကတော့ သတ္တမဈေးအကြီးဆုံးနေရာမှာ ရပ်တည်နေတာကို တွေ့ရမှာပါ။

မန်စီးတီးအသင်းအနေနဲ့ အခုလို စတာလင်ကို ဈေးကြီးပေးပြီး ဘာလို့ဝယ်သလဲဆိုရင်တော့ အခုစတာလင်ရဲ့အသက်က (၂၀)ဆိုပေမယ့်အရွယ်နဲ့ မလိုက်အောင်ထူးချွန်တဲ့ကစားသမားဖြစ်နေတာကြောင့်လို့ပဲ ပြောရမှာပါ။ စတာလင်ဟာ ၂၀၁၂-၂၀၁၃ ဘောလုံးရာသီတုန်းကဆိုရင် အသက်က (၁၇)ပဲရှိသေးတယ်။ လီဗာပူးနဲ့အတူ ၂၄ ပွဲ ပါဝင်ကစားခဲ့တယ်။ ဖန်တီးပေးနိုင်မှု နှစ်ကြိမ်လုပ်နိုင်ခဲ့ပြီးတော့ နှစ်ဂိုးသွင်းယူပေးနိုင်ခဲ့တယ်။

၂၀၁၃-၂၀၁၄ ဘောလုံးရာသီမှာတော့ ၃၃ ပွဲပါဝင်ကစားပေးခဲ့တဲ့အပြင် ဖန်တီးပေးနိုင်မှု ငါးကြိမ်နဲ့အတူ သွင်းဂိုး ကိုးဂိုးအထိ သွင်းယူပေးနိုင်ခဲ့တယ်။ ၂၀၁၄-၂၀၁၅ ဘောလုံးရာသီမှာတော့ ၃၅ ပွဲပါဝင်ကစားပေးခဲ့တယ်။ အဲဒီ ၃၅ ပွဲမှာ ဖန်တီးပေးနိုင်မှု ခုနစ်ကြိမ်ပြုလုပ်ပေးခဲ့ပြီး ခုနစ်ဂိုးသွင်းယူပေးနိုင်ခဲ့တယ်။ အဲဒီလိုငယ်ငယ်ရွယ်ရွယ်နဲ့ အရည်အချင်းရှိတဲ့ ကစားသမားမျိုးဖြစ်တာမို့ မန်စီးတီးအသင်းက သုံးကြိမ်သုံးခါအထိ ကမ်းလှမ်းခဲ့တာလို့ ဆိုရမှာပါ။

စတာလင်ဟာ မန်စီးတီးအသင်းနဲ့ သဘောတူထားပြီဖြစ်တာကြောင့် အခုလက်ရှိမှာတော့ အင်္ဂလန်အသင်းတွေခေါ်ယူခဲ့တဲ့ ဈေးအကြီးဆုံးကစားသမားစာရင်းမှာ ဒီမာရီယာနဲ့ တောရက်စ်တို့ပြီးရင် တတိယမြောက်ဈေးအကြီးဆုံးကစားသမားလည်းဖြစ်လာဖို့ ရှိနေခဲ့ပါတယ်။

### ပရီမီယာလိဂ်အသင်းများ၏ ဈေးအကြီးဆုံးကစားသမားခေါ်ယူမှုစာရင်း

| စဉ် | အမည် | ခေါ်ယူသည့်အသင်း | ပြောင်းရွှေ့ကြေးပေါင် |
|---|---|---|---|
| ၁ | ဒီမာရီယာ | မန်ယူ | သန်း ၆၀ |
| ၂ | တောရက်စ် | ချယ်လ်ဆီး | သန်း ၅၀ |
| ၃ | အိုဇေးလ် | အာဆင်နယ် | ၄၂ ဒသမ ၅ သန်း |
| ၄ | အဂူရို | မန်စီးတီး | ၃၈ သန်း |
| ၅ | မာတာ | မန်ယူ | ၃၇ သန်း |
| ၆ | အန်ဒီကာရိုး | လီဗာပူး | ၃၅ သန်း |
| ၇ | ဆန်းချက်ဇ် | အာဆင်နယ် | ၃၅ သန်း |
| ၈ | ဖာနန်ဒင်ဟို | မန်စီးတီး | ၃၄ သန်း |
| ၉ | ရော်ဘင်ဟို | မန်စီးတီး | ၃၂ ဒသမ ၅ သန်း |
| ၁၀ | မန်ဂါလာ | မန်စီးတီး | ၃၂ သန်း |

## ညွန့်ပေါင်းအသင်းနှင့် အနုပညာရှင်များအသင်း ချစ်ကြည်ရေးဘောလုံးပြိုင်

**ဟသ်ာတ ဇူလိုင် ၁၃**

ဟသ်ာတခရိုင် ဘောလုံးအားကစားအဆင့်အတန်းမြင့်မားလာစေရေး၊ မျိုးဆက်သစ်အားကစားကောင်းများ ပေါ်ထွန်းလာစေရေးနှင့် ဩဂုတ်လတွင်ကျင်းပမည့် ခရိုင်အဆင့်အားကစားပြိုင်ပွဲအကြို လှုပ်ရှားမှုအဖြစ် ဟသ်ာတမြို့ ပြည်သူ့အားကစားကွင်း၌ ဇူလိုင် ၁၂ ရက် ညနေ၃နာရီခွဲက U-20၊ U-23 ညွန့်ပေါင်းအသင်းနှင့် ရုပ်ရှင်အနုပညာရှင်များအသင်း ချစ်ကြည်ရေးဘောလုံးပြိုင်ပွဲကိုကျင်းပသည်။

ပြိုင်ပွဲမစတင်မီ အနုပညာရှင်များက တေးသီချင်းများနှင့် ဖျော်ဖြေပေးခဲ့ပြီး ဟသ်ာတမြို့ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း အားကစားကွင်းပြန်လည်ပြုပြင်ရန်အတွက် အလှူငွေကျပ်သိန်း ၅၀ ကို ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်က ပေးအပ်ရာ အမှတ်(၃)ကျောင်းအုပ်ဆရာကြီးက လက်ခံရယူသည်။

ထို့နောက် ဟသ်ာတမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးငွေးဦးက ရုပ်ရှင်အနုပညာရှင်များအသင်းနှင့် နိုင်ငံ့ဂုဏ်ဆောင် U-20၊ U-23 ကစားသမားများအတွက် ဂုဏ်ပြုဆုငွေနှင့် စရိတ်ချီးမြှင့်ငွေကျပ် ၃၅ သိန်းကို ပေးအပ်ရာ မြန်မာ U-23 အသင်းခေါင်းဆောင် နေလင်းထွန်းနှင့် သရုပ်ဆောင်သူထူးစံတို့က လက်ခံရယူသည်။

ယင်းနောက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်က ဟသ်ာတမြို့နယ်ရှိ အထက၊ အထက(ခွဲ)ကျောင်းများအတွက် ဘောလုံးအလုံး ၁၀၀ ကို ပေးအပ်လှူဒါန်းရာ သက်ဆိုင်ရာကျောင်းများရှိ တာဝန်ရှိသူများက လက်ခံရယူပြီး U-20၊ U-23 အားကစားသမားများအတွက် ထူးမြတ်ဧရာကုမ္ပဏီလီမိတက်က ဂုဏ်ပြုဆုငွေကျပ်ငါးသိန်းနှင့် အမှတ်တရလက်ဆောင်များ ပေးအပ်ရာ U-23 အသင်းခေါင်းဆောင် နေလင်းထွန်းနှင့် U-20 ကစားသမား နန်းဝေမင်းတို့က လက်ခံရယူကြသည်။

ယင်းနောက် နှစ်ဖက်အားကစားသမားများအား တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်နှင့် ဟသ်ာတမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးငွေးဦး၊ သစ်တောနှင့်သတ္တုဝန်ကြီး ဦးစိုးမြင့်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစန်းငွေးတို့က လိုက်လံနှုတ်ဆက်ကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ကွင်းအဖွင့်ဘောလုံးကို စတင်ကန်သွင်းပေးပြီး ပြိုင်ပွဲကို စတင်ကစားခဲ့ကြသည်။

အဆိုပါဘောလုံးပြိုင်ပွဲသို့ ခရိုင်နှင့်မြို့နယ်ဌာနဆိုင်ရာများ၊ ဖွံ့/ထောက်အဖွဲ့များ၊ ဘောလုံးဝါသနာရှင်များ၊ ကျောင်းသား ကျောင်းသူများ၊ ဟသ်ာတမြို့သူ မြို့သားများတက်ရောက်၍ ပျော်ရွှင်စွာကြည့်ရှုအားပေးခဲ့ကြသည်။

**ကျော်ကျော်(ဟသ်ာတ)**

## ကျောင်းပေါင်းစုံပြေးခုန်ပစ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပ

**ရန်ကုန် ဇူလိုင် ၁၃**

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အားကစားနှင့်ကာယပညာကော်မတီမှ ကြီးမှူးကျင်းပသည့် ကော်မတီဥက္ကဋ္ဌဖလား ကျောင်းပေါင်းစုံ ပြေးခုန်ပစ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယမန်နေ့နံနက်၉နာရီက ပြည်ထောင်စုလမ်းမကြီးရှိ အမှတ်(၂၉) ရပ်ကွက် မသန်စွမ်းအားကစားအဖွဲ့ချုပ် အားကစားကွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးတင်ညွန့်က မီတာ ၁၀၀၊ မီတာ ၄၀၀ သံလုံးပစ်၊ လှံတံပစ် ပြိုင်ပွဲများတွင် ဆုရရှိသူများအား ဆုတံဆိပ်များချီးမြှင့်ပေးအပ်ခဲ့သည်။ အဆိုပါ အခမ်းအနားသို့ ဌာနဆိုင်ရာ တာဝန်ရှိသူများတက်ရောက်ခဲ့ကြကြောင်းသိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ဝိုင်းမော်မြို့နယ်၌ အားကစားပြိုင်ပွဲများ ကျင်းပ

**ဝိုင်းမော် ဇူလိုင် ၁၃**

၂၀၁၅ ခုနှစ် ပထမအကြိမ် မြို့နယ်အားကစားဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်(TSDP)အရ ဝိုင်းမော်မြို့နယ်အားကစားနှင့်ကာယပညာကော်မတီဥက္ကဋ္ဌဖလား ဘောလုံး၊ ဘော်လီဘောနှင့်ပိုက်ကျော်ခြင်းပြိုင်ပွဲ ကွင်းဖွင့်ပွဲကို ဇူလိုင် ၈ ရက်က မြို့နယ်အားကစားကွင်း၌ကျင်းပရာ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါ်ဘောက်ဂျာ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမြအောင်နှင့်တာဝန်ရှိသူများ၊ အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်အားပေးကြည့်ရှုကြပြီး မြို့နယ်အားကစားနှင့်ကာယပညာကော်မတီ ဥက္ကဋ္ဌ ဦးချမ်းငြိမ်းအောင်က ဖွင့်လှစ်ပေးသည်။

ဘောလုံးပြိုင်ပွဲတွင် ၁၆ သင်း၊ ဘော်လီဘောပြိုင်ပွဲတွင် ၁၂ သင်း၊ ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ၁၀ သင်း ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

**(၄၉၉)**

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

# ယူနက်စကိုကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင်ထိုက်သော

# ပုဂံ မြစေတီကျောက်စာ

**ခ မဟာသဒ္ဓမ္မဇောတိကဓဇစည်သူဒေါက်တာခင်မောင်ညွန့်**

မန္တလေးမြို့ ကုသိုလ်တော်ဘုရားကြီးပရိဝုဏ်အတွင်း မင်းတုန်းမင်းကြီး စိုက်ထူလှူထားခဲ့သော ပဋ္ဌမသင်္ဂါယနာတင်၊ ပိဋကတ်သုံးပုံကျောက်ထက် အက္ခရာတင် ကျောက်ချပ်ကြီးပေါင်း ၇၂၉ ချပ်(ဓမ္မစေတီ)တို့ကို လွန်ခဲ့သော နှစ်နှစ်ကျော်က ယူနက်စကိုအဖွဲ့ကြီးက ကမ္ဘာ့ယဉ်ကျေးမှုအမွေ (Memory of the World) စာရင်းသို့ မှတ်တမ်းတင်စာရင်းသွင်းပြီးဖြစ်သည်။ အရှေ့၊ အနောက်နိုင်ငံများမှ ပညာရှင်တို့က ယင်းဓမ္မစေတီကျောက်စာတို့ကို ဘာသာပြန်ရန် လာရောက်စကားကမ်းလာကြသည်။

မြန်မာနိုင်ငံအဝှမ်းရှိ ရှေးဟောင်းဒေသများတွင် အလားတူ ကျောက်စာ၊ မင်စာ၊ ခေါင်းလောင်းကမ္ပည်းစာများစွာရှိသည်။ ယင်းတို့အနက် ပုဂံမြို့ဟောင်းရှိ မြစေတီကျောက်စာသည် ထင်ရှားလှသော၊ ကျောက်စာဖြစ်သည်။ မြစေတီဘုရားအနီးတွင် တွေ့ရသောကြောင့် မြစေတီကျောက်စာဟုတွင်သည့်အပြင် ကျောက်စာရေးထိုးလှူဒါန်းသော ရာဇကုမာမင်းသားကို အကြောင်းပြုပြီး ရာဇကုမာကျောက်စာဟုလည်း ခေါ်ကြသည်။ အလားတူ ကျောက်စာ တစ်တိုင်ကို ပုဂံမြို့ဟောင်းမြင်းကပါကူပြောက်ကြီးဘုရားတွင်လည်း တွေ့ရသောကြောင့် မြင်းကပါကူပြောက်ကြီး ကျောက်စာဟူ၍လည်း ခေါ်ကြသေးသည်။

ယင်းကျောက်စာတို့ကို ဗြိတိသျှကိုလိုနီခေတ်ဦးက ပထမဦးဆုံးကျောက်စာဝန်ဖြစ်သော ဒေါက်တာအီးဖော်ချားမားကတွေ့ပြီး သုတေသနပြုဖော်ထုတ်ပုံနှိပ်လိုက်သောကြောင့် ကမ္ဘာ့ပညာရှင်လောကတွင် ကျော်ကြားအသိများသွားပါသည်။ ဖော်ချားမားအဆိုအရ ရာဇကုမာမင်းသားသည် ကျောက်စာတိုင်နှစ်ခုရေးထိုးပြီး တစ်ခုကို မြစေတီဘုရားဝင်းတွင်လည်းကောင်း၊ နောက်တစ်ခုကို မြင်းကပါကူပြောက်ကြီးဘုရားတွင်လည်းကောင်း စိုက်ထူခဲ့သည်။ မြစေတီအနီးကျောက်စာတိုင်သာ အကောင်းပကတိရှိနေပြီး မြင်းကပါကူပြောက်ကြီး ကျောက်စာတိုင်မှာ သုံးပိုင်းကျိုးနေသည်ကို တွေ့ရသည်။

ဤကျောက်စာရေးထိုးသောနှစ်မှာ မြန်မာသက္ကရာဇ် ၄၇၄ ခရစ်နှစ် အေဒီ ၁၁၁၂ ဖြစ်သောကြောင့် ယနေ့ မြန်မာသက္ကရာဇ် ၁၃၇၇ ခရစ်နှစ် အေဒီ ၂၀၁၅ တွင် ကျောက်စာ၏ သက်တမ်း ၉၀၃ နှစ် ရှိလေပြီ။ ကျောက်စာတိုင်တွင် လေးမျက်နှာရှိပြီး တစ်မျက်နှာတွင် ဘာသာစကားတစ်မျိုးစီနှင့် လေးမျိုးရေးထိုးထားသည်။ မှတ်တမ်းပြုလိုသောအကြောင်းအရာကို လေးဘာသာစကားနှင့် မော်ကွန်းတင်ထားခြင်းဖြစ်သည်။ လေးဘာသာစကားများမှာ (၁)ပါဠိ၊ (၂)ပျူ၊ (၃)မွန်နှင့် (၄)မြန်မာဖြစ်သည်။

ကျောက်စာ၏နောက်ခံသမိုင်းကို ရှင်းပြရပါလျှင် ပုဂံ၊ အနော်ရထာမင်း (၁၀၄၄-၁၀၇၇ အေဒီ) လွန်သောအခါ သားတော်စောလူးမင်းနန်းတက်သည်။ သူ့နောက်တွင် ကျန်စစ်သားနန်းတက်သည်။ စစ်သူကြီးဘဝတွင် အနော်ရထာ၏ အထင်လွဲပြီး ရာဇမာန်ရှမှုကြောင့် ထွက်ပြေးတိမ်းရှောင်ပုန်းအောင်းနေခဲ့ရသည်။ ထိုစဉ်က စစ်သူကြီးကျန်စစ်သားသည် ဘုန်းကြီးကျောင်းတစ်ခုတွင် ပုန်းအောင်းနေစဉ် ရဟန်းတူမ သမ္ဘူလနှင့် ရည်ငံမိသည်။ သမ္ဘူလကိုယ်ဝန်ရှိလာသောအခါ ထိုနေရာမှပြောင်းရွှေ့ ပုန်းအောင်းရပြန်သည်။ လက်ဝတ်ရတနာ ပတ္တမြားလက်စွပ်ကို သမ္ဘူလအားပေးပြီး ယောကျ်ားလေးမွေးပါက ပတ္တမြားလက်စွပ်သက်သေပြုပြီး မိမိရှိရာသို့ လိုက်လာရန်၊ သမီးမွေးပါက ပတ္တမြားလက်စွပ်ထုခွဲရောင်းချပြီး လယ်ယာကိုင်းကျွန်း၊ ကျေးကျွန်များဝယ်ယူပြီး နေထိုင်ရန်မှာခဲ့သည်။

ကျန်စစ်သား နန်းတက်လာသောအခါ ထုံးစံအရ နန်းသိမ်းပွဲတွင် နန်းတက်မိဖုရားများနှင့် နန်းတက်ရသည်။ ထိုမိဖုရားများနှင့် ရသောကလေးများမှာ မိန်းကလေးများသာဖြစ်သည်။ သို့သော် သမီးတော်တစ်ပါးတွင် ယောကျ်ားကလေးတစ်ဦး ထွန်းကားလာသည်။ ကျန်စစ်သား၏ တစ်ဦးတည်းသော သားယောကျ်ား မြေးတော်ဖြစ်လာသည်။ သားကားအချစ်၊ မြေးကားအနှစ်ဟူသော စကားတွင်လာစေသော အမိန့်တော်တစ်ရပ်ထုတ်သည်။ နောင်အခါ အလောင်းစည်သူမင်း ဖြစ်လာမည့် မြေးတော်ကလေးအား ရင်ခွင်ပိုက် ဘုရင်မြှောက်ပြီး မိမိ၏နန်းမွေခံသတ်မှတ်လိုက်သည်။

ယင်းသို့ဆောင်ရွက်ပြီး၍ ကာလအတန်ကြာသောအခါ သမ္ဘူလသည် လူလားမြောက်လာသော သားတော်နှင့်အတူ ပတ္တမြားလက်စွပ်သက်သေပြုပြီး နန်းတော်သို့ရောက်လာကြသည်။ ကျန်စစ်သားမင်းသည် များစွာ ယူကြုံးမရဖြစ်သွားသည်။ မင်းတို့မည်သည် ထုတ်ပြီးသောအမိန့်ကို ပြန်၍ရုပ်သိမ်းခြင်းမပြုအပ်သောကြောင့် ပြေလည်စွာစီမံပါသည်။ သမ္ဘူလအား "ဦးဆောက်ပန်း" ဘွဲ့နှင့် မိဖုရားမြှောက်သည်။ သားတော်ကိုလည်း ရာဇကုမာဘွဲ့နှင့် မင်းသားအရာပေးပြီး ကံကျွေးခံ လယ်ယာမြေ၊ ကျွန်၊ ခြွေရံသင်းပင်းများစွာကို ပေးသနားတော်မူသည်။ မိခင် သမ္ဘူလနှင့် သားတော်နှစ်ဦးစလုံးသည် ခမည်းတော်၏စီမံမှုကို ကျေနပ်စွာ ခံယူကြပြီး ငြိမ်းချမ်းစွာနေကြသည်။

ကျန်စစ်သားမင်းကြီး ဇရာအိုဘဝသို့ရောက်လာသောအခါ ကံကုန်ခါနီးလာသည်။ သားတော်ရာဇကုမာသည် ခမည်းတော်၏ကျေးဇူးတရားကိုသိ၍ ရွှေသားဗုဒ္ဓဆင်းတုတစ်ဆူသွန်းပြီး ခမည်းတော်အတွက်ရည်စူး၍ လှူဒါန်းသည်။ ရှင်အရဟံအပါအဝင် ထေရ်ကြီးရဟန်းတို့နှင့်တကွ မင်းပရိသတ်အလယ် ခမည်းတော် ရှေ့မှောက်တွင် ရွှေဆင်းတုတော်လှူပွဲကြီး ကျင်းပရေစက်ချသည်။ ခမည်းတော်ကျန်စစ်သားသည် နှစ်ထောင်းအားရစွာ သာဓု အနုမောဒနာ သုံးခါရွတ်ဆိုတော်မူသည်။ ရွှေဆင်းတုကို စေတီတွင် ဌာပနာသည်။ ထို့အပြင် ခမည်းတော်ချီးမြှင့်ထားသော ကံကျွေးခံ၊ နယ်ပယ်၊ လယ်ယာ၊ ခြံမြေ၊ ကျေးကျွန်၊ ကျွဲနွားအားလုံးကိုလည်း

> ယင်းအကြောင်းအရာတို့ကို မော်ကွန်းတင်ရစ်စေရန် ဘာသာစကားလေးမျိုးနှင့် ရေးထိုးသော ကျောက်စာ. .

ကောင်း၊ မယ်တော်သမ္ဘူလကပေးခဲ့သော အမွေလယ်ယာကျေးကျွန်အားလုံးကိုလည်းကောင်း ခမည်းတော်၊ မယ်တော်တို့ကို ရည်စူး၍ရတနာ သုံးပါးသို့လှူသည်။

ယင်းအကြောင်းအရာတို့ကို မော်ကွန်းတင်ရစ်စေရန်၊ ဘာသာစကားလေးမျိုးနှင့်ရေးထိုးသော ကျောက်စာတိုင်ကို မြစေတီဝင်းတွင်လည်းကောင်း၊ မြင်းကပါကူပြောက်ကြီးဘုရားတွင်လည်းကောင်း စိုက်ထူထားခြင်းဖြစ်ပါသည်။ ဤကျောက်စာတိုင် နှစ်တိုင်ပါ ကျောက်စာတို့ကိုလေ့လာအကဲဖြတ်ကြည့်ပါက (၁) ဘာသာရေး၊ (၂) ဘာသာစကားစာပေ၊ (၃)သမိုင်း၊ (၄) ရှေးဟောင်းယဉ်ကျေးမှုအမွေတန်ဖိုးတို့ကို တွေ့ရပါသည်။

(၁) ပုဂံတွင် ထေရဝါဒဗုဒ္ဓဘာသာ အမြစ်တွယ်ကြီးမားစည်ကားပြန့်ပွားနေကြောင်း သိရပါသည်။ ဗုဒ္ဓဘာသာ၏ အဆုံးအမတွင်ပါသော လူမှုရေးတာဝန်နှင့်ဝတ္တရားတို့ကို ကောင်းစွာလိုက်နာကျင့်သုံးနေကြောင်း သိရသည်။ ရာဇကုမာမင်းသားသည် ကျန်စစ်မင်း၏ သားတော်ဖြစ်ပြီး နန်းမွေခံထိုက်သူဖြစ်လင့်ကစား၊ ခမည်းတော်က မြေးတော်အားနန်းမွေခံရွေးပြီးဖြစ်၍ နန်းမွေခံနှင့် လွဲခဲ့ရသော်လည်း ခမည်းတော်အား အာဃာတမထား ဇွေမယူဘဲ၊ ခမည်းတော် စီမံမှုကို ရိုသေစွာနာခံခဲ့သည်။ ထို့အပြင် ဗုဒ္ဓဘုရား၏ အဆုံးအမဖြစ်သော သားသမီးဝတ်တရားငါးပါးနှင့်အညီ ဇရာအိုခမည်းတော်အတွက် ကုသိုလ်ကောင်းမှုပြုပြီး လှူဒါန်း အမျှဝေသည်။ ပုဂံခေတ်တွင် အုပ်ချုပ်သူ မင်းစိုးရာဇာတို့မှသည် တောင်သူလယ်သမား၊ ပြည်သူများအထိ ဗုဒ္ဓ၏ အဆုံးအမအတိုင်း မင်းနှင့်ပြည်သူ၊ မိဘနှင့်သားသမီး၊ အရှင်နှင့်ကျွန် ဆရာနှင့်တပည့် အပြန်အလှန် လိုက်နာရသော တာဝန်နှင့်ဝတ္တရားငါးပါးတို့ကို ကျင့်သုံးကြကြောင်း သိရသည်။

(၂) ဘာသာစကားနှင့်စာပေဘက်မှ သုံးသပ်ကြည့်ပါက ပါဠိ၊ ပျူ၊ မွန်နှင့် မြန်မာစကားစာပေများနှင့်ရေးထိုးထားသောကြောင့် ပုဂံပြည်ကြီးကောင်းစားစဉ် နှစ်ပေါင်းသုံးရာကျော်ကာလအချိန်တွင် ယင်းဘာသာစကား လေးမျိုးစလုံး ပုဂံပြည်ကြီး၌ တွင်ကျယ်စွာပြောဆိုသုံးစွဲနေသည်ဟု သိရသည်။ ထို့အပြင် ပျူ၊ မွန်၊ မြန်မာအစရှိသော မြန်မာ့တိုင်းရင်းသားမျိုးနွယ်စုတို့ ပုဂံနေပြည်တော်ကြီးနှင့် နိုင်ငံအဝှမ်းတွင် အတူတကွ နေထိုင်လျက်ရှိနေသည်ကိုလည်း ခန့်မှန်း၍ရသည်။ ပါဠိသည် ထေရဝါဒဗုဒ္ဓဘာသာ၏ အဓိကစကားစာပေဖြစ်သောကြောင့် ဗုဒ္ဓဘာသာ၏ ပျူ၊ မွန်၊ မြန်မာတို့အားလုံး တတ်ကျွမ်းကြသည်ဟုလည်း တွက်ဆ၍ရသည်။ အခြားပုဂံကျောက်စာများတွင်လည်း ပါဠိ၊ ပျူ၊ မွန်၊ မြန်မာစာများကို ပူးတွဲတွေ့ရှိရပါသည်။

(၃) သမိုင်းတန်ဖိုးဘက်မှ ကြည့်ပါက ဤကျောက်စာတွင်ပါသော ခုနှစ် သက္ကရာဇ်များသည် ခေတ်ပြိုင်ထိုးများဖြစ်သောကြောင့် အနော်ရထာ၊ စောလူး၊ ကျန်စစ်သား၊ အလောင်းစည်သူမင်းတို့၏ နန်းတက်၊ နန်းစံကာလနှင့် ကံကုန်သောနှစ်များကို နှိုင်းယှဉ်ချိန်ကိုက်၍ ရနိုင်ပါသည်။ သုတေသီဒေါက်တာဖော်ချားမားက ဤကျောက်စာကို လေ့လာရာတွင် အဓိပ္ပာယ်ဖော်မရသော ပျူစကားလုံးတို့ကို မွန်၊ မြန်မာ၊ ပါဠိတို့နှင့် တိုက်ဆိုင်ညှိနှိုင်း၍ ဖော်ရခဲ့ပါသည်ဟု ဆိုထားပါသည်။ ဤ ရာဇကုမာကျောက်စာ(ဝါ) မြစေတီကျောက်စာ (ဝါ) မြင်းကမ္ဘာဂူပြောက်ကြီး ကျောက်စာကို မင်လိမ့်ကော်ပီ၊ အင်္ဂလိပ် မြန်မာဘာသာပြန်များကို မြန်မာကမ္ပည်း ကျောက်စာဌာန (Epigraph Office Indian Anchaeo Logical Survey Burma Branch)က ပုံနှိပ်ထုတ်ဝေသော စာအုပ်တွဲကြီး ပေါင်း ၆ တွဲ ဖော်ပြထားပြီးဖြစ်ပါသည်။ နှောင်းခေတ်တွေ့ရသော ပျူ၊ မွန်၊ ရခိုင်၊ ရှမ်း စသောကျောက်စာများကို လေ့လာရာတွင် ဤရာဇကုမာကျောက်စာပါ ဘာသာလေးမျိုးကို ကိုးကားမှီငြမ်းပြုကြရပါသည်။

ရှေးဟောင်းအမွေအနှစ် (Cultural Heritage) တန်ဖိုးဖြတ်ပါက ဤကျောက်စာသက်တမ်းသည် ယနေ့ ၂၀၁၅ ခုနှစ် မြန်မာသက္ကရာဇ် ၁၃၇၇ တွင် သက်တမ်း ၉၀၃ ခုရှိပြီ။ ထို့ကြောင့် ကမ္ဘာ့ယဉ်ကျေးမှု အမွေစာရင်းဝင်ဖြစ်သင့်သည်မှာ ကြာလေပြီ။ နိုင်ငံတကာရှိ ပညာရှင်တို့က မြစေတီကျောက်စာကို ရိုဇက်တာ (Rosetta) ကျောက်စာနှင့် နှိုင်းယှဉ်လေ့လာကာ တန်ဖိုးအကဲဖြတ်လျက်ရှိကြသည်။

ရိုဇက်တာကျောက်စာဆိုသည်မှာ အီဂျစ်နိုင်ငံ နိုင်းလ်မြစ်ဝကျွန်းပေါ်ရှိ ရိုဇက်သာအမည်ရှိ ကျေးရွာအနီးတွင်တွေ့ရသော ရှေးကျောက်စာတုံးဖြစ်သည်။ ပြင်သစ်နိုင်ငံကို အုပ်ချုပ်သော နပိုလီယန် ဘိုနာပတ်စစ်ဘုရင်ကြီးသည် ၁၇၉၉ ခုနှစ်က အင်္ဂလိပ်တို့နှင့် စစ်ဖြစ်ရာ ထိုစဉ်က အင်္ဂလိပ်တို့ ဩဇာခံနိုင်ငံဖြစ်နေသော အီဂျစ်သို့ စစ်တပ်စေလွှတ်ပြီး အင်္ဂလိပ်စစ်စခန်းတို့ကို တိုက်ခိုက်စေပါသည်။

The Battle of the Nile တွင် ပါဝင်နေရသော ပြင်သစ်စစ်ဗိုလ်ကလေးသည် တိုက်ပွဲရပ်နားချိန်တွင် နီးနားဝန်းကျင်သို့ သွားရောက်ပြီး ရှေးဟောင်းအဆောက်အအုံများကို ဝါသနာရလေ့လာကြည့်သည်။ ရိုဇက်တာရွာအနီး ရှေးဟောင်းအဆောက်အအုံပျက်အတွင်း၌ ကျောက်စာတုံးတစ်ခု တွေ့ရသဖြင့် ကောက်ယူလာသည်။ ကျောက်တုံးမှာ မီးတောင်ချော်ရည် Lava မှဖြစ်သော ကျောက်တုံးအမည်း အမျိုးအစားဖြစ်သည်။

အင်္ဂလိပ်တို့စစ်နိုင်သောကြောင့် စစ်ရှုံးသော ပြင်သစ်တို့ဘက်မှ အီဂျစ်ဆိပ်ကမ်းမြို့တော် Alexandria ကို သိမ်းပိုက်သည်။ ရိုဇက်တာကျောက်စာတုံးကိုလည်း ယူသွားကြရာ ယနေ့အထိ လန်ဒန်မြို့ ဗြိတိသျှပြတိုက်တွင် ပြသထားသည်။ သုံးပေ ကိုးလက်မ အမြင့်၊ နှစ်ပေလေးလက်မခွဲ အကျယ်နှင့် ၁၁ လက်မထုရှိသော ရိုဇက်တာ ကျောက်စာတုံးသည် အပေါ်ပိုင်းနှင့် ညာဘက်ထောင့်များ ကျိုးနေသည်။ ကျိုးသောအပိုင်းအစများကို ယနေ့အထိ မတွေ့ရပါ။ ကျောက်စာထိုးသောနှစ်မှာ ဘီစီ ၁၉၆ နှစ်ဖြစ်သည်။

မြစေတီကျောက်စာထက် သက်တမ်းများစွာ ကြီးသည်။ ကျောက်စာတုံးတွင် (၁) ရှေးအီဂျစ်အရုပ်စာ hieroglyphon (၂) ရှေးဟောင်း ဟီဘရူးဘာသာဖြစ်သော demotics နှင့် (၃) ရှေးဟောင်းဂရိ (ခေါမ) ဘာသာစကားများနှင့် အကြောင်းအရာတစ်ခုကို မော်ကွန်းတင်ထားသည်။ အီဂျစ်ရှေးဟောင်းအရုပ်စာတို့ကို အဓိပ္ပာယ်ဖွင့်ရန်ခဲယဉ်းလှသည်။ ရိုဇက်တာကျောက်စာကို အကြောင်းပြုပြီး အဓိပ္ပာယ်ဖွင့်နိုင်လာကြသည်။

သုတေသီတို့သည် demotics နှင့် ရှေးဟောင်းဂရိတို့ကို လေ့လာရင်း အီဂျစ် အရုပ်စာပိုင်းကို အဓိပ္ပာယ်ဖော်နိုင်လာကြသည်။ ရိုဇက်တာ ကျောက်စာကို စတင်အဓိပ္ပာယ်ဖွင့်နိုင်သူမှာ အင်္ဂလိပ်လူမျိုး ဘာသာဗေဒပညာရှင် သောမတ်ယန်းဖြစ်သည်။

အီဂျစ်အရုပ်စာပိုင်းမှ "တိုလမီ" (Ptolemy) ဟူသော စာလုံးကိုစတင်ဖော်နိုင်လိုက်ပါသည်။ သို့သော် အားလုံးကို အဓိပ္ပာယ်ဖော်နိုင်သူမှာ ပြင်သစ်သုတေသီ ဂျန်းဖရန်ဆွာ ရှမ်ပိုလီယွန်ဖြစ်သည်။ တိုလမီ အီဂျစ်ဘုရင်က သူ့နိုင်ငံတော်အတွင်း နေထိုင်သောလူအပေါင်းတို့အား မိမိတို့ယုံကြည်သော နတ်ဘုရားတို့ကို လွတ်လပ် စွာ ကိုးကွယ်ခွင့်ပေးသော အမိန့်စာဖြစ်သည်။ မြစေတီကျောက်စာကဲ့သို့ ဘာသာရေးနှင့်ဆိုင်သော ကျောက်စာဖြစ်သည်။

အီဂျစ်ပြည်တွင်လည်း ထိုအချိန်က ယင်းဘာသာစကားသုံးမျိုး သုံးနေသော အီဂျစ်၊ ဟီဘရူးနှင့် ရှေးဟောင်းခေါမများ အတူတကွနေထိုင်နေကြကြောင်း သိရသည့်အပြင် အီဂျစ်ဘုရင်ကြီးတိုလမီက သဘောထားကြီးစွာနှင့် ဘာသာရေးကိုးကွယ်ယုံကြည်မှုတွင် လွတ်လပ်ခွင့်ပေးသည်ကို သိရသည်။ မြစေတီကျောက်စာကဲ့သို့ ရိုဇက်တာကျောက်စာသည်လည်း တိုလမီလက်ထက် ရှေးဟောင်းအီဂျစ်၏ လူမှုရေး၊ ယဉ်ကျေးမှု၊ ယုံကြည်ကိုးကွယ်မှုကို လေ့လာသိရှိနိုင်သည်။

ထို့ကြောင့် မြစေတီကျောက်စာသည် ရိုဇက်တာကျောက်စာနှင့်နှိုင်းပါက သက်တမ်းအရ များစွာဝါနုသော်လည်း အခြားတန်ဖိုးများတွင် ရိုဇက်တာကျောက်စာနှင့် တန်ဖိုးအဆင့်တူသည်။ ယနေ့ ယူနက်စကိုကမ္ဘာ့ယဉ်ကျေးမှု အမွေများစာရင်းတွင် စင်ကာပူနိုင်ငံရှိ ရက္ခဗေဒဥယျာဉ်ကိုပင် ကမ္ဘာ့ယဉ်ကျေးမှုအမွေစာရင်းတွင် ဝင်ရောက်ခွင့်ပြုပြီးဖြစ်ရာ နှစ်ပေါင်းကိုးရာသုံးနှစ် သက်တမ်းရှိနေသော ရိုဇက်တာကဲ့သို့ ပညာရှင် လောကတွင် နာမည်ကျော်နေသော ပုဂံရှေးဟောင်း မြစေတီကျောက်စာအား ယူနက်စကို၏ ရှေးဟောင်း ယဉ်ကျေးမှုအမွေစာရင်း Memory of the World စာရင်းသို့သွင်း၍ အသိအမှတ်မပြုနိုင်စရာ အကြောင်း မရှိပါ။

ဖတ်စရာ

# ဆေးစွမ်းထက်မြက် ရှားစောင်းလက်ပပ်

à ကျော်စွာ(မကွေး)

မြန်မာနိုင်ငံအပူပိုင်းဒေသများတွင် အဓိကပေါက်ရောက်သော ရှားစောင်းလက်ပပ်သည် မြန်မာ့အိမ်ရှင်မများ၏ အလှအပရေးရာနှင့် လူ့ကျန်းမာရေးကို များစွာအထောက်အကူပြုသော တိုင်းရင်းဆေးဖက်ဝင်အပင်တစ်မျိုးဖြစ်သည်။

ရုက္ခဗေဒအမည်(Barbodos Aloes)၊ ရှားစောင်းလက်ပပ်အပင်သည် ရေ၊ မြေ၊ ဥတု သဘာဝဒဏ်ကို ခံနိုင်ရည်ရှိသည့်အပြင် တော၊ တောင်၊ လယ်ယာကန်သင်းများတွင် အလေ့ကျပေါက်လေ့ရှိသော အပင်တစ်မျိုးဖြစ်သည်။

အရည်ရွှမ်းသော ပင်ပျော့ပင်ငယ်အမျိုးအစားဖြစ်ကာ အရွယ်အစားမှာ တစ်ပေမှ နှစ်ပေခန့်အထိ မြင့်လေ့ရှိပြီး ပင်စည်လုံးသီးသန့်မရှိဘဲ အပင်ခြေရင်းမှ အရွက်ငါးရွက်၊ ခြောက်ရွက်အထိ စုပြုံခက်ဖြာ၍ ထွက်လေ့ရှိသည်။ အရွက်များသည် အပေါ်ခွံအစိမ်းနုရောင်ရှိပြီး အတွင်း၌ ကျောက်ကျောကဲ့သို့ ပျစ်ချွဲသောအရည် အသားရှိကာ အလျားနှစ်တောင်ခန့်၊ အနံလေးလက်မဝန်းကျင်နှင့် အထုတစ်လက်မမှ နှစ်လက်မခန့်အထိရှိသည်။ ယင်းအပြင် ထိပ်ဖျားချွန်၍ အနားပတ်လည်တွင် ဆူးကလေးများခြားသည့် ပုံသဏ္ဍာန်လည်းရှိသည်။ အပင်၏ သုံးလေးနှစ်သက်တမ်းတွင် ရှည်လျားသောပန်းခိုင် ထွက်လာလေ့ရှိပြီး နီဝါရောင် အပွင့်လေးများ စုပြုံပွင့်လေ့ရှိသည်။

ရှားစောင်းလက်ပပ်သည် လူ့အကျိုးပြု အောက်ဆီဂျင်ဓာတ်များပါဝင်ပြီး အရေပြားဆဲလ်များကို အလိုလိုပြုပြင်သန့်မာစေသဖြင့် အရေပြားကျန်းမာရေးကို အထူးအထောက်အကူပြုသည်။ မီးလောင်နာ၊ အရည်ကြည်ဖု၊ နေလောင်ဒဏ်ကြောင့်ပျက်စီးသော အရေပြားထိခိုက်မှုများကို ရှားစောင်းလက်ပပ်အနှစ် အုံပေးခြင်းဖြင့် လျင်မြန်စွာပျောက်ကင်းစေသကဲ့သို့ အနာစိမ်း၊ နူနာ၊ ပွေး၊ ဝဲ၊ ယားနာအမျိုးမျိုးကိုလည်း မှန်မှန်လိမ်းခြင်းဖြင့် သက်သာပျောက်ကင်းစေသည်။

ယင်းပြင် ခေါင်းမလျှော်မီ တစ်နာရီအလိုတွင် ရှားစောင်းလက်ပပ်ဖြင့် ဆံပင်ကိုပွတ်သပ်လိမ်းကျံခြင်းဖြင့် တစ်လအတွင်း ဆံပင်နက်မှောင်သန်စွမ်းလာစေသည်။ ရှားစောင်းလက်ပက်သည် အမျိုးသမီးအလှကုန်ပစ္စည်းများကိုယ်သန့်စင်ဆေးရည်နှင့် ဆပ်ပြာများထုတ်လုပ်ရာတွင်လည်း အဓိကပါဝင်လေ့ရှိသည်။ ဝက်ခြံ၊ တင်းတိပ်များကိုပျောက်ကင်း၍ အသားအရေနုပျိုတင်းရင်းကာ အရွယ်မတိုင်မီ အိုမင်းခြင်းမှ ကာကွယ်ပေးနိုင်သည်။ ရှားစောင်းလက်ပက်အနှစ်ကို ပွတ်သပ်လိမ်းကျံပြီးမှ မျက်နှာသစ်ခြင်းသည် အလှကုန်ဝက်ခြံလိမ်းခြင်းနှင့် အသားလှကရင်မ်များထက် ၇၀ ရာခိုင်နှုန်း ပို၍အစွမ်းထက်ထိရောက်သည်။



မြန်မာ့ဆေးကျမ်းများအလိုအရ "ရှားစောင်းလက်ပပ်သည် အေး၍ ခါးသောအရသာရှိပြီး လေကိုနိုင်၏။အားကိုဖြစ်စေသော အစွမ်းသတ္တိရှိ၏" ဟု ဖော်ပြထားသည်ကိုတွေ့ရသည်။ ရှားစောင်းလက်ပက်၏ ပဥ္စငါးပါးကို မီးရှို့၍ရလာသောပြာကို ဆားအနည်းငယ်ခတ်၍စားလျှင် အမျိုးသမီးများ၏ မီးယပ်ရောဂါများကို ပျောက်ကင်းစေပြီး မီးယပ်သွေး စင်ကြယ်စွာဆင်း၏။ အတွင်းသားအနှစ်ကို ဗိုက်တွင်ကပ်၍အုံပေးပါက သွေးလုံး၊ လေလုံးများ အပြင်ထုတ်ပေးနိုင်၏။ မျက်စိကိုအုံပေးလျှင် မျက်စိနာခြင်း၊ ကိုက်ခြင်း၊ ပူစပ်ခြင်းများ ပျောက်၏။ အရည်ညှစ်ပြီး နားတွင်းခပ်ပေးလျှင် နားကိုက်၊ နားနာ လျင်မြန်စွာပျောက်၏။ အကျိတ်နာ၊ သွေးစုနာများပေါ်တွင် အုံ၍စည်းထားပေးပါက အကျိတ်ကြေ၍ ပြည်ပေါက်ပြီး ငန်းမန်းပျောက်စေသည်။ ကိုယ်ရေဝါ (Jaundice) ရောဂါရှိသူများ စားသုံးပေးပါက ဆီးဝမ်းသက်၍ ရောဂါပျောက်သည်။အတွင်းအနှစ်ကို လက်ချားမီးဖောက်အနည်းငယ်ဖြူး၍စားလျှင် ရေဖျဉ်းရောဂါပျောက်ကင်းသည်။ ဆန်ဆေးရေတွင်စိမ်ပြီး သကြားခပ်သောက်လျှင် အမျိုးသားများတွင်အဖြစ်များသော ဆီးပူ၊ ဆီးအောင့်၊ ဆီးထိုးခြင်းနှင့် ဆီးကျောက်တည်ခြင်း စသောဆီးရောဂါများ ပျောက်ကင်းနိုင်သည်။

ယင်းအပြင် ရှားစောင်းလက်ပပ်သည် နှလုံး၊ အဆုတ်၊ အသည်းနှင့်ဆိုင်သောရောဂါများကို ပျောက်ကင်းစေပြီး အရက်သောက်သုံးသူများအတွက်လည်း အတွင်းသားအနှစ်ကို အစိမ်းလိုက်ဝါးစားခြင်းဖြင့် အသည်းကျန်းမာရေးကို ပြန်လည်ကောင်းမွန်စေသည်။ ကင်ဆာရောဂါဆေးဝါးများတွင်လည်း အသုံးပြုလာကြပြီး ဆေးပညာသတင်းများအရ ဆေးပညာရှင်များကလည်း ရှားစောင်းလက်ပက်မှ လူ့ခန္ဓာအကျိုးပြုဓာတ်ပစ္စည်းသစ်များ ထပ်မံတွေ့ရှိရကြောင်း ထုတ်ပြန်လေ့ရှိသည်ကို လေ့လာရသည်။ ကမ္ဘာအနှံ့တွင် လူ့ကျန်းမာရေးကို အဘက်ဘက်မှ များစွာအကျိုးပြုသော ရှားစောင်းလက်ပပ်ဖြင့် ယို၊ အချိုရည်၊ သွားတိုက်ဆေး၊ မျက်နှာသစ်ဆေး၊ ဆပ်ပြာနှင့် ဆေးဝါးများတွင်ကျယ်စွာထုတ်လုပ်လာသည်ကို တွေ့ရသည်။

ဆေးဖက်ဝင် ရှားစောင်းလက်ပပ်ကို အညာဒေသများ၌ အလေ့ကျပေါက်ပင်အဖြစ် ပေါများစွာတွေ့မြင်ရသော်လည်း ကျေးလက်နှင့် မြို့ပြများတွင် အိမ်တွင်းဆေးဝါးဓာတ်စာအဖြစ်သုံးစွဲရန် ပန်းအိုးများဖြင့်လည်းကောင်း၊ မြေတွင်ချ၍သော်လည်းကောင်း စိုက်ပျိုးလေ့ရှိသည့်အပြင် တိုင်းရင်းဆေးဖော်စပ်ရာတွင် အသုံးပြုမှုများသဖြင့် ဈေးကွက်ဝင်ပရဆေးအပင်အဖြစ် စီးပွားဖြစ်စိုက်ပျိုးမှုများလည်းရှိပါကြောင်း လေ့လာတင်ပြလိုက်ရပါသည်။ ။

## ဂျပန်အာမခံကုမ္ပဏီမှ အထွေထွေအာမခံလုပ်ငန်း လုပ်ကိုင်ခွင့် ရရှိ

**ရန်ကုန် ဇူလိုင် ၁၃**

ဂျပန်နိုင်ငံမှ အထွေထွေအာမခံ ကုမ္ပဏီတစ်ခုဖြစ်သော မစ်ဆုအိဆူမီတိုမို အာမခံကုမ္ပဏီလီမိတက်သည် သီလဝါအထူးစီးပွားရေးဇုန်တွင် အထွေထွေအာမခံလုပ်ငန်းလုပ်ကိုင်ခွင့် ရရှိခဲ့ကြောင်း သိရသည်။

ယခုနှစ်အတွင်း ဖွင့်လှစ်တော့မည့် သီလဝါအထူးစီးပွားရေးဇုန်တွင် စီးပွားရေးလုပ်ငန်းများ၊ စက်မှုလုပ်ငန်းများ စတင်ဆောင်ရွက်ခြင်းနှင့်အတူ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် အရေးအပါဆုံးဖြစ်သော အာမခံလုပ်ငန်းကို မစ်ဆုအိဆူမီတိုမို ကုမ္ပဏီက ပါဝင်ဆောင်ရွက်ခွင့် ရရှိခဲ့ခြင်းဖြစ်သည်။

အဆိုပါကုမ္ပဏီကို မြန်မာနိုင်ငံ အာမခံလုပ်ငန်းကြီးကြပ်ရေးဘုတ်အဖွဲ့က သီလဝါအထူးစီးပွားရေးဇုန်၌ အထွေထွေအာမခံလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်ကို ယခုနှစ် မေ ၂၈ ရက်တွင် ပေးအပ်ခဲ့ခြင်းဖြစ်ပြီး ပထမဆုံးအနေဖြင့် နိုင်ငံခြားအာမခံကုမ္ပဏီ လုပ်ကိုင်ခွင့်ရကုမ္ပဏီတွင် ပါဝင်ကြောင်း သိရသည်။

မစ်ဆုအိဆူမီတိုမို ကုမ္ပဏီအနေဖြင့် သီလဝါအထူးစီးပွားရေးဇုန်တွင် အထွေထွေအာမခံလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင် ရရှိခြင်းအထိမ်းအမှတ်အခမ်းအနားအား ဇူလိုင် ၁၁ ရက် ညနေက ရန်ကုန်မြို့ ဆူးလေရှန်ဂရီလာဟိုတယ်တွင် ကျင်းပပြုလုပ်ခဲ့ပြီး ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်းနှင့်အတူ မြန်မာ့အာမခံလုပ်ငန်းမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံရုံးမှ တာဝန်ရှိသူများ၊ ဂျပန်အာမခံကုမ္ပဏီမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

သီလဝါအထူးစီးပွားရေးဇုန်သည် မြန်မာနိုင်ငံနှင့်အတူ ဂျပန်နိုင်ငံက ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ဂျပန်ကုမ္ပဏီအများအပြား လာရောက်ရင်းနှီးမြှုပ်နှံလျက်ရှိသည်။

ဂျပန်အထွေထွေအာမခံကုမ္ပဏီ မစ်ဆုအိဆူမီတိုမို အာမခံကုမ္ပဏီသည် MS & AD Insurance Group ၏ ကုမ္ပဏီတစ်ခုဖြစ်ပြီး ၁၉၉၅ ခုနှစ် အောက်တိုဘာလမှစတင်ကာ ရန်ကုန်မြို့တွင် ပထမဦးဆုံးကိုယ်စားလှယ်ရုံးခန်း ဖွင့်လှစ်ခဲ့သည်။

မစ်ဆုအိဆူမိတိုမို အာမခံကုမ္ပဏီအနေဖြင့် ၎င်းတို့ကုမ္ပဏီ၏ ဖောက်သည်စီးပွားရေးကုမ္ပဏီများ မြန်မာနိုင်ငံတွင် အာမခံဝယ်ယူနိုင်ရန် လိုအပ်သည့် အကြံဉာဏ်များပေးခြင်းအပြင် အာရှနိုင်ငံများတွင်ရှိသော ကုမ္ပဏီရုံးခွဲများမှ အာမခံပညာရှင်ကျွမ်းကျင်သူများ၏ အကူအညီဖြင့် မြန်မာနိုင်ငံ၏ အာမခံဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေး အားထုတ်ကြိုးပမ်းဆောင်ရွက်မှုများတွင် ပါဝင်ခဲ့သည်ဟု သိရသည်။

မစ်ဆုအိဆူမိတိုမို ကုမ္ပဏီအနေဖြင့် ဟောင်ကောင်အပါအဝင် အရှေ့တောင်အာရှ ၁၀ နိုင်ငံတွင် အာမခံဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံရှိ မိတ်ဖက်ကုမ္ပဏီများကိုလည်း လိုအပ်သည့် အာမခံအမျိုးအစားများ ပံ့ပိုးပေးခြင်း၊ Risk Management နှင့် ပတ်သက်သည့် အကြံဉာဏ်များပေးခြင်းတို့ကို ဆောင်ရွက်သွားမည်ဟု သိရသည်။

**ဆုနှင်းလဲ့**

## ထုတ်ကုန်ပစ္စည်းများနှင့် နည်းပညာပြခန်းများဖွင့်လှစ်

**မန္တလေး ဇူလိုင် ၁၃**

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း (မန္တလေး) နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးနှင့် အင်ဂျင်နီယာထုတ်လုပ်ပစ္စည်းများနှင့် နည်းပညာဆိုင်ရာပြခန်းများ ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၁၁ ရက် နံနက် ၁၀ နာရီက မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ၂၆ လမ်းနှင့် ၅၃ လမ်းထောင့်ရှိ အောင်မြင်ခြင်းဟိုတယ်တွင် ကျင်းပခဲ့သည်။

အခမ်းအနားကို မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းဥက္ကဋ္ဌ ဦးဝင်းခိုင်၊ ဒုတိယဥက္ကဋ္ဌ ဦးအောင်မြင့်နှင့် နည်းပညာတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာဆင့်စိုး၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း (မန္တလေး) ဥက္ကဋ္ဌ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဝင် ဦးထွန်းကြည်တို့က ဖွင့်လှစ်ပေးခဲ့သည်။

ယင်းနောက် အောင်မြင်ခြင်းဟိုတယ်မျက်နှာစာတွင် ခင်းကျင်းပြသထားသော အင်ဂျင်နီယာထုတ်ကုန်ပစ္စည်းများနှင့် နည်းပညာပြခန်းများအား မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းဥက္ကဋ္ဌနှင့် ဧည့်သည်တော်များက လှည့်လည်ကြည့်ရှုကြသည်။

ဆက်လက်၍ အခမ်းအနားဒုတိယပိုင်းအား ကျင်းပရာ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း(မန္တလေး) နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးအထိမ်းအမှတ် နည်းပညာဟောပြောပွဲကျင်းပရာ EHB ကုမ္ပဏီနှင့် ငွေရည်ပုလဲကုမ္ပဏီတို့က ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများအကြောင်း၊ ချင်းတွင်းကောလိပ်မှ အပြည်ပြည်ဆိုင်ရာအင်ဂျင်နီယာသင်တန်းများအကြောင်းကို ရှင်းလင်းတင်ပြခဲ့သည်။

**သီဟကိုကို(မန္တလေး)**

## ကျေးရွာမြေငှားဂရန်ထုတ်ပေးရေး ကွင်းဆင်းဆောင်ရွက်

**ဘုတ်ပြင်း ဇူလိုင် ၁၃**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ဘုတ်ပြင်းမြို့နယ်အတွင်းရှိ ကျေးလက်နေပြည်သူများပိုင်ဆိုင်နေထိုင်ကြသည့် နေအိမ်ဝိုင်းများ မြေငှားဂရန်ထုတ်ပေးနိုင်ရေး မြို့နယ်လုပ်ငန်းအဖွဲ့နှင့် ကျေးရွာလုပ်ငန်းအဖွဲ့ ပူးပေါင်း၍ ဘုတ်ပြင်းမြို့နယ် အောက်လိပ်ကျေးရွာသို့ ဇူလိုင် ၁၀ ရက် နံနက်ပိုင်းက ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ကွင်းဆင်းဆောင်ရွက်မှုတွင် မြို့နယ်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးချမ်းသာနှင့် လုပ်ငန်းအဖွဲ့ဝင်များမှ ထောင်ခမတ်ကျေးရွာအုပ်စု အောက်လိပ်ကျေးရွာ လုပ်ငန်းအဖွဲ့ဝင်များ၊ ကျေးရွာအထောက်အကူပြုကော်မတီအဖွဲ့ဝင်များ ပူးပေါင်းပါဝင်လျက် အိမ်ခြေ ၁၈၁ အိမ်ရှိ ကျေးရွာအား ကျေးရွာမြေငှားဂရန်ထုတ်ပေးနိုင်ရေး နယ်နိမိတ်သတ်မှတ်ခြင်း၊မြေပုံကြမ်းရေးဆွဲအတည်ပြုခြင်း စသည့်လုပ်ငန်းများနှင့် ရွာအစွန်လူနေအိမ်များ၊ ကျေးရွာပိုင်မြေလွတ်မြေရိုင်းများ၊ စာသင်ကျောင်း၊ ဘုန်းတော်ကြီးကျောင်း၊ သုသာန်မြေ၊ လမ်းမြေ စသည်များအား မြေပုံကြမ်းရေးဆွဲရာတွင် မကျန်ရှိစေရေး ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ဘုတ်ပြင်း(ပြန်/ဆက်)**

## သာစည်မြို့နယ်အတွင်းရှိ ပလောင်တိုင်းရင်းသားများ၏ လူနေမှုဓလေ့ထုံးစံများအား နိုင်ငံခြားသားများလာရောက်လေ့လာ

**မိတ္ထီလာ ဇူလိုင် ၁၃**

တောင်ပေါ်ဒေသတစ်ခုဖြစ်သည့်မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ်အတွင်း စေတီတောင်ကျေးရွာတွင် နေထိုင်သည့် ပလောင်တိုင်းရင်းသားများ၏ လူနေမှုဓလေ့ထုံးစံများကို နိုင်ငံခြားခရီးသွားဧည့်သည်များ မကြာခဏလာရောက်လေ့လာလျက်ရှိကြောင်း ယင်းဒေသခံများက ပြောသည်။

"ဒီဘက်တောင်ပေါ်ဒေသကျေးရွာတွေကို နိုင်ငံခြားခရီးသွားဧည့်သည်တွေ မပြတ်လာရောက်လေ့လာကြတယ်။ စေတီတောင်ကျေးရွာမှာ ပလောင်တိုင်းရင်းသားတွေချည်းနေထိုင်ကြတယ်။

ပလောင်တိုင်းရင်းသားတွေရဲ့ အသက်မွေးဝမ်းကျောင်းလုပ်ငန်းတစ်ခုဖြစ်တဲ့ လက်ဖက်စိုက်ပျိုးရေးလုပ်ငန်းကိုလည်း လေ့လာသလို ဝတ်စားဆင်ယင်မှု၊ယဉ်ကျေးမှုဓလေ့ထုံးစံတွေကိုလည်းမေးမြန်းလေ့လာကြတယ်။ အရင်တုန်းကဆိုနိုင်ငံခြားခရီးသွားဧည့်သည်တွေ ဒီထက်မကအလာများကြတယ်။ ပလောင်တိုင်းရင်းသားတွေ



ရိုးရာမောင်းထောင်းတာမျိုးနဲ့ တိုင်းရင်းသားရိုးရာအိုးစည်အကတွေကို သူတို့က သဘောကျကြတယ်" ဟု ဒေသခံအမျိုးသားတစ်ဦးက ပြောသည်။

စေတီတောင်ကျေးရွာသည် သာစည်မြို့နယ် ဆင်တောင်ကျေးရွာအုပ်စုတွင် ပါဝင်ကာ ကလောမြို့နယ်နှင့် နီးကပ်စွာတည်ရှိပြီး ပလောင်တိုင်းရင်းသားများသာ သီးသန့်နေထိုင်သည့်ကျေးရွာဖြစ်ကာ လက်ဖက်၊ လိမ္မော်၊ နန္ဒင်း စိုက်ပျိုးရေးလုပ်ငန်းများကို လုပ်ကိုင်အသက်မွေးဝမ်းကျောင်းပြုကြသည်။

စေတီတောင်ကျေးရွာသို့ လာရောက်လေ့လာသည့် နိုင်ငံခြားခရီးသွားဧည့်သည်များသည် ယင်းကျေးရွာမှတစ်ဆင့် တောတွင်းခရီးစဉ်များအတိုင်း အင်းလေးဒေသသို့တိုင် ခြေလျင်ခရီးဖြင့် သွားရောက်လေ့လာတတ်ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**




# ကြေးမုံစာအုပ်စင် စာအုပ်အမြင် (မော်ကွန်း)

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် အပတ်စဉ် (အင်္ဂါနေ့)တိုင်း စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)



## မြန်မာမှုဘုရင့်အုပ်ချုပ်ရေးခေတ် သာသနာတော်စောင့်ရှောက်ပုံ(ကုန်းဘောင်ခေတ်)

နိုင်ငံတော်နှင့် သာသနာတော်အပြန်အလှန်အကျိုးပြုမှုသည် ခေတ်အဆက်ဆက် ရှင်သန်ထွန်းကားလာသော် လည်း ယင်းအကြောင်းအရာများ လေ့လာရန်အတွက် ကုန်းဘောင်ခေတ်သည် အကောင်းဆုံးခေတ်ဖြစ်သည်။ ကုန်းဘောင်ခေတ်သည် မင်းနေပြည်တော်မှ ကျေးရွာအဆင့်အထိ အကြောင်းအရာစုံလေ့လာရေးအတွက် ခိုင်လုံသော အထောက်အထားများရှိသောကြောင့်ဖြစ်သည်။

သမိုင်းကထိက ဒေါက်တာကျော်ဆွေဦးက မူရင်းအထောက်အထား ကျမ်းဂန်များနှင့် စာအုပ်စာတမ်းများစွာကို ကိုးကားရေးသားဖော်ပြထားရာ နဝမအကြိမ်မြောက် ထွန်းဖောင်ဒေးရှင်းစာပေဆုရရှိခဲ့သည်။

ထွန်းဖောင်ဒေးရှင်း စာပေကော်မတီက တန်ဖိုးငွေ ကျပ် ၂၅၀၀ ဖြင့် ထုတ်ဝေဖြန့်ချိသည်။



## ဆေးတော်မြတ်မဟာမန္တန် ဗောဇ္ဈင်သုတ်

စာရေးဆရာ မြေလတ်မြတ်သူ၏ ဆေးတော်မြတ်မဟာမန္တန် ဗောဇ္ဈင်သုတ် အဓိဌာန်ကျင့်စဉ်(ပါဠိ+အသံထွက်+ မြန်မာ)စာအုပ်ထွက်ရှိလာသည်။

ခန္ဓာငါးပါး၊ ရုပ်နာမ်ငါးပါးတို့ဖြင့် အသက်ရှင်ရပ်တည်ကြရကုန်သူတို့တွင် ဖြစ်ပေါ်တတ်သော ရောဂါလက္ခဏာများကို ဗောဇ္ဈင်သုတ်တော်ကို ယုံကြည်စွာ ကိုယ်တိုင်ရွတ်ဖတ်ပူဇော်ခြင်းဖြင့် ထိုရောဂါလက္ခဏာများမှ ကင်းငြိမ်းချမ်းသာကျန်းမာခြင်းသို့ ရောက်ရှိကြောင်း မြတ်စွာဘုရားရှင်လက်ထက်မှစ၍ မထေရ်အရှင်သူမြတ်တို့ ဝန်ခံအသိအမှတ်ပြုထားကြောင်း ဖော်ပြထားသည်။

စာအုပ်ကို မဇ္ဈိမစာပေ အမှတ်- ၂၃၇၊ ပထမထပ်(ဝဲ)၊ ၃၉-လမ်း၊ အပေါ်ဘလောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့မှ ငွေကျပ် ၁၀၀၀ ဖြင့် ဖြန့်ချိ၍ ဖုန်း- ၀၁-၃၉၂၈၃၅၊ ၀၉-၇၃၀၅၉၉၃၅ သို့ ဆက်သွယ်ဝယ်ယူနိုင်သည်။



## သိမှတ်ဖွယ်ရာစာအုပ်ငယ်လေးများ

အင်္ဂလိပ်စာ စတင်သင်ယူနေသော သားငယ် သမီးငယ်များအတွက် မရှိမဖြစ်ဆောင်ထားသင့်သည့် သိမှတ်ဖွယ်ရာ စာအုပ်ငယ်လေးများ ထွက်ရှိလာသည်။

စာအုပ်တွင် ငှက်များ၊ သစ်သီးဝလံများ၊ ပုံသဏ္ဍာန်များ၊ ဆန့်ကျင်ဘက်စကားလုံးများ၊ ဟင်းသီးဟင်းရွက်များ၊ အရောင်များ၊ သယ်ယူပို့ဆောင်ရေးလှုပ်ရှားမှုများ၊ ပိုးမွှားငယ်များ စသည်တို့၏ အခေါ်အဝေါ်များကို အင်္ဂလိပ်-မြန်မာ နှစ်ဘာသာဖြင့် ယှဉ်တွဲ၍ ရုပ်ပုံများဖြင့် ဖော်ပြထားသည်။

စာအုပ်ကို စာပေလောက-၅ အမှတ် ၁၃၈-၁၄၀ ပထမထပ် မဟာဗန္ဓုလလမ်းနှင့် ပန်းဆိုးတန်းလမ်းထောင့် ကျောက်တံတားမြို့နယ်မှ တန်ဖိုးငွေကျပ် ၅၀၀ ဖြင့် ဖုန်း ၀၉-၂၆၀၂၄၅၂၂၄၊ ၀၉-၇၃၁၄၀၉၃၄ တို့သို့ ဆက်သွယ်ဝယ်ယူနိုင်သည်။



## အဆီကျသွယ်လျလှပကြစေရန်

စာရေးဆရာ မင်းကျော်ဝင်းက ဆီကျ သွယ်လျလှပကြစေရန်စာအုပ်ကို ထုတ်ဝေလိုက်ပြီဖြစ်သည်။

ဤစာအုပ်တွင် အဝလွန်နေကြသူများ၊ ကိုယ်အလေးချိန်လျှော့ချရာ၌ အခက်ရှိနေသည်များကို ကူညီဖြေရှင်းပေးနိုင်မည့် နည်းကောင်းများ ပါဝင်ပါသည်။

တိမ်တိုက်စာပေမှ ဖြန့်ချိခြင်းဖြစ်ပြီး စာအုပ်ရောင်းဈေးမှာ ၂၇၀၀ ကျပ် ဖြစ်ပါသည်။



## မှန်းကြည့်ကြည့် ရဲဆေးတစ်ခွက်

ဆရာဦးကြည်စိုးသောင်း(ဆေးတက္ကသိုလ်) M.A(English)Dip,ELTM ရေးသားထားသော မှန်းကြည့်ကြည့် ရဲဆေးတစ်ခွက်စာအုပ်ကို ဒုတိယအကြိမ်ထုတ်ဝေလိုက်ပြီဖြစ်သည်။

ဤစာအုပ်တွင် အင်္ဂလိပ်စာဖတ်ရှုရာ၌ မိမိမသိသော စကားလုံးများ၏ အဓိပ္ပာယ်ကို စာဖတ်ရှိန်မပျက်ဘဲ အနီးစပ်ဆုံးခန့်မှန်းသိရှိနိုင်သော နည်းလမ်းများနှင့် အချိန်တိုအတွင်း ကိုယ်ပိုင်ဝေါဟာရများစွာ အလွယ်တကူတိုးပွားလာအောင် လုပ်ယူနိုင်သည့် နည်းလမ်းများအပြင် အသုံးများပြီး သိထားသင့်သော ဝေါဟာရအချို့ကို (သက်သောင့်သက်သာ မှတ်သားစွဲမြဲစေနိုင်သောနည်းဖြင့်) စုဆောင်းဖော်ပြထားသည်။

စာအုပ်ကို Must Publishing House အမှတ်-၃၂ A ဒုတိထပ်၊ ရှမ်းကုန်းလမ်း၊ စမ်းချောင်း မြို့နယ်၊ ရန်ကုန်မြို့မှ တန်ဖိုးငွေကျပ် ၃၅၀၀ ဖြင့် ဖြန့်ချိ၍ ဖုန်း-၀၉၅၀၄၃၄၂၄၊ ၀၉၇၃၀၉၉၅၆၂ သို့ ဆက်သွယ်ဝယ်ယူနိုင်သည်။

# ကြိမ်နီချောင်းကျေးရွာ၌ စက်ရေတွင်းတူးဖော်

**ဒိုက်ဦး ဇူလိုင် ၁၃**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးခွင့်ပြုရန်ပုံငွေဖြင့် Golden-Hours Co.,Ltd.က တာဝန်ယူဆောင်ရွက်နေသော ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် ကျိုက်/နောက် ကြိမ်နီချောင်းကျေးရွာတွင် လေးလက်မတွင်းနက် တစ်တွင်း၊ ဂါလန် ၂၀၀၀ ဆံ့ အုတ်ရေကန် တစ်လုံးနှင့် ရေစက်ရုံ တစ်ရုံတို့ တူးဖော်တည်ဆောက်နေမှုကို ပဲခူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ကျော်မိုးနှင့် မြို့နယ်ဦးစီးမှူး ဦးမင်းမင်းသိန်းတို့က ကွင်းဆင်းစစ်ဆေးပြီး ကျေးရွာရေရရှိရေးကော်မတီများနှင့် ဇူလိုင် ၃ ရက်က တွေ့ဆုံ၍ လိုအပ်သည်များကို ဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။

**ကျော်ကျော်(IPRD)**

# အပူပိုင်းဇုန်တစ်ခုလုံး စွမ်းအားမြင့်အောဝမ်းမီးဖိုသုံးစွဲခြင်းဖြင့် နှစ်စဉ်ထင်းတန်ချိန် ၂ ဒသမ ၄ သန်းခန့် သက်သာစေနိုင်

**မကွေး ဇူလိုင် ၁၃**

မကွေးမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများတွင် သမားရိုးကျ ဖိုခနောက်မီးဖိုများအစား စွမ်းအားမြင့် အေဝမ်းမီးဖိုများကို ကျယ်ကျယ်ပြန့်ပြန့်အစားထိုး သုံးစွဲလာကြသည်။

ယင်းမီးဖိုသည် လောင်စာအဖြစ် ထင်း၊ မီးသွေး၊ အစားထိုးလောင်စာတောင့်(ကျောက်မီးသွေး၊ ရေနံမီးသွေး၊ စပါးခွံ၊ လွှစာနှင့် လယ်ယာ စွန့်ပစ်ပစ္စည်း၊ လောင်စာအမျိုးမျိုး) ကို အသုံးပြုနိုင်ကြောင်း၊ ထင်းလောင်စာ ကုန်ကျမှုမှာ ၆၀ ရာခိုင်နှုန်းသာဖြစ်ပြီး မီးမွှေးရာတွင် လွယ်ကူပြီး မီးပျံ့လွင့်မှုနည်းပါးသောကြောင့် နွေရာသီတွင်လည်း မီးဘေးအန္တရာယ်လျှော့နည်းစေနိုင်ကြောင်း သိရသည်။

“အရင်တုန်းကတော့ အလွယ်တကူ ကျောက်ခဲသုံးလုံးဖိုခနောက်ဆိုင် ထင်းမီးဖိုလုပ်ပြီး သုံးခဲ့တယ်။ မီးပျံ့လွင့်မှုများတော့ မီးအပူဟပ်တဲ့ ဒဏ်တွေခံရတယ်။ မီးခိုးအူတဲ့ အခါကျတော့လည်း မျက်စိတွေ ပူစပ်ပြီး မျက်ရည်ပူတွေကျတဲ့အထိ ခံစားခဲ့ရတယ်။ မီးဖိုချောင်ဆိုလည်း ကြပ်ခိုးတွေ၊ မှိုင်းခိုးတွေနဲ့ ညစ်ပတ်နေတာပဲ။ အခုတော့ အေဝမ်းမီးဖိုသုံးပြီး အဲဒီဒုက္ခတွေကနေ ကင်းဝေးသွားပါပြီ”ဟု မင်းလှမြို့နယ် သဖန်းချောင်းကျေးရွာသူတစ်ဦးကပြောသည်။

ကျေးလက်ဒေသများတွင် ကျေးရွာသုံးထင်းစိုက်ခင်းများကို စနစ်တကျ စိုက်ပျိုးလျက်ရှိပြီး ထင်းအစား အခြားလောင်စာများအဖြစ် စိုက်စွန့်ပစ္စည်းများဖြစ်ကြသော နှမ်းရိုး၊ ပြောင်းရိုး၊ ပဲစိမ်းငုံရိုးများအပြင် အညာဒေသတွင် ပေါများစွာ ပေါက်ရောက်လေ့ရှိသော လက်ပံပင်မှ လက်ပံပွင့်ခြောက်များကိုလည်း အသုံးပြုလေ့ရှိကြသည်။

ယင်းစွမ်းအားမြင့် အေဝမ်းမီးဖိုများကို မင်းဘူး(စကု) မြို့နယ်အတွင်း၌လည်း ထုတ်လုပ်လျက်ရှိပြီး မကွေးမြို့ပေါ်နှင့် ကျေးလက်ဒေသများသို့ နေရာအနှံ့အပြား တင်ပို့ ဖြန့်ချိလျက်ရှိကာ သုံးစွဲမှုပမာဏလည်း မြင့်တက်လာလျက်ရှိသည်။ မြန်မာနိုင်ငံ၏ သဘာဝသယံဇာတဖြစ်သော သစ်တောသစ်ပင်များ ပြုန်းတီးမှုမရှိစေရေးအတွက် ပြည်သူ များ ပူးပေါင်းပါဝင်လာစေရန် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနကလည်း ကျေးလက်ဒေသများ အရောက် ကွင်းဆင်း၍ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ထင်းကုန်ကျမှု သက်သာသော အေဝမ်းမီးဖိုသုံးစွဲမှု အသိပညာပေးဟောပြောပွဲများ အပါအဝင် အေဝမ်းမီးဖိုအခမဲ့ ဖြန့်ဝေခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

အဆိုပါအေဝမ်းမီးဖိုများကို ပြင်ပပုဂ္ဂလိကဈေးကွက်များတွင် ကျပ်ငွေ ၁၅၀၀မှ ၁၈၀၀အထိ ရောင်းချလျက်ရှိပြီး ဒေသဆိုင်ရာရုံးအဖွဲ့အစည်းများ၊ သစ်တောဦးစီးဌာန၊ စိမ်းစိုဦးစီးဌာန၊ တပ်ရင်းတပ်ဖွဲ့များ၊ ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ်၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများသို့လည်း အထူးအစီအစဉ်ဖြင့် ဖြန့်ဖြူးရောင်းချပေးလျက်ရှိသည်။ အိမ်ထောင်စုသုံးသန်းခန့်ရှိသော အပူပိုင်းဇုန်တစ်ခုလုံး စွမ်းအားမြင့် အေဝမ်းမီးဖိုသုံးစွဲပါက နှစ်စဉ်ထင်းတန်ချိန် ၂ ဒသမ ၄ သန်းခန့် သက်သာစေနိုင်ကြောင်း၊ သစ်တောဖုံးလွှမ်းမှု တစ်ဧကကျော်လျှင် ငါးတန် နှုန်းဖြင့်တွက်ချက်ပါက သစ်တောဧက ၄၈၀၀၀၀ ခန့် နှစ်စဉ်ပြုန်းတီးမှုမှ ကာကွယ်နိုင်ကြောင်း သစ်တောပညာရှင်များက ခန့်မှန်းတွက်ချက်ထားကြောင်း သိရသည်။

**ဖူးပွင့်နေခြည်(မကွေး)**

## အခန်းဆက်ဝတ္ထုရှည်



# သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည် . . . ခိုင်

တက္ကသိုလ်ဘုန်းနိုင်

*ဝတ္ထုကဏ္ဍကို စာဖတ်ပရိသတ်များ ဖြတ်ရှုနိုင်ရန်အတွက် ကြေးမုံသတင်းစာတွင် နေ့စဉ်ဖော်ပြပေးလျက်ရှိပါသည်။ ထိုသို့ ဖော်ပြပေးရာတွင် စာဖတ်ပရိသတ် စွဲလမ်းဆဲလက်စရှိသည့် ဆရာတက္ကသိုလ်ဘုန်းနိုင်၏ "သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည်. . . ခိုင်" ဝတ္ထုကို အခန်းဆက်ဝတ္ထုအဖြစ် ဖော်ပြပေးနေပါသည်။*

*ထိုဝတ္ထုကို ရုပ်ရှင်ဇာတ်ကားကြီးအဖြစ်ရိုက်ကူးတင်ဆက်ခဲ့ပြီးဖြစ်သော်လည်း ရုပ်ရှင်ရသခံစားမှုထက် ဝတ္ထုရသခံစားမှုက ပရိသတ်အား ပိုမိုဆွဲဆောင်မှုရှိသည်ကို ဖတ်ရှုလေ့လာ သိသာနိုင်ရန်ဖြစ်ပါသည်။ ယင်းနောက် စာဖတ်ပရိသတ်၏ နှလုံးသားကို စွဲငြိစေမည့် ရသမြောက်သည့် ထင်ရှားသော ဝတ္ထုများကိုလည်း ဆက်လက်ဖော်ပြပေးသွားမည်ဖြစ်ပါသည်။ (စာတည်း)*

**ယမန်နေ့မှအဆက်**

ကျွန်တော်သည် ခိုင့်လက်တစ်ဖက်ကို ဆုပ်ကာ ခေါ်မိသည်။

"ခိုင် . . .၊ ခိုင်ရေ . . ."

မှိတ်ဆင်းကျသွားသော မျက်တောင်ကော့ကြီးများက အသာအယာ ပြန်တက်လာသည်။

"ခိုင် . . .၊ ခိုင်ရေ . . . မောင် ခေါ်နေတယ်လေ . . . ကြားရဲ့လား "

ဤအကြိမ်တွင်မူ မျက်တောင်ကော့များ ပြန်မပိတ်၊ မျက်လုံးများ၌ မေးမှိန်သော အရောင်ထွက်လာသည်။ နှုတ်ခမ်းလေးများ လှုပ်လာပြီး တိုးညင်စွာ ဖျော့တော့သော ခေါ်သံကြားရသည်။

"မောင် . ."

"ဟုတ်တယ် ခိုင် . . . မောင် ခေါ်နေတယ်လေ . . . ခိုင့်မောင် ခေါ်နေပါတယ်"

ခိုင့်အသံ ပြန်ထွက်မလာ။ ခိုင့်လျှာလေးက သွေ့ခြောက်သော နှုတ်ခမ်းများကို လျက်လာသည်။

ကျွန်တော်က လှိုင့်ကို လှမ်းကြည့်သည်။

လှိုင်က ခိုင့်ပါးစပ်တွင်းသို့ ရေပေါက်များ တစ်စက်စီချပေးသည်။ ထိုစဉ် လှိုင့်မျက်လုံးများမှ မျက်ရည်များလည်း တစ်ပေါက်စီ လိမ့်ဆင်းကျလာနေ၏။

ဖေဖေက နေရာမှ ထွက်ခွာသွားသည်။ ဆေးရုံအုပ်ကြီးလည်း လိုက်ပါသွားသည်။

လှိုင်သည် ရေစက်ချပေးခြင်းကို ရပ်လိုက်ပြီး သူ့အစ်မကို ပါးချင်းအပ်လျက် ဆိုရှာသည်။

"မမခိုင် . . . သတိရပြီနော် . . .။ လှိုင် စကားပြောနေတယ် . . .။ လှိုင့်ကို မှတ်မိရဲ့လား . . ."

ခိုင့်လက်တစ်ဖက်သည် ဖြည်းညင်းစွာ မြောက်တက်လာပြီး လှိုင့်ကျောကို ပွတ်သပ်သည်။

နှုတ်မှလည်း တိုးညင်း အားပျော့လင့်ကစား ပီပြင်ပြတ်သားသော စကားသံ ရှေးဦးစွာ ပေါ်လာ၏။

"လှိုင် . . . ညီမလေး . . . မမခိုင် . . . မှတ် . . . မှတ် . . . မှတ်မိတယ် "

လှိုင်သည် အံကြိတ်ထား၏။ စကားမှ မပြန်နိုင်ဘဲ ခိုင့်ကိုသာ ပါးချင်းပွတ်၍ မျက်ရည်ပေါက်ပေါက်ကျနေသည်။ လှိုင့်မျက်ရည်ပေါက်များက ခိုင့်ပါးပေါ်သို့ ကျနေ၏။

ခိုင့်လက်ချောင်းကလေးများက လှိုင့်ပါးကို စမ်းသပ်ကြည့်သည်။

" လှိုင် ငိုနေသလား။ ဘာဖြစ်လို့ ငိုရလဲကွယ် . . ."

ကျွန်တော်သည် လှိုင့်ကို သတိပေးမည် ပြုသည်။ သို့ရာတွင် နောက်ကျသွားပေပြီ။ သေခြင်းတရားကို မဆန်းစွာ ရင်ဆိုင်နေခဲ့သော ဆရာဝန်မတစ်ဦး၏ ဘဝကို လှိုင်မေ့သွားဟန်ရှိသည်။ ကလေး တစ်ယောက်ပမာ ရှိုက်ဖိုငိုကြွေး၍ ဆိုသည်။

"လှိုင် ငိုနေပါတယ် မမခိုင်၊ လှိုင့်ကို ခွင့်လွှတ်ပါ။ လှိုင် ဘာမှမသိဘူး၊ လှိုင် တကယ်ဘာမှ မသိဘူး။ အို . . . လှိုင် . . . တကယ် ဘာမှ မသိပါဘူး မမခိုင် "

ကျွန်တော်သည် လှိုင့်ပုခုံးလေးကို ဆွဲယူပွေ့ထူသည်။ လှိုင်သည် သူ့ဘဝကို သူသတိရသွားဟန်တူသည်။ မျက်ရည်များကို သုတ်ပစ်ပြီး ဇွတ်အတင်းပြုံးလျက် သူ့အစ်မကို အထက်မှ မိုးစီးလျက်ဆိုသည်။

"မမခိုင်၊ လှိုင် ခဏသွားဦးမယ်။ ကိုကိုနဲ့ စကားပြောနေဦးနော် . . .။ လှိုင်သွားတော့မယ် . . ."

လှိုင်သည် မျက်နှာကို လက်ဝါးနှင့် အုပ်လျက် အခန်းတွင်းမှ ထွက်ပြေးသည်။

ကျွန်တော်သည် ခိုင့်လက်ကလေးကို ပြန်လည်ဆုပ်ကိုင်မိသော်လည်း ဘာစကားမျှ မဆိုနိုင်ဘဲမျက်နှာကလေးကိုသာ ငုံ့ကြည့်မိသည်။

"မောင်လား . ."

"ဟုတ်တယ် ခိုင် . ."

"လှိုင် သွားပြီလား . . ."

"သွားပါပြီ ခိုင် . . ."

ခိုင့်မျက်လုံးများမှ မျက်ရည်များ စီးကျလာ၏။ ကျွန်တော်ဆုပ်ကိုင်ထားသော သူ့လက်ကို ရုန်း၍ကျွန်တော့် လက်မောင်းကို သူပြန်ဆုပ်၏။ ထို့နောက် ပြုံးငွေ့ငွေ့ဖြင့် မမေ့နိုင်အောင် ဆိုသည်။

"လှိုင် သွားပြီနော် . . . သြော် . . . ခိုင်လည်း သွားတော့မယ် မောင် . . ."

"အို . . . ဘာတွေပြောနေတာလဲ ခိုင်ရယ် . . ."

ခိုင်က မျက်ရည်ကြားမှ ပြုံးရှာ၏။

"ခိုင်ပြောတာကို မောင်နားလည်ပါတယ် . . . ခိုင် သွားရတော့မယ်။ မောင် . . . မောင့်ကို ခိုင်နှုတ် . . . နှုတ် . . . ဆက်တယ် . . ."

"အို . . . ခိုင်ရယ် "

ခိုင်က ပြုံးပြန်ရှာသည်။ ကျွန်တော့်လက်မောင်းကို ဆုပ်ထားသော ခိုင့်လက်များက ပိုတင်းကျပ်မြဲမြံလာသည်။

"ခိုင်ပြောတာကို မောင်နားလည်ပါတယ်။ ခိုင့်ကို မညာပါနဲ့နော် မောင်။ ခိုင့်ကို မောင် ဘယ်တုန်းကမှ ညာလို့ မရခဲ့ဘူး "

ကျွန်တော်သည် နှုတ်ခမ်းကို ပြတ်လုမတတ်သွားဖြင့် ခဲထားမိသည်။

"မောင် . . ."

"ခိုင် . . . ခိုင်ရေ"

"ခိုင် . . . နောက် . . . နောက်ဆုံး . . . ပြော . . . ပြောခဲ့မယ်၊ မောင့်ကို မညာဘူး၊ ခိုင် . . . မောင့် . . . မောင့် . . . ကို ဘယ်တုန်းကမှ မ . . . ညာခဲ့ဘူး "

ခိုင့်မျက်နှာတွင် မျက်ရည်တို့ ရွှဲနေ၏။

ကျွန်တော့်မျက်လုံးများမှ မျက်ရည်တို့ကိုလည်း ကျွန်တော် တား၍မရ။

ခိုင်ကသာ ပင်ပန်းစွာဖြင့် ဆက်ပြောသည်။ မပြောရန် ကျွန်တော် မတားမြစ်နိုင်၊ တားမြစ်ရန်လည်းမလိုပါတော့။

"မောင့်ကို ခိုင် မညာပါဘူး။ မောင့်ကို ခိုင် . . . ချစ်တယ်။ သိပ် သိပ် ချစ် တယ် "

ဘာကိုမျှ ကျွန်တော် မဆိုနိုင်။ ဆို၍လည်း မရ၊ အံကြိတ်၍သာ ခံနေရ၏။ ခိုင်ကသာ ဆွေးမြေ့ မဆုံးအောင် ပြောနေသည်။

" မောင်ကလည်း ခိုင့်ကို ချစ်ပါတယ်။ ဒါကို ခိုင် သိတယ်။ ခိုင့်ကို မညာပါနဲ့ မောင်။ ခိုင့်ကို ချစ်တယ်လို့ ပြောစမ်းပါ မောင်။ နောက်ဆုံးအနေနဲ့ ပြောစမ်းပါ မောင်ရယ် "

ခိုင့်စကားကြောင့် ကျွန်တော် ငိုင်သွားမိသည်။ ရှိသမျှလေသော အားတို့ကို ယူကျုံးရသည်။

နှလုံးသားမှ ရနိုင်သော အဖြူစင်ဆုံးစကားကို ရွေး၍ ကြိုးစားပြောရသည်။

" ခိုင် ကြားချင်တဲ့စကားကို မောင်ပြောပါ့မယ် ခိုင် . . .။ ဒါပေမယ့် မောင့်စကားဆုံးအောင်နားထောင်ပါ "

ခိုင်က နှုတ်ဖြင့် မဖြေ။ ကျွန်တော့်လက်မောင်းကိုသာ တင်းအောင် ပြန်ဆုပ်လိုက်၏။

"မောင် အခု ငိုနေတယ် ခိုင်။ ဒါကို မောင် မညာတော့ပါဘူး။ အစကတည်းက မောင် မငိုချင်ခဲ့ပါဘူး။ ဘယ်သူ့ကိုမှလည်း မငိုစေချင်ခဲ့ပါဘူး။ ဒါကို ခိုင် အသိဆုံးပါ "

ခိုင်က အသိအမှတ်ပြုဟန် ကျွန်တော့်လက်မောင်းကို ညှစ်ပြရှာ၏။

"ချစ်ပါတယ် ခိုင်ရယ် . . .။ ခိုင့်ကို မောင် သိပ်ချစ်ပါတယ်။ ဒါပေမယ့် ငိုရတဲ့ အချစ်မျိုးနဲ့ ချစ်ပါတယ်လို့ မောင် မပြောပါရစေနဲ့တော့။ မငိုရတဲ့ သူငယ်ချင်းချစ်နဲ့ပဲ ချစ်လိုက်ပါရစေ။ သံသရာအဆက်ဆက် ပြန်ဆုံတွေ့တဲ့ရက်အထိ ခိုင့်ကို သူငယ်ချင်းအဖြစ်နဲ့ပဲ မောင် . . . ဆက်ချစ်ပါရစေ ခိုင် . . ."

စင်းမေးထားသော ခိုင့်မျက်တောင်ကော့များက ခေတ္တပွင့်ပုံ့လာသည်။ ခိုင့်မျက်လုံးပြာများ၌ နောက်ဆုံးပွင့်သော ကြယ်ရောင်၊ လရောင်ကို ကျွန်တော် မြင်လေရသည်။

ခိုင့်နှုတ်ခမ်းသည် တဖြည်းဖြည်း ရွှေ့လျက် အပြုံးပန်းပွင့်လာသည်။

မျက်တောင်ကော့များ ပြန်ပိတ်သွားသည်။ ကြယ်ရောင်၊ လရောင်တို့လည်း ပျောက်သွား၏။

ကျွန်တော့်လက်မောင်းကို ဆုပ်ထားသော ခိုင့်လက်သည်လည်း ပြေကျသွားသည်။

ခိုင့်နှုတ်ခမ်းမှ အပြုံးပန်းသည်သာ ပွင့်လန်းရှင်သန် ကျန်ရစ်ပါလေ၏။ ကျွန်တော်သည် ခိုင့်လက်ကလေး နှစ်ဖက်ကို ခိုင့်ကိုယ်ပေါ်တွင် ယှက်ခတ်တင်ပေးသည်။ ခြေရင်းမှ စောင်ကိုလည်း မျက်နှာအုပ်သည်အထိ လွှမ်းခြုံပေးလိုက်သည်။ ခိုင်၏ ဝါဝင်းသော မျက်နှာလေးကို စောင်ဖြင့် မအုပ်မိမီ . . . နဖူးလေးကို နမ်း၍ တောင်းပန်မိသည်။

" မောင့်ကို ခွင့်လွှတ်ပါ ခိုင် . . ."

ကျွန်တော်သည် အခန်းအပြင်ဘက်တွင် ထွက်၍ ဆရာဝန်တစ်ဦး၏ သမာဓိနှင့်အညီ တည်ငြိမ်စွာ ကြေညာရပါ၏။

"ခိုင် . . . ဆုံးသွားပါပြီ . . ."

သူတို့ဆီမှ ဘာမျှ မေးခွန်းတို့မလာမီ ကျွန်တော့်ရုံးခန်းသို့ ကျွန်တော် မပြေးရုံတမည် သွက်သွက်ထွက်လာခဲ့၏။

စားပွဲပေါ်တွင် မျက်နှာမှောက်၍ ကျိတ်ရှိုက်နေမိသည်။

မည်မျှကြာအောင် ကျိတ်ရှိုက်နေမိသည် မသိ . . .။ ကြမ်းပြင်ကို တဒေါက်ဒေါက်နှင့် ထောက်ဝင်လာသော အသံကို ကြားရသောကြောင့် မော့ကြည့်လိုက်မိသည်။

ချိုင်းထောက်ကြီးကို အားပြုလျက် ငြိမ်းမောင်သည် မားမားကြီး ရပ်နေ၏။

ကျွန်တော်က နေရာမှထကာ သူ့ကို ရင်ဆိုင်သည်။ သူက ခန့်ညားတည်ကြည်စွာပြုံးလျက် ကျွန်တော့်ကို စိုက်ကြည့်နေ၏။

"မင်း ဘာကိုပြုံးတာလဲ ငြိမ်းမောင်။ ငါ့ကို လာသရော်တာလား။ မင်း သိတယ်။ မင်း ကောင်းကောင်း သိတယ်။ ခိုင် သေရတာမှာ ငါဟာ အဓိကတရားခံ သိလား . . .။ ခိုင့်ကို ငါသတ်တာ သိလား . . . ဟေ့ . . . ငြိမ်းမောင် "

ငြိမ်းမောင်၏ အပြုံးသည် ပိုမိုကျယ်ဝန်း နက်ရှိုင်းလာသည်။ မျက်လုံးများ၌ မျက်ရည်ဝိုင်းနေသော်လည်း တည်ငြိမ်စွာဖြင့် သူက ဆို၏။

" ခိုင့်ကို မင်း သတ်ခဲ့တယ်ပဲ ဆိုပါစို့ . . .။ ဒါပေမယ့် တခြားသူငယ်ချင်းတစ်ယောက်ကို မင်းချစ်လွန်းလို့ မင်း ခိုင့်ကို သတ်ခဲ့ရတာ . . .။ ငါ ဒါကို လာတောင်းပန်တယ် မောင် "

သူက မျက်ရည်ဝိုင်းလျက် ပြုံးရင်း ကျွန်တော့်ကို တည်ငြိမ်စွာ စိုက်ကြည့်နေသည်။

ကျွန်တော်က သူ့ကို မယုံကြည်နိုင်စွာ ခေတ္တ ငေးကြည့်မိသည်။

နောက်ခဏတွင်မူ ငြိမ်းမောင်၏ ခါးကိုဖက်ကာ ကျွန်တော်သည် ကလေးငယ်တစ်ယောက်ပမာ ချုံးပွဲချ ငိုကြွေးမိပါလေသတည်း။

(၃၆) နမပြာဝင်း နေရစ်မင်း

**ဘဝဟူသည်ကို သစ်ရွက်နှင့် ပမာပုံခိုင်း၍**
**နှိုင်းစတမ်းဆိုပါလျှင် . . .**
**တစ်ရိုးတံအလွှာငယ် တစ်ဆယ်မကနှင့်**
**ကြွယ်လှသော စိန်ပန်းရွက်နှယ် ဘဝမျိုးလည်းရှိသည်။**
**တစ်ညှာတွင် တစ်လွှာရှိ၍ ဤတစ်လွှာပင်တစ်ရွက်**
**မည်သော ညောင်ရွက်ကဲ့သို့ ဘဝမျိုးလည်း ရှိပါ၏။**
**ခိုင်နှင့် ကျွန်တော့်ဘဝမှာမူ . . .**
**နှစ်လွှာပေါင်းမှ တစ်ရွက်ဖြစ်ရသည့်**
**စွယ်တော်ရွက်ပမာသာ ဖြစ်ခဲ့ရသည်။**
**တစ်လွှာကြွေခဲ့လေပြီမင့် တစ်ရွက်မမည်လေတော့သောအထီးကျန် ဤဘဝဝယ် . . .**

ကြယ်ကြွေကို လည်ကာကောက်သည့် တစ်ယောက်သော သူရူးပမာ ခိုင့်ဂူဘေးတွင် ရပ်ရင်း ကျွန်တော်သည် ရှည်လျားသည့် ဤဇာတ်လမ်းကို အသည်းကြွေလုလုဖြင့် ပြန်လည်တ,သ သတိရနေ မိပါသည်။

သွားလေသူတစ်ဦးဖြစ်သည့် တင်မောင်ညွှန့်ကို တစ်ချိန်က မေတ္တာတရားနှင့် ဥပါဒါန်တရားကို ခွဲခြားလျက် ကျွန်တော်ပြောကြားခဲ့ဖူးသည်။ ယခုမူ ကျွန်တော့်စကားများက ကျွန်တော့်ကို ပြန်လှန် သရော်လှောင်ပြောင်နေလေပြီ။ သိလျက်နှင့်လေ၊ ဝိပါက်ကြမ္မာ ထင်ရဲ့ဟု ကိုယ့်ဆင်ခြေ ကိုယ်ပေး၍ အေးကွက် ရှာကြည့်ပြန်ပါ သော်လည်း ကိုယ့်နှလုံးသားက ကိုယ့်တရားကို ကိုယ်ပြန်လည် လက်မခံနိုင် လေပြီ။

အိပ်မက်ဆိုး မှတ်ထင်ချင်ပါလျက်နှင့် မမှတ်နိုင်လေပါသော ဤသမုဒယဇာတ်လမ်းသည် အလွမ်းနှင့် တခန်းရပ်ခဲ့သည်မှာ တစ်နှစ်ပြည့်ခဲ့ပါပြီ။ တစ်နှစ်လည်ခဲ့ပါပြီ။ တစ်နှစ်လည်ခဲ့ပါလေသဖြင့် ရွက်ဝါရွက်ကြွင်းတို့က မြေဆီသို့ သက်ဆင်းနေကြပါလေပြီ။

စွယ်တော်ရွက် တစ်လွှာပမာ ခိုင့်ခမျာ ကြွေသက်ခဲ့ရလေပြီးသည့်နောက်တွင် ကျွန်တော့်ဘဝမှာလည်း တစ်ရွက်မမည်ပါလေတော့။ တစ်ရွက်မမည်ပါလေတော့ . . .။

ကျွန်တော့် ချယ်ရီဦးကို တစ်ကြိမ်က ကြည်နူးစွာ ခေါင်း၌ဆင်ခဲ့ဖူးသည့် လှိုင်တစ်ယောက်လည်း ကျွန်တော့်ထံပါးမှ ပြေးခွာပျောက်ကွယ် သွားခဲ့ပါပြီ။ သွားခဲ့ပါလေပြီ။ တစ်ယောက်သောသူ၏ စျာနသည် ကျန်တစ်ယောက်သော သူနှင့် ကျွန်တော်တို့၏ မင်္ဂလာကိုပါ ပြာချ သင်္ဂြိုဟ်ခဲ့သည်မှာ မဆန်းဟုသာ စိတ်ဖြေယူရသည်။

သံသာလေကမ်းတိုင်၊ တူပြိုင်ကာကူးပါမည်ဟု ဘဝကိုပင် မပိုင်ပါပဲလျက်က ပို၍မနိုင်ရာဖြစ်သည့် သံသရာအနာဂတ်ကို ကြိုတင်အစိုးရ မင်းမူမိသဖြင့် ကံကြမ္မာက သရော်လှောင်ပြောင်သည့်အတွက် ကျိတ်ရှိုက်ရင်းက ခေါင်းစင်း အရှုံးပေးသည်းခံရပါလေသည်။

သူကလေးမှာ ငယ်ရွယ်သူမို့ မမုန်းပါဘူး ဆိုလျက်က အဆုံးတိုင် ခွဲကြဖို့ မျက်ရည်လည်ရွဲအသည်းနင့်နင့် နှုတ်ဆက်စဉ်အခါ၌လည်း သုညဘဝတို့ ရောက်ပြီမင့် . . . အနုတ်လက္ခဏာကို မကြောက်သာပြီကြောင့် အသည်းအောင့်လျက်နှင့် ခေါင်းငိုက်ကာ ကျိတ်ရှိုက်ရင်း ခွင့်လွှတ်လိုက်ရ ပြန်ပါလေသည်။

"ကိုကို့ကို လှိုင် သိပ်ချစ်ပါတယ်။ အို . . . သိပ်ချစ်လို့ပဲ စုလှိုင် ခွဲပါရစေတော့ ကိုကိုရယ် . . .

ကေသရာဇာ ခြင်္သေ့မင်းတို့မည်သည် တစ်ဂူမှာ နှစ်ကောင် မအောင်းဘူး . . . တဲ့၊ ဒီလိုပဲ မိန်းမသားဆိုတာ အသည်းနှလုံးတစ်ခုထဲမှာ နှစ်ယောက်အတူမနေနိုင်ဘူး ကိုကို . . .။

ကိုကို့အသည်းနှလုံးလိုဏ်ဂူဟာ လှိုင့်တစ်သက်မှာ နေနားတော့မယ်လို့ မြတ်နိုးမှတ်ယူမိတဲ့ စခန်းသာ ဖြစ်ခဲ့တယ် ကိုကို . . .။ ဒါပေမယ့် ဒီစခန်းသာမှာ လှိုင့် ထက်ဦးရုံမက ဘဝကို ခေါင်းချသွားခဲ့တဲ့ မမခိုင်က ရှိနှင့်ပြီးပါပြီ ကိုကို။

လှိုင် ပြုံးရယ်မယ်ကြံတိုင်း မမခိုင်ရဲ့ ရှိုက်သံတွေ ပဲ့တင်ထပ်နေမယ့် ဒီစခန်းဂူချောင်မှာ လှိုင် ဘယ်လိုလုပ် ပျော်အောင်နေဝံ့ . . . နေရဲပါ့မလဲ . . .။ ဟင် . . . ကိုကို . . .။

လှိုင် သိပ်ချစ်တဲ့ ကိုကို့ကို လှိုင်ရှိသေစွာ ကန်တော့ခဲ့တယ်။

ကိုကို့ကို လှိုင် ပြောပြဖူးခဲ့တဲ့ ဥစ္စာစောင့်ဘဝကိုပဲ လှိုင် ရွေးချယ်လိုက်တယ် . . .။

မိခိုင်ကို ချစ်သလို မိလှိုင်ကိုလည်း ခွင့်လွှတ်ပါ။ လှိုင့် . . . ကိုကိုမောင် "

လှိုင် . . .၊ သို့မဟုတ် . . . ကျွန်တော်က ချစ်မဝ . . . ချစ်စနိုး ခေါ်ခဲ့ရသော စုလှိုင် . . .။

ခွင့်လွှတ်ပါသည် လှိုင် . . .။ အချစ်ဆိုသည်မှာ ဘဇာဟူ၍ မသိပါပြီ လှိုင်။ ကိုယ့်အချစ်ကိုပင် ကိုယ်မသိနိုင်သည့် ဘဝမို့ သူ့အချစ်ကို အပြစ်လည်း မမြင်ထင်နိုင်ပါ။ သနစ်လည်း မဆင်ခြင်ပိုင်ပါ . . .။

အချစ်မည်သည်ကို ပိုင်ဆိုင်ခြင်းအဖြစ်ဖြင့် မမှတ်ယူနိုင်သော် . . . ခွင့်လွှတ်ခြင်းအဖြစ်နှင့် ကြည်ဖြူ မှတ်ယူရပါမည် စုလှိုင် . . .။

စိတ်မနာဘဲ ပြေးရှာသူကလေးကို ဝေးရာမှပင် ကျွန် တော် ခွင့်လွှတ်နေရပါသည်။ ခွင့်လွှတ်နေရပါ၏။

ခိုင့်ဈာပနအပြီးတွင် လှိုင်သည် ခွင့်ရက်ရှည်ယူသွားသည်။ ခွင့်စေ့ပြန်သော် ပုသိမ်သို့ပြောင်းသွားသည်။

ပြဿနာတို့ မရှင်းနိုင်အောင် ရှုပ်သဖြင့် အထုပ်မပြေနိုင်ဘဲ ခွဲကြရစဉ်အခါက ဖေဖေသည်ကျွန်တော့်ကို အနားယူ၍ သန်လျင်သို့လိုက်ရန် ခေါ်ခဲ့သည်။

သန်လျင်သို့ ကျွန်တော် မလိုက်ရဲပါ။ အတိတ်ကာလ၏ အိပ်မက်ပမာ ခြောက်လှန့်လေမည်ဖြစ်သော လွမ်းစရာတို့ကို ရင်မဆိုင်ရဲသည့်နည်းတူ ပစ္စုပ္ပန်၌ကြွင်းသော ဥပါဒါန်သရုပ်ဖြစ်သော ခိုင့်ဂူဘေး၌လည်း ဆွေးလျက်နှင့် ငိုမနေရဲပါ။ အနာဂတ် အတွက်လည်း ပရမတ်သစ္စာကို မြင်နိုင်သမျှ ကြည့်နိုင်ရေးအတွက်ဦးဇင်းထံသို့မူ ပြေးဝင်ခိုမှီးခဲ့ပါသည်။

အမှားဘဝ သောကဝဋ်အထွေထွေမှ တရားပြတိုင်းလည်း မကျွတ်မကြေနိုင်ပါ။ ရွက်ဝါကြွေသော ဤနွေတွင် ခိုင့်ဂူဘေးသို့လာ၍ တွေဝေငိုင်မောရသည်။

မစိုပြည်သော အထီးကျန် ဤဘဝ၌ ခိုင့်ကိုသာ တိုင်တည်လွမ်းရသည်။

"ပတ်ဝန်းကျင်ကို မမြင်ချင်၊ မကြားချင်၊ မသိချင်ပါ ခိုင် . . .။ ပစ္စုပ္ပန်မှာလည်း မောင် မပျော်ပါဘူး ခိုင် . . .။ အနာဂတ် ဆိုတာကိုတော့ တွေးမိတိုင်း ကြောက်လန့်မိတယ် မိခိုင်ရယ် . . ."

မမြင်ချင်သော်လည်း ပတ်ဝန်းကျင်ကို ကျွန်တော် မြင်နေရသည်။ ကျွန်တော် မြင်နေရသော ပတ်ဝန်းကျင်မှာ လေငင်တိုင်းရိုင်းရိုင်းသဲသဲ ဝဲဝဲလွင့်လွင့်၊ ဆင့်ဆင့် ဆက်ဆက် ကြွေသက်နေသော ရွက်ဝါရွှေ မြေခသည့် နွေလရက် ဆည်းဆာရိပ် ပြာရီရီတည်း။ ကျွန်တော် ရပ်တည်နေရာမှာ မြေပုံမို့မို့ အုတ်ဂူညို့ညို့တို့ဖြင့် မျှို့အသရေ မရှိပါလေသော သချိုင်းမြေသာတည်း။ **ဆက်လက်ဖော်ပြပါမည်။**

**(၁၉၆၄ ခုနှစ် ဧပြီလက ထုတ်ဝေခဲ့သော ဆရာတက္ကသိုလ်ဘုန်းနိုင်၏ စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထားအသိများကို မူရင်းအတိုင်း ဖော်ပြခြင်းဖြစ်ပါသည်။)**

# နွေနှမ်းများအထွက်နှုန်းကောင်း၍ တောင်သူများအဆင်ပြေ



**မုံရွာ ဇူလိုင် ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မြို့နယ်သည် ၉၉ ကန်စနစ် တောင်သူပိုင်ရေလျှံတွင်းများဖြင့် တစ်နှစ်သုံးသီးစားစနစ်ဖြင့် စိုက်ပျိုးလျက်ရှိရာ ယခုနှစ်တန်ခူးလတွင် စတင်စိုက်ပျိုးခဲ့သော နွေနှမ်းများ ယခုအခါတွင် ရိတ်သိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ အထွက်နှုန်းကောင်းပြီး ဈေးကောင်းရသဖြင့် တောင်သူများအဆင်ပြေလျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့နယ်မှာ နှမ်းသီးနှံအထွက်နှုန်းကောင်းတာ နှစ်နှစ်ရှိပြီ။ နှမ်းမျိုးကို နှမ်းဖြူနဲ့ နှမ်းနက်ဆိုပြီး နှစ်မျိုးစိုက်ကြတယ်။ သက်တမ်းက သုံးလကြာတယ်။ နှမ်းသီးနှံပြီးရင် စပါးစိုက်တယ်။ စပါးပြီးရင် ဂျုံသီးနှံ ဆက်တိုက်စိုက်တယ်။ ဒီမှာက ၉၉ ကန် စနစ်ရှိတယ်။ ကိုယ်ပိုင်ရေလျှံတွင်းလည်း တူးလို့ရတော့ စိုက်ပျိုးရေအတွက်က မပူရဘူး။ နှမ်းက ကိုယ်ပိုင်ရေလျှံတွင်းရှိတဲ့သူတွေ၊ ၉၉ ကန်ရေရတဲ့နေရာတွေမှာ အထွက်နှုန်းကောင်းတယ်။ ရေဝေးတဲ့စိုက်ခင်းတွေကတော့ အထွက်နည်းပါတယ်။ ဒါပေမယ့်ဈေးကောင်းရတော့ အရှုံးတော့မရှိပါဘူး။ အခု နှမ်းဖြူတစ်တင်းကို ငွေကျပ် ၃၃၀၀၀၊ နှမ်းနက်တစ်တင်းကို ငွေကျပ် ၆၀၀၀၀ ကျော် ဈေးရှိတယ်။ နောက်ပိုင်းမှာလည်း ဈေးကမြင့်တက်နိုင်မယ်ထင်တယ်။ နှမ်းသီးနှံရိတ်သိမ်းပြီးတာနဲ့ မိုးစပါးစိုက်ဖို့အတွက် ထယ်ရေး၊ ထွန်ရေး ဆက်ပြီးပြင်ရတော့မယ်"ဟု ယင်းမာပင်မြို့နယ် လယ်ငေါက်ကျေးရွာမှ တောင်သူဦးကျော်ဝင်းက ပြောသည်။

ယင်းမာပင်မြို့နယ်အတွင်း ယခုနှစ်မိုးရာသီတွင် မိုးရွာသွန်းမှုနည်းသော်လည်း နွေနှမ်းစိုက်တောင်သူများအနေဖြင့် နှမ်းများရိတ်သိမ်းပြီးချိန်တွင် မိုးစပါးများ အချိန်မီစိုက်ပျိုးနိုင်ရေးအတွက် ထွန်ရေး၊ ထယ်ရေးများ ဆက်လက်ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**

# မြေသိမ်း၊ ယာသိမ်းခံရသောတောင်သူများပြဿနာဖြေရှင်းနိုင်ရန် မြေယာဥပဒေများကို လေ့လာသိရှိထားရန်လိုအပ်

**ရန်ကုန် ဇူလိုင် ၁၃**

တောင်သူတချို့ ရင်ဆိုင်နေရသည့် မြေယာအငြင်းပွားမှုပဋိပက္ခများ ပြေလည်အောင် ဖြေရှင်းနိုင်ရန် သက်ဆိုင်ရာ တည်ဆဲဥပဒေများကို လေ့လာသိရှိထားပြီး ဖြေရှင်းဆောင်ရွက်ပါက အထောက်အကူဖြစ်စေပြီး အဆင်ပြေစေနိုင်မည်ဟု လယ်မြေသိမ်းခံ လယ်သမားအခွင့်အရေး ကူညီဆောင်ရွက်ပေးသူ တရားလွှတ်တော်ရှေ့နေ ဦးမြင့်သွင်က သုံးသပ်ပြောကြားခဲ့သည်။

နိုင်ငံသားတိုင်းသည် တရားဥပဒေစိုးမိုးရေး အကာအကွယ်ရရှိနိုင်ရန် နိုင်ငံတွင်းကျင့်သုံးနေသည့် မိမိနှင့်သက်ဆိုင်သော တည်ဆဲဥပဒေများကို လေ့လာမှတ်သားသိရှိထားမှသာ Rule of Law ဖြစ်မည်ဖြစ်ပြီး တရားဥပဒေ၏ အကာအကွယ်ကို ရရှိခံစားရမည်ဖြစ်ကြောင်း ၎င်းကဆိုသည်။

တောင်သူများအား အသိပညာမြင့်မားရေး၊ စွမ်းဆောင်ရည်မြင့်မားရေး၊ ရသင့်ရထိုက်သည့် တောင်သူအခွင့်အရေးများကို ဥပဒေဘောင်အတွင်းမှ ရရှိနိုင်ရေး စသည်တို့ကို ဌာနဆိုင်ရာများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ ပြည်သူများကလည်း ပူးပေါင်းကူညီဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ မြေယာကိုအိမ်နီးချင်းနိုင်ငံများတွင် နိုင်ငံတော်အစိုးရက စီမံခန့်ခွဲမှုတာဝန်သာရှိကြောင်း၊ တောင်သူလယ်သမားများ အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး နည်းဥပဒေများအပေါ် စိစစ်သုံးသပ်အကြံပြုတင်ပြရေးဆွဲလှုပ်ရှားသူ Food Security Working Group (FSWG) အဖွဲ့၏ အကြံပေး ပုဂ္ဂိုလ် ဦးစံသိန်းကပြောသည်။

ဓားမဦးချ၊ မိရိုးဖလာတောင်သူများသည် မြေလွတ်မြေရိုင်းများပိုင်ဆိုင်မှုအတွက် ပုံစံ ၁ နှင့် သာမန်လယ်ယာမြေများအတွက် ပုံစံ ၇ ကို မြေစာရင်းရုံးဌာနများတွင်လည်းကောင်း၊ တောင်ယာလုပ်ကိုင်သူများသည် ပုံစံ ၁၀ ရရှိနိုင်ရန် GIS GPS မြေပုံများဖြင့် သစ်တောဦးစီးဌာနတွင် တာဝန်အရ အကူအညီတောင်းခံခြင်းဖြင့် တရားဝင်လယ်ယာလုပ်ခွင့်ရှိသည်။

ယာမြေကိုလန(၃၉)ယခုလန(၃၀)အရလူနေရပ်ကွက် ပြောင်းလဲဖော်ထုတ်ပါကလည်း မြေယာရှင်မှ လူနေအိမ်ခန်း တောင်းယူခွင့်ရှိသည်ဟု ဥပဒေတွင် ဖော်ပြထားကြောင်း သိရသည်။

မြေသိမ်းခံရသောတောင်သူလယ်သမားများ အနေဖြင့် ပိုင်ဆိုင်မှုအထောက်အထားမရှိပါက ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၀၊ မြေလွတ်မြေစီမံခန့်ခွဲရေးနည်းဥပဒေ ၅၂ အရ လက်ရှိစိုက်ပျိုးလုပ်ကိုင်နေသူများကို လျော်ကြေးနစ်နာကြေး ပေးရမည်။

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၅၆ တွင် နိုင်ငံတော်သည် နိုင်ငံသားတိုင်း၏ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများနှင့်စပ်လျဉ်း၍ ဥပဒေအရ ကာကွယ်ပေးရမည်ဟု ပြဋ္ဌာန်းပေးထားကြောင်း သိရသည်။

ပြီးခဲ့သည့် မြေယာပြဿနာများကို ကြည့်ခြင်းအားဖြင့် ဥပဒေအရ သက်ဆိုင်ရာသို့ ကန့်ကွက်စာနှင့် မြေယာလျော်ကြေးများရရှိရန်အတွက် ညှိနှိုင်းဆောင်ရွက်ရသောကိစ္စများတွင် တောင်သူများ စုပေါင်းလက်မှတ်ထိုးပြီး စာတင်ကြသည်။

မြေယာအငြင်းပွားမှုများကို ဖြေရှင်းရာတွင် ညှိနှိုင်းဖျန်ဖြေခြင်း၊ ခုံသမာဓိနည်းဖြင့်ဖြေရှင်းခြင်း မရမှသာ တရားရုံးတွင် ဖြေရှင်းခြင်းဖြင့် ဆောင်ရွက်လေ့ရှိကြောင်းနှင့် သက်ဆိုင်ရာဥပဒေများကို လေးငါးခုမျှ သိရှိထားလျှင်ပင် ကာကွယ်ဖြေရှင်းနိုင်ကြောင်း တရားလွှတ်တော်ရှေ့နေ ဦးမြင့်သွင်က ပြောသည်။

နိုင်ငံတော်သည် အကြောင်းအမျိုးမျိုးကြောင့် ဥပဒေနှင့်အညီ မြေသိမ်းပါက ၁၉၈၄ မြေသိမ်းဥပဒေပုဒ်မ ၄(၁) အရ သိမ်းမည့်တောင်သူထံ ခရိုင်ထွေအုပ်မှ တောင်သူထံ ပဏာမအကြောင်းကြားစာ၊ ပုဒ်မ ၉(၁) အရ လျော်ကြေးနစ်နာကြေးအတွက် ဒုတိယမြောက် ညှိနှိုင်းအကြောင်းကြားစာ၊ မြေသိမ်းဥပဒေပုဒ်မ ၁၁၊ ပုဒ်မ ၁၅ အရ တောင်သူများနှင့်ညှိနှိုင်းပြီး သဘောတူရာကို ကာလပေါက်ဈေးအတိုင်း လျော်ရမည်ဖြစ်ပြီး အလျင်အမြန်လျော်ပေးရမည်ဖြစ်သည်။

စိုက်ပျိုးပိုင်ဆိုင်သည့် တောင်သူသည် သီးနှံရာသီအလိုက်နှင့် နှစ်ရှည်သီးဖြစ်ပါက သီးနှံထွက်တန်ဖိုး ကာလတန်ကြေး၏ ငါးဆအထိ လျော်ကြေးရခွင့်ရှိပြီး တောင်သူသည် လျော်ကြေးရရှိမှသာ ရရှိကြောင်း လက်မှတ်ရေးထိုးရမည်ဟု ဥပဒေတွင် ပါရှိကြောင်း သိရသည်။

နိုင်ငံတော်အကျိုးဖြစ်ထွန်းစေမည့် စီမံကိန်းများအတွက် လယ်ယာမြေသိမ်းယူရာတွင် အနည်းဆုံးလိုအပ်သောပမာဏကိုသာ သိမ်းယူရမည်ဖြစ်ပြီး စီမံကိန်းမလုပ်တော့ပါက ပြည်ထောင်စုလွှတ်တော်ဥပဒေပုဒ်မ ၁၁၊ လယ်ယာမြေဥပဒေပုဒ်မ ၃၂ အရ မူလလယ်ပိုင်ရှင်ထံ ပြန်လည်ပေးအပ်ရမည်ဖြစ်သည်။

လယ်မြေသိမ်းခံတောင်သူများသည် ကျေနပ်မှုမရှိပါက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညွန့်ထွန်း ဦးဆောင်ဖွဲ့စည်းထားသည့် မြေယာအသုံးချမှုကော်မရှင်သို့လည်းကောင်း၊ ခရိုင်လယ်ယာယာစီမံခန့်ခွဲရေး အဖွဲ့တို့ထံသို့လည်းကောင်း ကန့်ကွက်စာတင်နိုင်ကြောင်း သိရသည်။

နိုင်ငံတော်၏တည်ဆဲဥပဒေများကို နိုင်ငံသားတိုင်း သိရှိလိုက်နာပါမှ နိုင်ငံတော်တည်ငြိမ်အေးချမ်းပြီး တရားဥပဒေစိုးမိုးကာ ဥပဒေ၏အကာအကွယ်ကိုလည်း ပြည်သူများက ရရှိခံစားရမည်ဖြစ်သည်ဟု ဥပဒေပညာရှင်များက သုံးသပ်ပြောကြားသည်။

**သန့်ဇင်ဝင်း**


## ဝန်ထမ်း အလိုရှိသည်

အလုံမြို့နယ် အဆင့်မြင့်ကွန်ဒိုတွင် တာဝန်ထမ်းဆောင်ရန် အောက်ပါဝန်ထမ်းများ အလိုရှိသည်။

| | | |
|---|---|---|
| 1. Chief Accountant | M/F | 1 Post |
| 2. Sales & Marketing | F | 2 Posts |
| 3. Senior Architect | M | 1 Post |
| 4. Junior Architect | M | 2 Posts |
| 5. HR Assistant | M/F | 1 Post |
| 6. Driver (နိ) | M | 2 Posts |

လျှောက်ထားလိုသူများသည် သက်ဆိုင်ရာ စာရွက်စာတမ်း၊ အထောက်အထား အပြည့်အစုံနှင့်အတူ အလုံ ကမ်းနားလမ်း သစ်တောမှတ်တိုင်အနီး သို့တစ်ပတ်အတွင်းအမြန်ဆုံး လာရောက်လျှောက်ထားနိုင်ပါသည်။

ဆက်သွယ်ရန်ဖုန်းနံပါတ်- ၀၁-၂၃၀၁၇၆၁၃~၂၃၀၁၇၆၉ ၀၉-၇၉၅၁၄၃၉၉၂

အချိန်ပြည့်သင်တန်းကျောင်းတွင်

လက်သည်းအလှသင်တန်း ၁၅၀၀၀၀ိ / -

Nail Care & Beauty၊ ရေဆေး ပန်းချီ၊ 3D၊ ဖောင်းကြွ၊ ကျောက်ပန်းချီ၊ UV-Ext, UV-Art လက်သည်းနှင့် ဖက်သက်သမျှ ဘာသာရပ်ကို အတတ်သင်ပေးမည်။

ယခုမှစ ပထမဆုံးအပ်နှံသူ (၅) ဦး 10%Discount

မန္တလေး - (13-7-2015)တန်းခွဲသစ်ဖွင့်မည်၊ SYတိုက်ခန်း (၈)၊ ၇၀ လမ်း၊ ၂၉ × ၃၀ လမ်းကြား၊ ဘုတာကြီးရှေ့၊ 09-970017575

ရန်ကုန် - (27-7-2015) တန်းခွဲသစ်ဖွင့်မည်၊ အမှတ် (၂၀)၊ လှည်းတန်းလမ်းမ၊ စိန်ဂေဟာရှေ့မီးပွိုင့်အနီး။ 09-73212181

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရွှေပြည်သာမြို့နယ် မြေတိုင်းရပ်ကွက် အမှတ်(၄၁)၊ မြေကွက်အမှတ်(၁၇၀၄/က)၊ မြေကွက်တည်နေရာအမှတ်(၁၇၀၄/က)၊ ပန်းခြံ(၂)လမ်း၊ (၁၅)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ဦးကျော်ဆွေ အမည်ပေါက်ပါမစ်မြေအား အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူခဲ့သူ ဦးကျော်ကျော်နိုင် [၁၂/ကတတ(နိုင်)၀၀၂၂၁၅] မှ တင်ပြပါမစ်မူရင်းတွင် မိသားစုဓာတ်ပုံ၊ ရွှေ့ပြောင်းမည့်သူများ၏ ရာဇဝင်အကျဉ်းချုပ်နှင့် မြေနေရာချထားပေးခြင်းခံရသူများ၏ မှီခိုနေထိုင်သူများစာရင်း တင်ပြထားသော်လည်း အိမ်ရာဆောက်လုပ် နေထိုင်ခွင့်တင်ပြနိုင်ခြင်း မရှိဘဲ နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

စာအုပ်စာပေ လူ့မိတ်ဆွေ

## တရားဝင်ဇနီးဖြစ်ကြောင်း ကြေညာခြင်း

မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်၊ ကော့ကဒိုက်ကျေးရွာနေ (အဖ) ဦးတင်ရှိန်၊ (အမိ) ဒေါ်အုံးပွင့်တို့၏သား မောင်ဝင်းထိုက်[၁၀/ခဆန(နိုင်)၀၇၂၆၇၀](ယခုရန်ကုန်တွင် နေထိုင်သူ)နှင့် မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်၊ မုရစ်ကလေးကျေးရွာနေ (အဖ)ဦးအောင်ကြည်၊ (အမိ) ဒေါ်သင်းခိုင်တို့၏သမီး ကျွန်မ မခင်မာဦး[၁၀/ခဆန(နိုင်)၀၂၇၀၈၁]တို့သည် ၂၀၀၄ခုနှစ်၊ ဇန်နဝါရီလတွင် မုရစ်ကလေးကျေးရွာလူကြီးများနှင့် ရပ်မိရပ်ဖများရှေ့မှောက်တွင် အသိအမှတ်ပြု လက်ထပ်ပေါင်းသင်းခဲ့ရာ မောင်အေးချမ်းကို (ဒုတိယတန်း) သားတစ်ဦးရှိခဲ့ပါသည်။

မောင်ဝင်းထိုက်နှင့် ကျွန်မမခင်မာဦးတို့သည် တရားဝင် ကွာရှင်းထားခြင်း မရှိဘဲ ယခုအချိန်ထိ တရားဝင်အကြင်လင်မယားအဖြစ် ပေါင်းသင်းဆက်ဆံလျက်ရှိပါသည်။ ကျွန်မ မခင်မာဦးသာလျှင် တရားဝင်ဇနီး ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

မခင်မာဦး[၁၀/ခဆန(နိုင်)၀၂၇၀၈၁]

NIKKO
BEAUTY & SKIN CARE CENTRE

Nikko New Eyebrow Embroidery မိုးရာသီအထူးအစီအစဉ်
20%Discount ဖြင့်ဖိတ်ခေါ်လိုက်ပါတယ်။

မျက်ခုံးအနီမှိန့်အမြင့်၊ ပုံစံမကျ မလှမပသူများအတွက် မူလမျက်ခုံးသားအတိုင်း နာကျင်သွေးထွက်ခြင်းရောင်ရမ်းမှုမရှိခြင်း၊ အရောင်ပြောင်းလဲမှုမရှိခြင်း၊ ဆေးသားခိုင်မြဲခြင်း တို့ကို စက်ဖြင့်မဟုတ်၊ အနုစိတ် လက်ဖြင့် ပုံဖော်ထိုးပေးခြင်း၊ မျက်ဝန်းအလှနှင့်နှုတ်ခမ်းအလှအတွက် Eye Liner နှင့် Lips Colour လုပ်ပေးခြင်းတို့ကို USA နည်းစနစ်သစ်ဖြင့်(၁၀)နှစ်အာမခံနှင့်အထူးတာဝန်ယူဆောင်ရွက်ပေးနေသည်။ Colour ပြောင်းလဲခြင်းမရှိဘဲ သဘာဝအလှကဲ့သို့ရရှိမှာဖြစ်သည်။

မှဲ့ဖျက်ပေးခြင်း၊ ကြီးမားသောအမာရွတ်နှင့်အမဲစက်များကိုလည်းအထူးတာဝန်ယူဆောင်ရွက်ပေးနေသည်။

အမှတ်(8/Q)၊ မင်းဓမ္မလမ်း၊ ကျိုက်ဝိုင်းဘုရားလမ်းနှင့်ပါရမီလမ်းကြား၊ (၃)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်။

Ph : 01-655055, 09-421744293, 09-263623922

## ဝန်ထမ်းအလိုရှိသည်
(စားသောက်ကုန်လုပ်ငန်း)

ပစ္စည်းပို့ ကျား(၁)ဦး
လစာ(တစ်သိန်း)
အလုပ်သမား မ(၃)ဦး
-နေ/စား/ငြိမ်းလစာ(၆၀၀၀၀ိ/)
အသက်(၂၀-၄၀)အတွင်း
အိမ်အကူ မ(၁)ဦး
-နေ/စား/ငြိမ်းလစာ(၆၀၀၀၀ိ/)
အသက်(၂၀-၅၀)အတွင်း
(ကျန်းမာသန်စွမ်းပြီး အိမ်မှုကိစ္စလုပ်နိုင်ရမည်)
ဆက်သွယ်ရန်- 0973093801

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ က+ဂရပ်ကွက်၊ အမှတ်-၁၂/၁၄၊ ၁၅၅-လမ်းနေ ဦးအဒူရော်မန် [၁၂/တမန(နိုင်)၀၉၉၁၈၈]၏သား မောင်လှမောင်(ခ)မာမောက်အီစမိုင် (TMG-၀၃၇၃၂၄)သည် ဖခင်၏ ဆိုဆုံးမမှုကို မနာခံဘဲ ခွင့်မလွှတ်နိုင်သောအဆင့်သို့ ရောက်ရှိနေသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့် ပတ်သက်သော ငွေကြေးကိစ္စရပ်၊ တခြားကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ဖခင်-ဦးအဒူရော်မန်

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

အမှတ်(၂၁၂)၊ မင်းရဲကျော်စွာ(၂)လမ်း၊ စက်မြေရပ်ကွက်၊ ဒလမြို့နယ်နေ အဖ ဦးတင်ဝင်း [၁၂/ဒလန(နိုင်)၀၂၆၅၀၇]၊ အမိ စတိုးဂျမီး(ခ)ဒေါ်ဟင်းသဒါးတို့၏သားဖြစ်သူ မောင်အောင်သူ(ခ) အာနီးသည် မိဘများအား အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်နေပါသဖြင့် ၎င်းအား သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝအား လုံးဝတာဝန် ယူဖြေရှင်းပေးမည်မဟုတ်ပါ။ စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

ဦးတင်ဝင်း၊ စတိုးဂျမီး(ခ)ဒေါ်ဟင်းသဒါး

## မွေးသက္ကရာဇ်အမှန်

ထ(၃)ကြည့်မြင်တိုင်၊ ဒသမတန်း(က)မှ မနှင်းနှင်းအေး(ဘ)ဦးကြည်စိုး မွေးသက္ကရာဇ်အမှန်မှာ (၁၁-၂-၂၀၀၀)ဖြစ်ပါကြောင်း။

မနှင်းနှင်းအေး(၁၁-၂-၂၀၀၀)

## ဖခင်အမည်မှန်

ထ(၃)ကြည့်မြင်တိုင်၊ စတုတ္ထတန်း (A)မှ မယွန်းမီမီဇော်၏ဖခင် အမည်မှန်မှာ ဦးအောင်ဇော်ဦးဖြစ်ပါကြောင်း။

ဦးအောင်ဇော်ဦး

# တောင်သမန်အင်းသန့်ရှင်းသာယာလှပရေးနှင့် ဦးပိန်တံတားအား ရှေးမူမပျက် ပြန်လည်ပြုပြင်ထိန်းသိမ်းရေး ဆွေးနွေး



**မန္တလေး ဇူလိုင် ၁၃**

ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့တို့ပူးပေါင်း၍ မန္တလေးခရိုင် အမရပူရမြို့နယ် တောင်သမန်အင်းသန့်ရှင်းသာယာလှပရေးနှင့် ဦးပိန်တံတားအား ရှေးမူမပျက် ပြန်လည်ပြုပြင်ထိန်းသိမ်းရေး ဆွေးနွေးပွဲကို ဇူလိုင် ၁၀ ရက် မွန်းလွဲ ၂ နာရီက မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ၆၆ လမ်းနှင့် ၂၆ လမ်းထောင့်ရှိ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမတွင် ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် နိုင်ငံကျော်အနုသုခုမပညာရှင် ဂီတစာဆို နန်းတော်ရှေ့ဆရာတင် ရေးစပ်သီကုံးခဲ့သော 'တောင်သမန်' တေးသီချင်းအား သားဖြစ်သူ အနုသုခုမပညာရှင် ဦးရွှေနန်းတင်က ပတ္တလားတီးခတ်၍ မြေးအနုပညာရှင် နန်းခင်မွေးက သီဆိုဖွင့်လှစ်ခဲ့သည်။ ယင်းနောက် မန္တလေးတိုင်းဒေသကြီး ဘဏ္ဍာရေးဝန်ကြီး ဒေါက်တာမြင့်ကြူက ကမ္ဘာလှည့်ခရီးသည်များ စိတ်ဝင်စားစွာ လာရောက်လေ့လာလည်ပတ်လျက်ရှိသည့် သက်တမ်း ၁၆၄ နှစ်ရှိ ဦးပိန်တံတားအား ရှေးမူမပျက် ပြန်လည်ပြုပြင်ထိန်းသိမ်းရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ တင်ပြချက်အရ နိုင်ငံတော်မှချထားပေးသော ပြည်ထောင်စုရန်ပုံငွေကျပ်သိန်း ၂၂၇၀ဖြင့် ဆောင်ရွက်မည့်အစီအစဉ်များအား ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (မန္တလေးဌာနခွဲ) မှ လက်ထောက်အင်ဂျင်နီယာ ဦးအေးလွင်က ဦးပိန်တံတားပျက်စီးမှုအပိုင်းများနှင့် အစားထိုးပြုပြင်မည့်လုပ်ငန်းများအားရှင်းလင်းတင်ပြခဲ့သည်။ ယင်းနောက်မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ သန့်ရှင်းရေးဌာန ဌာနမှူး ဦးနေဝင်းမြင့်က တောင်သမန်အင်းသန့်ရှင်းသာယာလှပရေးနှင့် ဈေးဆိုင်ခန်းများ စနစ်တကျရှိစေရေး၊ ရေဆိုးများမဝင်ရောက်စေရေး ဆောင်ရွက်ပေးနေမှုများအားလည်းကောင်း၊ အမရပူရမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးနေမြတ်သူက ဦးပိန်တံတားလုံခြုံရေးအတွက် နေ့ညတာဝန်ချထားဆောင်ရွက်ခဲ့မှုများနှင့် ရှေ့လုပ်ငန်းစဉ်များအားလည်းကောင်း ရှင်းလင်းတင်ပြပြီး လွှတ်တော်ကိုယ်စားလှယ်များ၊ မြန်မာမှုပညာရှင်များ၊ မြို့မိမြို့ဖများက အကြံပြုဆွေးနွေးခဲ့ကြသည်။

ဦးပိန်တံတားပြုပြင်ရာ၌ ဆွေးမြည့်တိုင် ၁၀၀ ခန့် အစားထိုးလဲလှယ်ခြင်း၊ အောက်ခြေဆွေးတိုင် ၁၇ တိုင်ဖြတ်၍ဆက်ခြင်း၊ ဆွေးမြည့်ပျက်စီးနေသောတိုင် ၄၆ တိုင်ရှိ ခေါင်းများအစားထိုးဆက်ခြင်း၊ ဆွေးမြည့်ရက်မ ၃၅ ချောင်းအစားထိုးလဲလှယ်ပြုပြင်ခြင်း၊ မူလပုံစံအတိုင်း သစ်သားလက်ရန်းများ ထည့်သွင်းပြုလုပ်ခြင်း၊ သစ်သားခါးပန်းများ မူလပုံစံအတိုင်း ထည့်သွင်းပြုလုပ်ခြင်း၊ ကွန်ကရစ်တံတားလက်ရမ်းများ အချောကိုင်ပြုပြင်ခြင်း၊ ကွဲအက်နေသောတိုင်ခေါင်းများအား စတီးပြားများဖြင့် ခါးပတ်ပြုလုပ်ထိန်းခြင်း၊ တောင့်တင်းခိုင်မာမှုရှိစေရန် ချုပ်တန်းနှင့် ထောက်တန်းများထည့်သွင်းချုပ်နှောင်ခြင်း၊ တံတားတောင်ဘက်ခြမ်းမှ ၁၅ ပေခန့်အကွာ လုံခြုံရေးအတွက် လျှပ်စစ်မီးသွယ်တန်းခြင်းများ ဆောင်ရွက်သွားမည်ဖြစ်သည်။ **သီဟကိုကို(မန္တလေး)**

# အခြေခံသမအသင်းသားများကို စိုက်ပျိုးစရိတ်ပံ့ပိုးချေးငွေများထုတ်ချေး

**ရမည်းသင်း ဇူလိုင် ၁၃**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် သမဝါယမဦးစီးဌာမှ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝမြှင့်တင်ရေးအတွက် ဝါးတီးကျေးရွာအုပ်စုအတွင်း ဝါးတီးရွာ၊ အောင်းကုန်းရွာနှင့် သဖန်းကုန်းရွာများရှိ အခြေခံသမအသင်းသားများအား မိုးရာသီ စိုက်ပျိုးစရိတ်ပံ့ပိုးချေးငွေပေးအပ်ပွဲကို ဇူလိုင် ၁၀ ရက် နံနက် ၁၀ နာရီကအဆိုပါကျေးရွာများရှိ ဘုန်းတော်ကြီးကျောင်းများတွင် တောင်သူအသင်းသားများထံ ချေးငွေများ လက်ရောက်ထုတ်ချေးပေးရာ ရမည်းသင်းမြို့နယ်သမ ဦးစီးအရာရှိ ဦးဇော်လင်းနှင့် မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန ဦးစီးအရာရှိဒေါ်နွေဇော်ဦးတို့က ပေးအပ်ခဲ့ကြကြောင်း သိရသည်။

အဆိုပါချေးငွေများကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ China EXIM Bank မှ ခြောက်လဆပ်စနစ်ဖြင့် ထုတ်ချေးခြင်းဖြစ်ပြီး ရမည်းသင်းမြို့နယ်အတွင်းရှိ အခြေခံသမဝါယမအသင်းပေါင်း ၂၂၄ သင်းမှ အသင်းသား ၂၂၄၉၄ ဦးကို ထုတ်ချေးမည်ဖြစ်သည်။ ယင်းသို့ထုတ်ချေးရာတွင် ကျေးရွာ ၄၅ ရွာမှ အသင်းသားများကို ကျပ်တစ်သိန်းမှ သုံးသိန်းထိ ထုတ်ချေးသွားမည်ဟုသိရသည်။ ကျန် ၁၇၉ ရွာမှ အသင်းသားများကို တစ်ဦးလျှင် ကျပ်တစ်သိန်းနှုန်း ထုတ်ချေးပေးသွားပြီဟုသိရပြီး ရမည်းသင်းမြို့နယ် အခြေခံသမအသင်းများကို China EXIM Bank မှ ကျပ်သိန်းလေးသောင်းကျော်ထုတ်ချေးပေးမည်ဟု သိရသည်။

တောင်သူအခြေခံသမအသင်းများအား ပံ့ပိုးချေးငွေများပေးအပ်ရာတွင် ရမည်းသင်းမြို့နယ် သမဝါယမဦးစီးဌာနမှ ဝန်ထမ်းများကို မြို့နယ်သမအသင်းစုဥက္ကဋ္ဌ၊အတွင်းရေးမှူးနှင့် ဒါရိုက်တာအဖွဲ့ဝင်များကို အဖွဲ့ခြောက်ဖွဲ့ခွဲ၍ အချိန်မီထုတ်ချေးပေးသွားမည်ဖြစ်သည်။ **ဇော်ဝင်းအောင်(ရမည်းသင်း)**

# ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေး ဆောင်ရွက်

**ကျောင်းကုန်း ဇူလိုင် ၁၃**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ် တံခွန်တိုင်ကျေးရွာ၊ ဇရပ်ကွင်းကျေးရွာ၊ ကညင်သုံးဆင့်ကျေးရွာ၊ ကွင်းကြီးကျေးရွာများတွင် ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေးဖွင့်ပွဲကို ဇူလိုင် ၉ ရက်က ကျင်းပခဲ့သည်။

တံခွန်တိုင်ကျေးရွာတွင် မီးလင်းအိမ်ခြေ ၅၇ အိမ်ရှိပြီး ပြည်သူထည့်ဝင်ငွေ ၁၈၂ သိန်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ ကျပ်သိန်း ၁၀၀ စုစုပေါင်းငွေကျပ် ၂၈၂ သိန်းဖြင့် ကျေးရွာမီးလင်းရေးဆောင်ရွက်ခဲ့သည်။ ဇရပ်ကွင်းကျေးရွာတွင် မီးလင်းအိမ်ခြေ ၈၁ အိမ်ရှိပြီး ပြည်သူထည့်ဝင်ငွေ ၄၂၀ သိန်းဖြင့် ကျေးရွာမီးလင်းရေး ဆောင်ရွက်ခဲ့သည်။ ကညင်သုံးဆင့်ကျေးရွာတွင် မီးလင်းအိမ်ခြေ ၇၉ အိမ်ရှိပြီး ပြည်သူထည့်ဝင်ငွေ ၁၈၀ သိန်း၊ တိုင်းဒေသကြီးမှချေးငွေကျပ်သိန်း ၂၀၀ စုစုပေါင်း ကျပ်သိန်း ၃၈၀ ဖြင့် ကျေးရွာမီးလင်းရေးဆောင်ရွက်ခဲ့သည်။ ကွင်းကြီးကျေးရွာတွင် မီးလင်းအိမ်ခြေ ၉၇ အိမ်ရှိပြီး ပြည်သူထည့်ဝင်ငွေကျပ်သိန်း ၄၅၀ တို့ဖြင့် ကျေးရွာမီးလင်းရေး ဆောင်ရွက်ခဲ့သည်။ **ဝင်းကြိုင်**

## နတ်တလင်းမြို့နယ်အသင်း(ရန်ကုန်)၏ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ

နတ်တလင်းမြို့နယ်အသင်း(ရန်ကုန်)၏ (၂၁)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို အမှတ်(၁၅၃)၊ (၃-က)၊ ကျွန်းတောလမ်း၊ စမ်းချောင်းမြို့နယ်ရှိအသင်းတိုက်တွင် (၁၃၇၇ခုနှစ်၊ ဒုတိယဝါဆိုလဆန်း၁၀ရက်)၊ ၂၆-၇-၂၀၁၅ (တနင်္ဂနွေနေ့) နံနက်၉နာရီတွင် ကျင်းပပြုလုပ်မည်ဖြစ် ပါသဖြင့် အသင်းသား၊ အသင်းသူများ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။ (နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံပါမည်။)

မှတ်ချက်။ ဝါဆိုသင်္ကန်းဆက်ကပ်လိုသူအလှူရှင်များ ဒေါ်ဝင်းကြည်(နာယက) ၀၁-၂၉၄၂၈၂၊ ဦးလှသန်း(နာယက) ၀၁-၅၃၇၈၃၉၊ ဦးအုန်းမြင့်(နာယက) ၀၉-၂၅၄၂၇၆၂၃၉သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

အမှုဆောင်အဖွဲ့
နတ်တလင်းအသင်း(ရန်ကုန်)




ရထားပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား
**အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း**

၁။ အောက်ပါလုပ်ငန်းများအား မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသည်-

| စဉ် | တင်ဒါအမှတ် | လုပ်ငန်းအမည်/တည်နေရာ |
|---|---|---|
| | | **ရွာသာကြီးဘူတာ တည်ဆောက်ရေးစီမံကိန်း** |
| ၁ | ၆၂/မမ/CE | - ရွာသာကြီးဘူတာတွင် (၂)ခန်းတွဲနေအိမ် (၁)လုံးဆောက်လုပ်ခြင်း(လျှပ်စစ်မီးအပါအဝင်)(သွပ်မိုးထရံကာပျဉ်ခင်း) (၁၈' x ၁၈')နှင့် (၂)ခန်းတွဲအိမ်သာ (၁)လုံးဆောက်လုပ်ခြင်း (၄' x ၈')(သွပ်မိုးဝါးထရံ/အုတ်တစ်ဝက်ကာ) (ကွန်ကရစ်ခွေအပါအဝင်) |
| | | **တိုင်းအမှတ်(၇)ရန်ကုန်** |
| ၂ | ၆၃/မမ/CE | - ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်းရှိ သမိုင်းမြို့သစ်ဘူတာတွင် လူကူးခုံးကျော်တံတား (FOB) တည်ဆောက်ခြင်း (RSJ Beam, MS Rod, MS Plate,Angle နှင့် သံလမ်းဟောင်းများဌာနမှပံ့ပိုးပါမည်) |
| | ၆၄/မမ/CE | - အင်းစိန်မြို့ပတ် ဒီဇယ်စက်ခေါင်းစက်ရုံတွင် အုတ်ရေကန်(၁၂' x ၁၀' x ၅')တည်ဆောက်ခြင်း နှင့် Pump House (၁၃' x ၉')တည်ဆောက်ခြင်း |
| | ၆၅/မမ/CE | - မလွှကုန်းတွဲစီယာဒ်ဝင်းတွင် ဂါလန်(၆၄၀၀)ဆံ့ အုတ်ရေကန်(၁၆' x ၈' x ၈')(၁)လုံး တည်ဆောက်ခြင်း ရေပိုက်သွယ်တန်းခြင်း |
| | | **မင်းဘူး-အမ်း-စစ်တွေ ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း** |
| ၃ | ၆၆/မမ/CE | - မြောက်ဦး-အမ်းလမ်းပိုင်း မြေတိုင်းတာခြင်းလုပ်ငန်း (၁ ကီလိုမီတာနှုန်းဖြင့် ဈေးနှုန်းတင်သွင်းရန်) |

တင်ဒါပိတ်မည့် နေ့/အချိန် - အမှတ်စဉ်(၁) (၂) ( ၂၇-၇-၂၀၁၅ ) ( တနင်္လာနေ့ )(၁၂:၃၀)နာရီ
- အမှတ်စဉ်(၃) (၁၃-၈-၂၀၁၅) ( ကြာသပတေးနေ့ )(၁၂:၃၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် ( ၁၃-၇-၂၀၁၅ )ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့မေးမြန်းနိုင်ပါသည်။ ဒုတိယအထွေထွေမန်နေဂျာဆောက်ပုံဌာနမြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် သိမ်ဖြူလမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ် ၊ရန်ကုန်မြို့။ ဖုန်း -294352,291994



# ပတ်ဝန်းကျင်ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေး ကျင်းပ

**တောင်ကြီး ဇူလိုင် ၁၃**

ရှမ်းပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဇူလိုင် ၉ ရက် မွန်းလွဲ ၂ နာရီက ရှမ်းပြည်နယ် သစ်တောဦးစီးဌာန ရတနာသစ်ခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အစီအစဉ်အရ ရှမ်းပြည်နယ် ပြည်နယ်သစ်တောနှင့်သတ္တုဝန်ကြီး ဦးစိုင်းအိုက်ပေါင်းက မိမိတို့လူသားများအပါအဝင် သက်ရှိအားလုံးသည် မိမိတို့ဘဝရှင်သန် ရပ်တည်နိုင်ရန်အတွက် အထူးသဖြင့် အခြေခံစားဝတ်နေရေးနှင့် မိမိတို့နိုင်ငံစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန် သဘာဝသယံဇာတ အရင်းအမြစ်များနှင့် သဘာဝပတ်ဝန်းကျင်ကို အမှီသဟဲပြုနေကြရကြောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီဝင်များသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ကြရမည့် ခေါင်းဆောင်များဖြစ်ကြောင်း၊ ခေါင်းဆောင်များအနေဖြင့် သစ်တောထိန်းသိမ်းရေး၊ သဘာဝသယံဇာတများ တူးဖော်ထုတ်လုပ်ခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုများအား လျှော့ချနိုင်ရေးတို့အတွက် ရလဒ်ကောင်းများဖော်ဆောင်နိုင်ရန် နည်းလမ်းများကိုသိရှိရန်၊ ပြသရန်နှင့် နည်းလမ်းအတိုင်း လိုက်နာဆောင်ရွက်သွားကြရန် စံနမူနာပြအဖြစ်ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားခဲ့သည်။

ရှမ်းပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်စိန်မမက ရှမ်းပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ ဖွဲ့စည်းပုံများနှင့် ရည်ရွယ်ချက်များကိုလည်းကောင်း၊ ရှမ်းပြည်နယ် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမောင်မောင်ဝင်းက ရှမ်းပြည်နယ်အတွင်းရှိ သစ်တောကြိုးဝိုင်းနှင့် သဘာဝသစ်တောများ၊ အင်းလေးကန်၏ ပတ်ဝန်းကျင်ထိန်းသိမ်းမှုများအားလည်းကောင်း အသေးစိတ် ရှင်းလင်းတင်ပြခဲ့ကြသည်။ တက်ရောက်လာကြသော ပြည်နယ်အဆင့်ဌာနဆိုင်ရာများကလည်း မိမိတို့ကဏ္ဍအလိုက် ဆောင်ရွက်နေမှုများကို တင်ပြဆွေးနွေးခဲ့ကြသည်။

**စိုင်းသန်းကျော် (တောင်ကြီး)**

# ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနေ့ သစ်ပင်စိုက်ပျိုး



**နေပြည်တော် ဇူလိုင် ၁၂**

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိရပ်ကွက်ရှိ အထက(၁၁)တွင် ကျောင်းနှင့်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနေ့ သစ်ပင်စိုက်ပျိုးခြင်းအား ဇူလိုင် ၁၂ ရက် နံနက် ၇ နာရီက ကျောင်းဝင်းအတွင်းကျင်းပခဲ့သည်။

ယနေ့စိုက်ပျိုးသည့် သစ်ပင်စိုက်ပျိုးပွဲတွင် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံး (သဘာဝတော/စိုက်ခင်း)မှ သစ်ပင်များပေးအပ်ခြင်းဖြစ်ပြီး အထက(၁၁) ကျောင်းအုပ်ဆရာမကြီး ဒေါ်တီနန်းမွန်၏ ဦးဆောင်မှုဖြင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ မြတ်ပါရမီလူမှုကူညီရေးအသင်း (နေပြည်တော်)မှ အသင်းဥက္ကဋ္ဌဦးအောင် ကျော်ဦးနှင့်အဖွဲ့ဝင်များ စုစုပေါင်းအင်အား ၆၀၀ ဦးမှစုပေါင်း၍ သရက်၊ စွယ်တော်၊ ခရေ၊ ငုဝါ၊ သပြေ၊ စပယ်၊ ရေတမာ၊ ရွက်လှ၊ မယ်ဇလီ၊ ကုက္ကိုစသည့် အပင် ၈၀၀ စိုက်ပျိုးခဲ့ကြောင်းသိရသည်။

**ကိုကိုရူပ(နေပြည်တော်)**

■

# ကျေးလက်ယင်လုံအိမ်သာဆောက်လုပ်

**ကွမ်းခြံကုန်း ဇူလိုင် ၁၂**

ရန်ကုန်တောင်ပိုင်းခရိုင် ကွမ်းခြံကုန်းမြို့နယ် တော်ကူးအနောက်ကျေးရွာတွင် ကျေးလက် ဦးစီးဌာန ရန်ပုံငွေဖြင့် Corvi ကုမ္ပဏီက ယင်လုံအိမ်သာ နှစ်ခန်းတွဲ တစ်လုံးဆောက်လုပ်နေကြောင်းသိရသည်။

ကွမ်းခြံကုန်းမြို့နယ်တွင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း နှစ်ခန်းတွဲ ယင်လုံအိမ်သာ ၁၄ လုံးနှင့် လေးခန်းတွဲ ယင်လုံ အိမ်သာ နှစ်လုံးတို့ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေစုစုပေါင်း ကျပ် ၄၀၈ သိန်း ကုန်ကျခံဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်မြင့်သူ(ကွမ်းခြံကုန်း)**

# နိုင်ငံအတွင်းသို့ တရားမဝင်ဝင်ရောက်သူ နိုင်ငံခြားသားကို ကျောက်ကြီးတရားရုံးက လ.ဝ.က ဥပဒေအရ ပြစ်ဒဏ်ချမှတ်

**ကျောက်ကြီး ဇူလိုင် ၁၃**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ကျောက်ကြီးမြို့နယ်တရားရုံးက နိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသူ Australlia နိုင်ငံသား Mr David George (ဘ) MrBranpon အသက် (၂၄) နှစ်အား ပြစ်မှုကြီးအမှတ် ၈၃၉/၂၀၁၅ နှင့် ၈၇၆/၂၀၁၅ တို့ဖြင့် ဇူလိုင် ၁၀ ရက်တွင် လ. ဝ. က အက်ဥပဒေ ၁၃(၁) အရ အလုပ်နှင့်ထောင်ဒဏ်နှစ်နှစ်၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၂၄ အရ အလုပ်နှင့်ထောင်ဒဏ်တစ်နှစ်တို့အား သီးခြားစီကျခံစေရန် ပြစ်ဒဏ်များချမှတ်လိုက်ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇွန် ၁၈ ရက်က ကျောက်ကြီးမြို့အဝင် ဆိပ်ကြီးကျေးရွာ တံတားအနီးတွင် မသင်္ကာဖွယ်ရာ နိုင်ခြားသားတစ်ဦး ရောက်ရှိနေသတင်းအရ ကျောက်ကြီးမြို့မစခန်းမှ ဒုရဲအုပ်ကျော်ဇောနှင့် မအူပင်ဆိပ်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးမောင်စိုးတို့က မြို့မရဲစခန်းသို့ခေါ်ဆောင်ခဲ့ပြီး အမှုစစ်ရဲအုပ် မျိုးသူလတ်က ကျောက်ကြီးမြို့နယ်တရားရုံးသို့ တရားစွဲဆိုတင်ပို့ခဲ့သည်။

**(၁၂၂)**

# တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှု

**ထားဝယ် ဇူလိုင် ၁၃**

တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုသည် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးလျက်ရှိရာ ဇူလိုင် ၁၀ ရက် နံနက် ၈ နာရီတွင် တိုင်းဒေသကြီးလမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါက်တာကျော်ဆန်း၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးဆောက်လုပ်ရေးအင်ဂျင်နီယာမှူးကြီးနှင့်အတူ ထားဝယ်-မလွှဲတောင်လမ်းပိုင်းရှိ လမ်းနှင့်တံတားများအား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမြတ်ကိုသည် ထားဝယ်ခရိုင်-ကလိန်အောင်မြို့ ရန်ကုန်-မြိတ်လမ်းပေါ်ရှိ ပြည်ထောင်စု တိုင်းဒေသကြီးရန်ပုံငွေဖြင့် တည်ဆောက်လျက်ရှိသော မိုင်တိုင် ၄၆/၃ တံတားအမှတ် (၃/၄၇)၊ တံတားဖြူတံတားနှင့် မိုင်တိုင် ၄၆/၀ မှ ၄၆/၂ တံတားအမှတ် (၁/၄၇)၊ ကလိန်အောင်တံတားတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအားမှာကြားကာ တည်ဆောက်ပြီးစီးပြီးဖြစ်သော ထားဝယ်ခရိုင် ရေဖြူမြို့နယ် ရေဖြူတံတားသို့ သွားရောက်ကြည့်ရှုခဲ့သည်။

**တနင်္သာရီတိုင်းဒေသကြီး(ပြန်/ဆက်)**

မျိုးမြတ်သူ A/C Express
ပန္နလေးဘုရားစုံ စစ်ကိုင်း၊ အင်းဝ
17 July 9:00pm ကျောက်စိမ်းဘုရား ဒီးဒုတ်ရေတံခွန်
သောကြာညသွားတနင်္ဂနွေညပြန် စား(ငြိမ်း)35000
25.7 ... 20000
09 254058712, 31568500

အမည်ပြောင်း
အဖ ဦးအုန်းသန်း ၁၄/လမန(နိုင်)၀၄၆၇၂၇၊ ၏ သမီးဖြစ်သူ ရောဝတီတိုင်းဒေသကြီး၊ လေးမျက်နှာမြို့နယ်၊ အထက၊ ဒသမတန်း (A)၌ ပညာသင်ကြားနေသော မခြူးခြူးမြတ် အား မဖြူနှင်းခန့်ဟု ပြောင်းလဲ ခေါ်ဆိုပါရန်။ မဖြူနှင်းခန့်

စတုတ္ထအကြိမ်မြောက် ဝါဆိုသင်္ကန်းကပ် အထူးခရီးစဉ်
တယားပြည်နယ် လှိုင်ဂေါ် ထောင်ကွဲဇေတီ
၃၀ - ၇ - ၂၀၁၅ မှ ၂ - ၈ - ၂၀၁၅ အထိ
သုခစိန်စာငဝ 01-253079/09 30184137/09 5155654

မဟာစန္ဒာရုံကျောင်းမိုးကုတ်ရိပ်သာ
မဟာသဒ္ဓမ္မဘာဂီ(၃)ထပ်ကျောင်းတော်ကြီး ရေစက်ချပွဲနှင့်
စုပေါင်းဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ
အလှူတော်မင်္ဂလာဖိတ်ကြားလွှာ
ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ ပါရမီလမ်း၊ ပါရမီကျောင်းတိုက်၊ (၃)ဝိုင်း၊ မဟာစန္ဒာရုံကျောင်း၊ မိုးကုတ်ရိပ်သာအတွင်း၌ အလှူရှင်များစုပေါင်း၍ ဆောက်လုပ်ပြီးစီးနေပြီဖြစ်သော "မဟာသဒ္ဓမ္မဘာဂီ(၃)ထပ်ကျောင်းတော်ကြီး" ရေစက်ချ ကျောင်းလွှတ်ပူဇာ အလှူတော်မင်္ဂလာနှင့် စုပေါင်းဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အလှူတော်မင်္ဂလာတို့ကို ၁၃၇၇ခုနှစ်၊ ဒုတိယဝါဆိုလပြည့် ၃၁-၇-၂၀၁၅(သောကြာနေ့)နံနက်၉နာရီတွင် ဆင်ယင်ကျင်းပမည်ဖြစ်ပါ၍ ရပ်ဝေးရပ်နီးရှိ အလှူရှင်များကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။
အကျိုးတော်ဆောင်အဖွဲ့
မဟာစန္ဒာရုံကျောင်း၊ မိုးကုတ်ရိပ်သာ



Topsyne® HERBAL CREAM
အရည်အသွေးမြင့် ဘူးဒီဇိုင်းအသစ်
ပန်းပွင့်ပုံဘူးအသစ်တစ်မျိုးတည်းအတွက်သာ
သုံးစွဲသူများ အတွက် အထူး ကံစမ်းမဲ
( 15.5.2015 - 15.3.2016 )
1,000,000 ကျပ် (1) ဆု
400,000 ကျပ် (2) ဆု
300,000 ကျပ် (2) ဆု
100,000 ကျပ် (5) ဆု
50,000 ကျပ် (10) ဆု
20,000 ကျပ် (20) ဆု
မျက်နှာအသားအရေ၏ အစိုဓာတ်ကို ကြာရှည်ထိန်းပေးထားနိုင်စွမ်း ရှိသောကြောင့် ရေရှည်သုံးစွဲပေးပါက အရေးအကြောင်းဖြစ်ခြင်း၊ ချွေးပေါက်ကျယ်ခြင်းကို ကာကွယ်ပေးနိုင်၍ ရှိရင်းစွဲအရွယ်ထက် နုပျိုစေနိုင်ပါသည်။ နေရောင်ခြည်ဒဏ်ကို နှစ်ဆ ကာကွယ်ပေးနိုင်၍ တင်းတိတ်၊ မှဲ့၊ ခြောက်ဖြစ်ခြင်းမှ ကာကွယ်ပေးနိုင်ပါသည်။ လိမ်းထားစဉ် မိတ်ကပ်လိမ်းထားမှန်း မသိသာဘဲ သဘာဝအလှအတိုင်း ဝင်းပနေစေပြီး အဆီပြန်ခြင်း ကင်းစေပါသည်။
သတ်မှတ်ကာလအတွင်း ကံစမ်းမဲစာရွက်များကို ပြည့်စုံစွာဖြည့်စွက်ပြီး ကျွေဘူးခွံနှင့်အတူ ကံစမ်းမဲစာရွက်တွင်ပါသောလိပ်စာအတိုင်း ပြန်ပို့ပေးရန်
Apple Production Co., Ltd. - (01) 581391, 581844, 581886 (09) 86 18081 , 49 316408

ပေါက်ဖော်တဲ့... လား
[ ၁၉၄၈ မှ စတင်သည့် မြန်မာပြည်၏ တရုတ်ပေါ်လစီ]
စိန်ဝင်းစိန်
In the Name of Pauk-Phaw
Myanmar's China Policy
Since 1948
MAUNG AUNG MYOE
ဖြန့်ချိရေး-
ပန်းဆက်လမ်းစာပေတိုက်၊ ၀၉-၇၃၁၆၇၃၄၆၊ ၀၉-၂၅၀၄၂၁၀၈၁

ကွန်ပျူတာပုရောဟိတ်
ကလေးဘဝနောင်ရေး စိတ်အေးရဖို့ ပုရောဟိတ်မှာမေးကြစို့
ကလေးဇာတာ၏အားကြီးသောဂြိုဟ်နံများဖြင့်လှပခေတ်မီနာမည်လေးများ(၁၈၀)ကျော် ခက်ခဲနက်နဲလှသောဇာတိစက္ကဇာတာအားစစ်ဆေးနိုင်သည့်တစ်ခုတည်းသောကွန်ပျူတာ



နာမည်များနှင့်အတူတသက်တာဇာတာစစ်ယောဇာတမ်း(၃၆)မျက်နှာ
... VPLနှင့်ပို့ပေးမည်
တိုက်၂၂၁/အခန်း၆၀၂/ဗိုလ်တထောင်ဈေးလမ်းမကျယ်(အလယ်)/ပုဇွန်တောင်မြို့နယ်/ရန်ကုန်
ဆရာဦးသိန်းမြင့် A.G.T.I(Mech.Engg) ထံဖုန်းသာဆက်လိုက်ပါ 0931079394
095179128/0931300995/09972228316/ViberPh:09972122177

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# ပို့ဆောင်ရေးဝန်ကြီးဌာန
# ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန သင်္ဘောသားဌာနခွဲ
# ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

ရုရှားငါးဖမ်းသင်္ဘော DALNIY VOSTOK နစ်မြုပ်ရာတွင် သေဆုံး/ပျောက်ဆုံး သင်္ဘောသားများအား ရုရှားနိုင်ငံမှ ပေးအပ်သော ကရုဏာကြေး တစ်ဦးလျှင် အမေရိကန်ဒေါ်လာ ၁၅၀၀၀စီအား သေဆုံး/ပျောက်ဆုံးသင်္ဘောသားများ၏ မိခင်/ဖခင်များက ၎င်းတို့သာ အကျိုးခံစားခွင့်ရှိကြောင်း တရားရုံးတွင် ကျမ်းကျိန်ဆိုပြီး သင်္ဘောသားဌာနခွဲသို့တင်ပြလျှောက်ထားလာကြပါသဖြင့် ကန့်ကွက်လိုပါက ယနေ့မှစ၍ (၇)ရက်အတွင်း ညွှန်ကြားရေးမှူး၊ သင်္ဘောသားဌာနခွဲသို့ တရားဝင် စာရွက်စာတမ်းအထောက်အထားခိုင်လုံစွာ ယူဆောင်ပြီး လာရောက်တွေ့ဆုံနိုင်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ခြင်း မရှိပါက သင်္ဘောသားဌာနခွဲမှ အကျိုးခံစားခွင့်ရှိသည်ဟု တရားရုံးတွင် ကျမ်းကျိန်ဆိုပြီးသော မိခင်/ဖခင် များအား တစ်ဦးလျှင် အမေရိကန်ဒေါ်လာ ၁၅၀၀၀စီ ထုတ်ပေးသွားမည်ဖြစ်ကြောင်း အများ သိရှိစေရန် အသိပေးအကြောင်းကြားအပ်ပါသည်-

| စဉ် | သေဆုံး/ပျောက်ဆုံးသော သင်္ဘောသားအမည် | အကျိုးခံစားခွင့်ရှိပါသည်ဟု ကျမ်းကျိန်ဆိုထားသူအမည် | တော်စပ်ပုံ |
|---|---|---|---|
| ၁။ | မင်းသူရ | ဒေါ်ကျင်သန်း | မိခင် |
| ၂။ | ကောင်းမြတ်ထွန်း | ဒေါ်သောင်းစိန် | မိခင် |
| ၃။ | ပြုံးမောင်မောင် | ဒေါ်တင်တင်အေး မိခင် | |
| ၄။ | လွှမ်းမိုးအောင် | ဒေါ်မာမာပြုံး | မိခင် |
| ၅။ | ကျော်သက်နိုင် | ဒေါ်ငွေး | မိခင် |
| ၆။ | ကျော်သက်ထွေး | ဒေါ်သင်းသင်းရီ | မိခင် |
| ၇။ | မြင့်ဇော်ဝင်း | ဦးငွေသန်း | ဖခင် |
| ၈။ | ညီထွဋ် | ဒေါ်ခက်ခက် | မိခင် |
| ၉။ | ကျော်နေမင်း | ဒေါ်သိန်းကျော့ဦး | မိခင် |
| ၁၀။ | ရာဇျေး | ဒေါ်ချန်တမာ | မိခင် |
| ၁၁။ | ခင်မောင်မြင့် | ဒေါ်ရာနီး | မိခင် |
| ၁၂။ | စောသက်ပိုင် | ဦးဒေးဗစ် | ဖခင် |
| ၁၃။ | တိုးထက် | ဒေါ်ဒေါ်လီကျော် | မိခင် |
| ၁၄။ | ကျော်ဝင်းဆန်း | ဦးစိန်လှိုင် | ဖခင် |
| ၁၅။ | ကျော်စွာလင်း | ဒေါ်လှလှရီ | မိခင် |
| ၁၆။ | ဟန်လင်းအောင် | ဒေါ်မြင့်မြင့်အေး | မိခင် |
| ၁၇။ | သက်ဆွေ | ဒေါ်မြစန်း | မိခင် |
| ၁၈။ | ဆန်းဝင်းလှိုင် | ဒေါ်ဝင်းရီ | မိခင် |
| ၁၉။ | သိန်းထွန်း | ဦးသိန်းလွင် | ဖခင် |
| ၂၀။ | ကိုကိုမောင် | ဦးမြသန်း | ဖခင် |

ညွှန်ကြားရေးမှူး၊ သင်္ဘောသားဌာနခွဲ

FAIR & SQUARE Travels and Tours Co.,Ltd.
၂၀၁၄-၂၀၁၅ Tour ခရီးသည် ပွဲတော်ဆက်စိုးစဉ် (ဇူလိုင် ၃၀ ရက်နေ့ထွက်ပါမည်)
July - 30 ရက်နေ့မှာ .... ၄ ည/ ၅ ရက် ပုဂံ-ညောင်ဦး-ပုပ္ပါး ခရီးစဉ် ကို အထူးဈေးနှုန်းဖြင့် ဆွဲပေးထားပါတယ် ......
***** မြန်မြန်စာရင်းပေးသွင်းဖို့တော့လိုမယ်နော် *****
ပါဝင်သောဝန်ဆောင်မှုတွေကတော့ -
အဲကွန်းကား /ရေသန့်/စန်းတာဝါ/ဝင်ကြေး/ဓာတ်လှေခါး/တောင်တက်ကားများ ၊
- ရွှေပိုးအိမ် (၁) ဟိုတယ်တွင် ၂ ညတာ အနားယူတည်းခိုခွင့်
- ခရီးစဉ်တစ်လျှောက် မနက်/နေ့လယ်/ညစာ
* နေ့လည်စာ ကို ဘယ် Tour မှာမှ မကျွေးဘူးသေးတဲ့ ပုဂံရွှေနန်းတော်ထဲတွင် ဘူဖေး သုံးဆောင်ပါမည်။
* ညစာကို ဟိုတယ်ရှိ ရေကူးကန်ဘေးတွင် ဘူဖေး သုံးဆောင်ပါမည်။
အဲ့လို ဝန်ဆောင်မှုအပြည့်ပေးထားပေမယ့် ကျသင့်ငွေကတော့ တစ်ဦးမှ...
စရိတ်ငြိမ်း 150000/- ကျပ် ထဲနော် ...
Tel : 01 377688, 01 245993, 09 7300 2211, 09 7300 5511

UK Teaching Qualifications in Myanmar
အမှတ်(၂၁)၊ (၄)လွှာ၊ ရှမ်းကုန်းလမ်း၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်။
Tel: 09421008412
SIS Education Services "Teaching for society"
Diploma in TESOL (8th Batch)
London Teacher Training College (UK) နှင့် Special Partner Status ရ SIS Education Services တို့ ပူးပေါင်းဖွင့်လှစ်သော နိုင်ငံတကာအသိအမှတ်ပြုအင်္ဂလိပ်စာသင်ကြားရေး Diploma ဖြစ်ပါသည်။ International School များတွင် Teacher Training များပေးခဲ့သော Certified TESOL Trainer ဆရာဦးထင်အောင်ကျော် B.A (Eng;), Dip-ELTM, M.A (EFL) ကိုယ်တိုင်သင်ကြားပါမည်။ ယခင် Batch များနည်းတူ (၆)ဦးသာလက်ခံမည်ဖြစ်၍ ကြိုတင်ငွေသွင်းအပ်နှံနိုင်ပါပြီ။
(Foreigners can also join this class.)

ဆောက်လုပ်ရေးလုပ်ငန်းရှင်များအတွက်
Multi Stories Car Parking System များနှင့် အမြင့်တက် Platform List များ
စက်ရုံအလုပ်ရုံများနှင့် ကုန်လှောင်ရုံများအတွက်
Warehouse lift များ၊ Yard Ramp များနှင့် Dock Leveler များ




Aung Thein Than CO.,Ltd.
No.64, Baho Road, Sanchaung Twonship, Yangon.
Tel: +951 508036,527074,534346,02 76469,067 27029 Fax : 527203
www.aungtheinthanmyanmar.com
Hot Line
09 799488777
09 798222399



# အထူးလိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ခြင်း

ICBC

CHDB

## ဆောက်လုပ်ရေးနှင့်အိမ်ရာဖွံ့ဖြိုးရေးဘဏ် (CHD Bank)

နှင့်

## Industrial and Commercial Bank of China (ICBC)

တို့

၉.၇.၂၀၁၅ ရက်နေ့တွင် နားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းအတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် ဆောက်လုပ်ရေး၊မြို့ပြနှင့် အိမ်ရာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထောက်ပံ့ပေးရေး အလားအလာကောင်းများ ဖော်ဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

MCEA
Myanmar Construction Entrepreneurs Association

MCD
Myanmar Construction & Development Public Co.,Ltd.



EEC
European Education Center

**Taught by European Professional Lecturers**

## Executive MBA

Opening in July 2015

- International Business Relations BA / HND
- Business Management BA / HND
- Diploma in Management Studies
- Diploma in Human Resources
- Diploma in Business English
- Certificate of Proficiency in English

Accredited By :
No.1 Rank
UNIVERSITY OF SOCIAL SCIENCES AND HUMANITIES
WARSAW, POLAND

www.eecmyanmar.com facebook.com/eecmyanmar 09-250233662
No.A/601,Diamond Condo,Pyay Road,Kamaryut,Yangon.

| အမည် | မြစ်ကြီးနားမြို့၊ အထက(၃)၊ အဋ္ဌမတန်း(D)မှ မောင်ဟဲ |
|---|---|
| မှန် | ကျော်ဆာ၏ အမည်မှန်မှာ မောင်ဟဲကျော်ဆာဖြစ်ပါသည်။ |

### (၂-၇-၂၀၁၅)နှင့် (၃-၇-၂၀၁၅)ရက်စွဲ ကြေးမုံသတင်းစာပါ ကန်ထရိုက်တာ ဦးနီတာ[၉/ပဘတ(နိုင်)၀၀၉၈၁၇] (မြတ်မိခင်ဆောက်လုပ်ရေး)၏ ကြေညာချက်အား ပြန်လည်ရှင်းလင်းခြင်း

ကျွန်မ ဒေါ်ညွန့်ညွန့်မေ[၁၂/လမတ(နိုင်)၀၂၃၂၇၀]၊ ဒေါ်ခင်မြင့်စံ (ခ)ဒေါ်ခင်မြင့်စန်း[၁၂/ မဂတ(နိုင်)၀၄၉၂၀၉]တို့မှ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

၁။ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/အရှေ့ ရပ်ကွက်၊ သိမ်ဖြူလမ်း၊ အမှတ်-၅၁၁ မြေပေါ်တွင် (၈)ထပ်တိုက်တစ်လုံး ကန်ထရိုက်စနစ်ဖြင့် တည်ဆောက်ရန်အတွက် ၂-၁၁-၂၀၁၃ရက်တွင် စာချုပ်ချုပ်ဆိုခဲ့စဉ်က ယင်းမြေနှင့်အိမ်နှင့်ပတ်သက်၍ အမှုမပြီးပြတ်သေးသည်ကို ဦးနီတာသိရှိလျက် စာချုပ်ချုပ်ဆိုခဲ့ပါသည်။ ဦးနီတာမှ တိုက်ဆောက် လုပ်ရန် အနိုင်ဒီကရီရသူနှင့် ငွေပေးငွေယူအကျေအလည် ဆွေးနွေးနိုင်စွမ်း မရှိခဲ့ပါ။ ဦးနီတာမှလည်း ငွေကြေးမတတ်နိုင်သဖြင့် အချိန်ကာလ ကြန့်ကြာမှုအပေါ် မြေရှင်နှင့် မသက်ဆိုင်ပါ။

၂။ ၂-၇-၂၀၁၅ ရက်စွဲပါ ကြေညာချက်အရ ဦးနီတာအား ဒေါ်ခင်မြင့်စံမှ အထက်ဖော်ပြပါ အိမ်နှင့်မြေကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းခြင်း လုံးဝမရှိခဲ့ပါ။ ငွေကြေးတစ်စုံတစ်ရာ လုံးဝရယူခဲ့ခြင်းမရှိပါ။

၃။ ၃-၇-၂၀၁၅ရက်စွဲပါ ငွေယုံကြည်အပ်နှံခြင်းကြေညာချက်သည် ဦးနီတာဘက်မှ မဟုတ်မမှန်တစ်ဖက်သတ် ကြော်ငြာခြင်းသာဖြစ်ပါသည်။ ၎င်းနှင့်ပတ်သက်၍ ငွေလုံးဝမယူခဲ့ပါ။ ထိုသို့ လုပ်ကြံ၍ ထင်ယောင်ထင်မှားဖြစ်စေသည့် ကြော်ငြာချက်မျိုးမှာ ဒေါ်ခင်မြင့်စံနှင့် ကျန်ညီအစ်မ (၃)ဦးတို့၏ ဂုဏ်သိက္ခာကို ညှိုးနွမ်းစေသည့်အတွက် ဤကြော်ငြာပါသည့်နေ့မှစ၍ တစ်ပတ်အတွင်း ဦးနီတာမှ ပြန်လည်ရုပ်သိမ်းပေးပါရန်၊ ရုပ်သိမ်းခြင်းမရှိပါက ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ခင်မြင့်စံ(ခ)ဒေါ်ခင်မြင့်စန်း
အမှတ်-၅၁၁၊ သိမ်ဖြူလမ်း၊ ကန်/ရှေ့ရပ်ကွက်၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

AUNG HTUSAN PREDICTION CENTER
Mind reader through Occult Science
မည်သူမဆိုက်ကြိုမှာဟောပြောခ - ဓမ္မဒါနကြေး (ယတြာကြေး - မရှိပါ)
( To make reservation well in advance )

### တိုက်ရောင်းမည်

၂၆ဘီလမ်း၊ ၈၁-၈၂လမ်းကြား၊ မန္တလေးမြို့၊ ဈေးချိုအနီး၊ ရေမီးအစုံ၊ ပေ(၃၀×၇၀)၊ ၈လွှာ၊ လူနေထိုင်ခွင့်ကျပြီး၊ ဂရန်အမည်ပေါက်၊ ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်။
ဖုန်း-၀၉-၅၀၂၀၉၃၈၊ ၀၉-၂၀၀၁၁၁၂၊ ၀၉-၂၅၀၂၇၄၉၉၀

### ဝန်ထမ်းအလိုရှိသည်

ဂျပန်စာ **N2, N3** အောင်ပြီးသော အသက် (၃၀) ဝန်းကျင်ရှိသူများ လျှောက်ထားနိုင်ပါသည်။
ဖုန်း-၀၉-၇၃၀၆၆၅၉၀၊ ၀၉-၄၂၁၁၅၀၃၃၃

**WIN** Japanese Language School

| Section | Period | Day | Month |
|---|---|---|---|
| Intermediate | 5.8.2015 | Wed~Fri | 4 |
| Inter-Conversation | 8.8.2015 | Sat,Sun | 3 |
| Basic | 8.8.2015 | Sat,Sun | 5 |
| Basic | 11.8.2015 | Tue~Fri | 3 |
| Intermediate | 18.8.2015 | Tue~Thu | 4 |
| Basic | 8.9.2015 | Tue~Thu | 3.5 |
| Basic | 12.9.2015 | Sat,Sun | 5 |
| Intermediate | 12.9.2015 | Sat,Sun | 5 |

For JLPT(N4,N3,N2,N1 Practice)(25August 2015 )ဖွင့်ပါပြီ။
No.278,(First Floor),Theinbyu Road, Botahtaung Tsp.
Tel: 294613, 297998, 299493 (စိန်ပေါလ်မှတ်တိုင်။)

### အမြန်ရောင်းမည်

ရန်ကုန်မြို့၊ အလုံလမ်းမပေါ်ရှိ Orchid Condo(၄)လွှာ၊ ရွှေတိဂုံဘုရား View မြင်ဆင်ပြီး၊ အသင့်နေနိုင်(3200sqft)
1sqft လျှင် ကျပ်-၂၀၀,၀၀၀/-နှုန်းဖြင့် အမြန်ရောင်းမည်။
ဆက်သွယ်ရန်ဖုန်း(ရုံးချိန်အတွင်းသာ)၀၁-၇၀၉၄၃၅၊ ၀၁-၉၆၈၈၇၄၁

## ဝမ်းနည်းကြေကွဲခြင်း

**သိမ်၊ ကျောင်း ဒါယိကာမကြီး**

**ဒေါ်သန်း(သထုံ)**

**အသက်(၉၁)နှစ်**

နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်းနှင့်ဇနီး ဒေါ်မြင့်မြင့်စိုးတို့၏မိခင်ကြီး ဒေါ်သန်း(သထုံ)သည် ၁၁-၇-၂၀၁၅ ရက် နံနက် ၉း၄၀နာရီတွင် ကွယ်လွန်ကြောင်း ကြားသိရသည့်အတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ကျောင်းအုပ်ကြီးနှင့်ဝန်ထမ်းများ**
**ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်၊ ရန်ကုန်**

## ဝမ်းနည်းကြေကွဲခြင်း

**ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

**ဒေါ်သန်း(သထုံ)**

**အသက်(၉၁)နှစ်**

နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်းနှင့်ဇနီး ဒေါ်မြင့်မြင့်စိုးတို့၏မိခင်ကြီး ဒေါ်သန်း(သထုံ)သည် ၁၁-၇-၂၀၁၅ ရက် နံနက် ၉း၄၀နာရီတွင် ကွယ်လွန်ကြောင်း ကြားသိရသည့်အတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ကျောင်းအုပ်ကြီးနှင့်ဝန်ထမ်းများ**
**ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ**
**စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်၊ စစ်ကိုင်း**

## ဝမ်းနည်းကြေကွဲခြင်း

**ရဟန်း၊ ကျောင်း ဒါယိကာမကြီး**

**ဒေါ်သန်း(သထုံ)**

**အသက်(၉၁)နှစ်**

နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်းနှင့်ဇနီး ဒေါ်မြင့်မြင့်စိုးတို့၏မိခင်ကြီး ဒေါ်သန်း(သထုံ)သည် ၁၁-၇-၂၀၁၅ရက် နံနက် ၉း၄၀နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရသည့်အတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ကျောင်းအုပ်ကြီးနှင့်ဝန်ထမ်းများ**
**ဗဟိုလေ့ကျင့်ရေးကျောင်း**

## ဝမ်းနည်းကြေကွဲခြင်း

**ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

**ဒေါ်သန်း(သထုံ)**

**အသက်(၉၁)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ အိမ်အမှတ်(၅၄)၊ နှင်းဆီမြိုင်လမ်း၊ Rose Park-1၊ ပင်လုံအိမ်ရာနေ (ဦးလူဖေ-ဒေါ်အေးမေ)တို့၏သမီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသက်နိုင်ဝင်းနှင့် ဇနီးဒေါ်မြင့်မြင့်စိုးတို့၏မိခင် ဒေါ်သန်း(သထုံ) အသက်(၉၁)နှစ်သည် ၁၁-၇-၂၀၁၅ရက်(စနေနေ့) နံနက် ၉း၄၀နာရီတွင် ပင်လုံဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရသည့်အတွက် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခချုပ်နှင့်ဝန်ထမ်းမိသားစု**
**ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်(စစ်ကိုင်း)**

## ဝမ်းနည်းကြေကွဲခြင်း

**ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

**ဒေါ်သန်း(သထုံ) (၉၁)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ အိမ်အမှတ်(၅၄)၊ နှင်းဆီမြိုင်လမ်း၊ Rose Park-1၊ ပင်လုံအိမ်ရာနေ (ဦးလူဖေ-ဒေါ်အေးမေ)တို့၏သမီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသက်နိုင်ဝင်းနှင့်ဇနီးဒေါ်မြင့်မြင့်စိုးတို့၏မိခင် ဒေါ်သန်း(သထုံ)၊ အသက်(၉၁)နှစ်သည် ၁၁-၇-၂၀၁၅ရက်(စနေနေ့) နံနက် ၉း၄၀ နာရီတွင် ပင်လုံဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရသည့်အတွက် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဝန်ကြီးရုံး၊ ဝန်ထမ်းမိသားစု**
**နယ်စပ်ရေးရာဝန်ကြီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးအောင်ကြိုင်**

**အသက်(၈၆)နှစ်**

**ကျိုက်ထိုမြို့နယ်အသင်း နာယကကြီး**

ရန်ကုန်တက္ကသိုလ် သတ္တဗေဒကျောင်းသူ-ကျောင်းသားဟောင်းအသင်းဝင် ဦးအောင်ချိုဝင်း-ဒေါ်မြမြမိုးတို့၏ ဖခင် ဦးအောင်ကြိုင်သည် ၁၀-၇-၂၀၁၅ရက်တွင် ကွယ်လွန်ကြောင်း သိရှိရသည့်အတွက် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်း ကြေကွဲရပါသည်။

**ရန်ကုန်တက္ကသိုလ်သတ္တဗေဒကျောင်းသူ-ကျောင်းသားဟောင်းများ**
**လူမှုရေးကူညီစောင့်ရှောက်မှုအသင်း**

## အထူးဝမ်းနည်းကြေကွဲခြင်း

ကြည်း ၁၀၂၀၂ ဗိုလ်မှူးကြီးတင်ဝင်း(ငြိမ်း)

အသက်(၇၅)နှစ်

OTS(30)

ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း)အမှတ်(၂)သတ္တုတွင်းလုပ်ငန်း ရန်ကုန်တိုင်းဒေသကြီး၊ သယ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ (၂၉)ရပ်ကွက်၊ မြသီတာလမ်း၊ (၁၉၆)နေ၊ ဒေါ်ပိုက်ပိုက်စိန် ၏ ခင်ပွန်း ဗိုလ်မှူးကြီးတင်ဝင်း (ငြိမ်း) သည် (၁၀-၇-၂၀၁၅)ရက်နေ့ ည(၁၀း၁၅) အချိန်တွင် ကွယ်လွန်သွား ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

သူငယ်ချင်းကောင်းရာသုဂတိလားပါစေ

**OTS(30)သူငယ်ချင်းများ**

## ဝမ်းနည်းကြေကွဲခြင်း

**ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

**ဒေါ်သန်း(သထုံ)**

**အသက်(၉၁)နှစ်**

နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်းနှင့်ဇနီးဒေါ်မြင့်မြင့်စိုးတို့၏မိခင်ကြီး ဒေါ်သန်း(သထုံ)သည် ၁၁-၇-၂၀၁၅ ရက် နံနက် ၉း၄၀နာရီတွင် ကွယ်လွန်ကြောင်း ကြားသိရသည့်အတွက် မိသားစု နှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီးရုံးနှင့် ဦးစီးဌာနများမှ ဝန်ထမ်းများ**

## ဝမ်းနည်းကြေကွဲခြင်း

**ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

**ဒေါ်သန်း(သထုံ)**

**အသက်(၉၁)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ အမှတ်(၅၄)၊ နှင်းဆီမြိုင်လမ်း၊ Rose Park-1၊ ပင်လုံအိမ်ရာနေ (ဦးလူဖေ-ဒေါ်အေးမေ)တို့၏သမီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသက်နိုင်ဝင်းနှင့်ဇနီးဒေါ်မြင့်မြင့်စိုးတို့၏မိခင် ဒေါ်သန်း(သထုံ) အသက်(၉၁)နှစ်သည် ၁၁-၇-၂၀၁၅ (စနေနေ့) နံနက် ၉း၄၀နာရီတွင် ပင်လုံဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရသည့်အတွက် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းမိသားစုများ**
**နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ရဟန်း၊ သိမ်၊ ကျောင်း၊ ဒါယိကာမကြီး**

**ဒေါ်သန်း(သထုံ)**

**အသက်(၉၁)နှစ်**

ဒုတိယဗိုလ်ချုပ်ကြီးသက်နိုင်ဝင်း-ဒေါ်မြင့်မြင့်စိုးတို့၏ မိခင်ကြီးသည် ၁၁-၇-၂၀၁၅ (စနေနေ့)နံနက်၉း၄၀နာရီတွင် ပင်လုံဆေးရုံကြီး၌ ကွယ်လွန်ကြောင်း သိရှိရသည့်အတွက် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ချစ်ဦး၊ မြင့်လွင်၊ သိန်းဌေး၊ ကင်းဟုတ်၊ မြတ်လွင်၊ မြင့်စော၊ သက်ဌေး၊ ဌေးဝင်း၊ သန်းဝင်း**

## ဝမ်းနည်းကြေကွဲခြင်း

**ဗိုလ်မှူးဌေးအောင်(ငြိမ်း)**

**အသက်(၆၃)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၉)ရပ်ကွက်၊ ဗိုလ်မိုးကြိုးလမ်း၊ အိမ်အမှတ်(၂၇၁)နေ ဒေါ်လီလီ၏ ချစ်လှစွာသော ခင်ပွန်းဖြစ်သူ ဗိုလ်မှူး ဌေးအောင်(ငြိမ်း)သည် ၁၁-၇-၂၀၁၅(စနေနေ့) နံနက်၁၀း၁၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ်အမှတ်စဉ်(၁၆)မှ သူငယ်ချင်းများနှင့်မိသားစုများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ရဟန်း၊ သိမ်၊ ကျောင်း၊ ဒါယိကာမကြီး**

**ဒေါ်သန်း(သထုံ)**

**အသက်(၉၁)နှစ်**

ဒုတိယဗိုလ်ချုပ်ကြီးသက်နိုင်ဝင်း-ဒေါ်မြင့်မြင့်စိုးတို့၏ ကျေးဇူးရှင်မိခင်သည် ၁၁-၇-၂၀၁၅ရက်(စနေနေ့)နံနက်၉း၄၀နာရီတွင် ပင်လုံဆေးရုံကြီး၌ ကွယ်လွန်ကြောင်း သိရှိရသည့်အတွက် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မော်လမြိုင်ကောလိပ်ကျောင်းသူ၊ ကျောင်းသားဟောင်းများ(ရန်ကုန်)**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး**

## ဦးသန်းထွန်း(ခ)ဦးဝမ်ဟုတ်

**ရေယာဉ်သယ်ယူပို့ဆောင်ရေး**

**ကျောင်းကုန်း**

**အသက်(၉၁)နှစ်**

ရန်ကုန်မြို့၊ သယ်န်းကျွန်းမြို့နယ်၊ လေးထောင့်ကန်လမ်း၊ TOSTAPlaza၊ အခန်းအမှတ်-၃၀၄နေ (ဦးရန်နား-ဒေါ်စိန်အုပ်)တို့၏သား၊ ဒေါ်တင်ကျွေ၏ ချစ်လှစွာသော ခင်ပွန်း၊ (ဦးဝမ်လှိုင်-ဒေါ်မြရှိန်)၊ (ဦးခင်ဟုန်း)-ဒေါ်သိန်းကြည်၊ (ဦးရဲတင့်-ဒေါ်ကြည်မြင့်)၊ (ဦးအောင်မြင့်)၊ (ဦးထွန်းဝင်း)-ဒေါ်ကြူကြူခင်တို့၏ ညီ၊ မောင်၊ အစ်ကို ဦးသန်းထွန်း(ခ) ဦးဝမ်ဟုတ်သည် ၁၂-၇-၂၀၁၅ရက် နံနက် ၅း၃၀နာရီတွင် ဝိတိုရိယအထွေထွေအထူးကု ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၇-၂၀၁၅ရက်(အင်္ဂါနေ့) နံနက်၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူညီအစ်ကိုမောင်နှမများ**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး**

## ဦးသန်းထွန်း(ခ)ဦးဝမ်ဟုတ်

**ရေယာဉ်သယ်ယူပို့ဆောင်ရေး**

**ကျောင်းကုန်း**

**အသက်(၉၁)နှစ်**

ရန်ကုန်မြို့၊ သယ်န်းကျွန်းမြို့နယ်၊ လေးထောင့်ကန်လမ်း၊ TOSTA Plaza၊ အခန်းအမှတ်-၃၀၄နေ (ဦးရန်နား-ဒေါ်စိန်အုပ်)တို့၏သား၊ (ဦးကြီးစိန်-ဒေါ်ကျင်မြ)တို့၏ သားသမက်၊ ဒေါ်တင်ကျွေ၏ ချစ်လှစွာသော ခင်ပွန်း၊ Dr.ခင်မောင်သန်း-(ဒေါ်တင်ယုဝေ)၊ (ဦးသန်းစိန်)-ဒေါ်တင်အေးဝင်း၊ (ဦးဝင်းနိုင်)-ဒေါ်မြင့်သီတာ၊ ဦးစောနိုင်-ဒေါ်သန္တာလင်း၊ ဦးသန်းနိုင်-ဒေါ်ကေခိုင်မြတ်တို့၏ မွေးသဖခင် ဦးသန်းထွန်း(ခ)ဦးဝမ်ဟုတ်သည် ၁၂-၇-၂၀၁၅ ရက် နံနက် ၅း၃၀နာရီတွင် ဝိတိုရိယအထွေထွေ အထူးကု ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၇-၂၀၁၅ရက်(အင်္ဂါနေ့) နံနက် ၁၁နာရီ တွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ပါမည်။)

**ကျန်ရစ်သူမိသားစု**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး**

## ဦးသန်းထွန်း(ခ)ဦးဝမ်ဟုတ် ရေယာဉ်သယ်ယူပို့ဆောင်ရေး

**(ကျောင်းကုန်း)**

**အသက်(၉၁)နှစ်**

ရန်ကုန်မြို့၊ သယ်န်းကျွန်းမြို့နယ်၊ လေးထောင့်ကန်လမ်း၊ TOSTA Plaza၊ အခန်းအမှတ်-၃၀၄နေ (ဦးရန်နား-ဒေါ်စိန်အုပ်)တို့၏သား၊(ဦးကြီးစိန်-ဒေါ်ကျင်မြ)တို့၏ သားသမက်၊ ဒေါ်တင်ကျွေ၏ ချစ်လှစွာသော ခင်ပွန်း၊ မသင်းယုမွန်၊ ကိုတင်ကိုအောင်-မချိုကြည်သာ၊ မပြုံးသီရိ၊ မောင်သီရိမောင်၊ မောင်ဝင်းထွဋ်နိုင်၊ ကိုဇော်ထိုက်လင်း-Dr.ဇင်နှင်းသက်၊ မဖူးနှင်းသက်တို့၏အဘိုး၊ မခင်တင့်တယ်၊ မောင်အောင်နိုင်လင်းတို့၏ အဘိုးဦးသန်းထွန်း(ခ)ဦးဝမ်ဟုတ်သည် ၁၂-၇-၂၀၁၅ရက် နံနက် ၅း၃၀နာရီတွင် ဝိတိုရိယအထွေထွေ အထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၇-၂၀၁၅ရက်(အင်္ဂါနေ့)နံနက် ၁၁နာရီတွင် ရေဝေး အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမြေး၊ မြစ်တစု**

## ဝမ်းနည်းကြေကွဲခြင်း

**ဦးအောင်လွင်**

**အသက်(၈၂)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းနေ အသင်းဝင် ဒေါ်မြမြဝင်း၏ ခင်ပွန်းသည် ၉-၇-၂၀၁၅ရက်တွင် ကွယ်လွန်သွားခြင်းအတွက် မိသားစုနှင့် ထပ်တူကြေကွဲဝမ်းနည်းရပါသည်။

**ရန်ကုန်ရောက် အင်းတော်မြို့နယ်သူ/သားများ**

## ဝမ်းနည်းကြေကွဲခြင်း

**ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

**ဒေါ်သန်း(သထုံ)**

**အသက်(၉၁)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ အမှတ်(၅၄)၊ နှင်းဆီမြိုင်လမ်း၊ Rose Park-1၊ ပင်လုံအိမ်ရာနေ (ဦးလူဖေ-ဒေါ်အေးမေ)တို့၏သမီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသက်နိုင်ဝင်းနှင့်ဇနီးဒေါ်မြင့်မြင့်စိုး တို့၏မိခင် ဒေါ်သန်း(သထုံ) အသက်(၉၁)နှစ်သည် ၁၁-၇-၂၀၁၅ (စနေနေ့) နံနက် ၉း၄၀နာရီတွင် ပင်လုံဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရသည့်အတွက် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးထွေးလှနှင့် ဇနီးဒေါ်စန်းစန်းမော်မိသားစု၊ ညွှန်ကြားရေးမှူးချုပ်**
**နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း

**ဟာဂျီအီလ်ဇဟားက်(ခ)ဟာဂျီဦးမြင့်ဆွေ(ရှိုင်းအီလက်ထရွန်နစ်)**

**အသက်(၅၅)နှစ်**

မန္တလေးမြို့၊ ၂၅လမ်းနေ ဟာဂျီဦးယူနွတ်(ခ)ဦးအောင်သိန်း-ဟာဂျီမဒေါ်ခင်သန်းဝင်း (ရှိုင်းအီလက်ထရွန်နစ်)တို့၏ ချစ်လှစွာသော အစ်ကိုကြီး၊ ဟာဂျီအာဒမ်၊ ဟာဂျီအင်မရမ်း၊ ဟာဂျီနေသူအောင်(ခ)ဘောဘော၊ မမေရှိုင်းဝတ်မှုံ(အထက-၈)တို့၏ဦးလေး၊ ၂၅လမ်း၊ ၈၃×၈၄လမ်းကြားနေ ဟာဂျီမဒေါ်စုစုရီ(MS ရှိုင်း-ကုန်မာဆိုင်)၏ခင်ပွန်း ဟာဂျီအီလ်ဇဟားက်(ခ) ဟာဂျီဦးမြင့်ဆွေ(ရှိုင်းအီလက်ထရွန်နစ်)အသက်(၅၅)နှစ်သည် ၉-၇-၂၀၁၅(ကြာသပတေးနေ့) နံနက် ၃း၃၀နာရီတွင် အလ္လာဟ်သျှင်မြတ်၏ အမိန့်တော်ခံယူသွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဒါရိုက်တာအဖွဲ့**
**Shwe Me' Co.,Ltd.**

# အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**

**ဒေါ်မြသိန်း**

**အသက်(၈၀)**

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ ယုနီဗာဆယ် လက်ဖက်ခြောက် (ဦးထွန်းအောင်)၏ ချစ်လှစွာသောဇနီး၊ ဦးစိုးမင်း-ဒေါ်သန္တာအောင်(ခ)ဒေါ်သီဂီ၊ ဒေါ်မို့မို့၊ ဦးမြတ်ကောင်း-ဒေါ်နွယ်နီအေး၊ ဦးစိုင်းဝင်းလွင်-ဒေါ်မေဇော်နေမျိုး(ခ)ကေခိုင်တို့၏ ကျေးဇူးရှင် မွေးသမိခင်ကြီးသည် ၁၀-၇-၂၀၁၅ရက် နံနက် ၅း၅၀နာရီတွင် (၉၆)ပါးရောဂါဝေဒနာဖြင့် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Mega Grow International Co.,Ltd**
**မိသားစု**

# ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်သန်း**

**အသက်(၉၁)နှစ်**

နယ်စပ်ရေးရာပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသက်နိုင်ဝင်း-ဒေါ်မြင့်မြင့်စိုးတို့၏ မိခင်ကြီး ဒေါ်သန်း(၉၁)နှစ်သည် ၁၁-၇-၂၀၁၅ရက်(စနေနေ့)တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဒါရိုက်တာအဖွဲ့နှင့်ဝန်ထမ်းများ**
**ကြေအိုးကြီးဆောက်လုပ်ရေးနှင့်**
**ကြေးအိုးကြီးထရေးဒင်းကုမ္ပဏီ**

Hot Line No-0930500100


ယနေ့
## မာတိကာ

တရုတ်နိုင်ငံဒေသအချို့၌ အပူလှိုင်းကျရောက်မှုဖြစ်ပွား
စာမျက်နှာ - ၄

ကျေးလက်ဒေသများတွင် ကလေးများ မိုလ်ဘိုင်းဖုန်း အသုံးပြုလာ
စာမျက်နှာ - ၅

သီလဝါအထူး စီးပွားရေးဇုန်ကြောင့် ရွှေ့ပြောင်းသွားရသူများကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က နစ်နာကြေးပေးဆောင်
စာမျက်နှာ - ၆

မကွေးတိုင်းဒေသကြီးတွင် တဲပေါ်မှ တိုက်ပေါ်သို့ အခမဲ့တက်ရသည့် ကျေးရွာလေးရွာ
စာမျက်နှာ - ၁၁


# နှမ်းများကောင်းလွန်း၍ ရိုးမဲထိုးရောဂါနှင့် အခြားရောဂါများဝင်မည်ကို စိုးရိမ်

**မကွေး ဇူလိုင် ၁၃**

မကွေးတိုင်းဒေသကြီးတွင် မိုးဦးကျ ရွာသည့်မိုးနှင့် မြေပဲ၊ နှမ်းများကို စိုက်ပျိုးခဲ့ကြသည်။ ဇွန်လကုန် ဇူလိုင်လဆန်းမှစ၍ မိုးများဆက်တိုက်ရွာသွန်းသောကြောင့် ဆီထွက်သီးနှံဖြစ်သော နှမ်းကို ရိုးမဲထိုးခြင်း၊ ပိုးဝင်ခြင်းများ ဖြစ်မည်ကို စိုးရိမ်နေကြသည်။

မိုးဦးကျ မိုးရွာသွန်းပြီး တစ်လကျော် မိုးမရွာဘဲ နေပြင်းပြင်းပူခဲ့သည့်အတွက် နှမ်းပင်၊ မြေပဲပင်များ အသက်နုနုနှင့် သေမည်ကို စိုးရိမ်ခဲ့ရကြောင်း၊ ယခုဇွန်လကုန် ဇူလိုင်လဆန်းက မိုးများ ဆက်တိုက်ရွာသွန်းနေသောကြောင့် မိုးငတ်ခဲ့သော နှမ်းပင်များ ကြီးထွားလာကြောင်း တောင်သူတစ်ဦး၏ ပြောပြချက်အရ သိရသည်။

မိုးများဆက်တိုက်ရွာသည့်အတွက် အပင်များကြီးပြီး အပင်အဖျားတွင်သာ

**စာမျက်နှာ ၈ ကော်လံ ၁ သို့**



# ကော့သောင်းမြို့နယ် စောင်းကောက်ကျွန်း၌ ဘင်္ဂါလီလူမျိုးများ ထိန်းသိမ်းထား

**နေပြည်တော် ဇူလိုင် ၁၃**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ်အတွင်းရှိ စောင်းကောက်ကျွန်း(ဒေသအခေါ် ဒယ်အိုးကျွန်း)၏ အနောက်မြောက်ဘက်နှစ်မိုင်ခန့်အကွာတွင် ဇွန် ၃၀ ရက် ည ၁၀ နာရီခန့်က ဘင်္ဂါလီလူမျိုးတစ်ဦးအား တပ်မတော်(ရေ)မှ ဆယ်တင်ရရှိခဲ့ပြီးနောက် စောင်းကောက်ကျွန်းဟုယူဆရသော ကျွန်းပေါ်တွင် ဘင်္ဂါလီလူမျိုးများရောက်ရှိနေကြောင်း စစ်ဆေးသိရှိရသဖြင့် တပ်မတော်(ရေ)မှ စစ်ရေယာဉ်များဖြင့် ဇူလိုင် ၂ ရက်မှစ၍ စောင်းကောက်ကျွန်း ပတ်လည်ကမ်းခြေနှင့် အနီးပတ်ဝန်းကျင်ရှိ ကျွန်းများအား ရှင်းလင်းခဲ့သော်လည်း ရာသီဥတုဆိုးရွားပြီး လှိုင်းကြီးနေသဖြင့် ရှာဖွေရှင်းလင်းခြင်းလုပ်ငန်းများ ဆိုင်းငံ့ခဲ့ရသည်။

ယင်းနောက် ဇူလိုင် ၉ ရက်တွင် စောင်းကောက်ကျွန်းအတွင်းပိုင်းသို့ ဝင်ရောက်ရှင်းလင်းခဲ့ရာ ဘင်္ဂါလီလူမျိုး အမျိုးသား ၄၅ ဦးအားလည်းကောင်း၊ ဇူလိုင် ၁၁ ရက်တွင် ဘင်္ဂါလီလူမျိုး အမျိုးသား ၄၉ ဦးအားလည်းကောင်း၊ ဇူလိုင် ၁၂ ရက်တွင် ဘင်္ဂါလီလူမျိုး အမျိုးသားရှစ်ဦးအားလည်းကောင်း စုစုပေါင်း ၁၀၂ ဦးကို တွေ့ရှိ ထိန်းသိမ်းခဲ့သည်။

အဆိုပါထိန်းသိမ်းရမိသူများအား စစ်ဆေးရာ ၎င်းတို့သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ကျပန်းနှင့် အလုပ်ကြမ်းလုပ်ကိုင်သူများဖြစ်ပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံသားသုံးဦးက လစာကောင်းသည့် အလုပ်အကိုင်ရရှိမည်ဟု စည်းရုံးပြောဆိုပြီး မလိုက်လိုသူများအား တုတ်၊ ဓားများဖြင့် ခြိမ်းခြောက်၍ **စာမျက်နှာ ၈ ကော်လံ ၄ သို့**

## ရန်ကုန်မြစ်အတွင်း ထူးကဲဒီရေတက်မည်

**ရန်ကုန် ဇူလိုင် ၁၃**

၂၀၁၅ ခုနှစ် ဇူလိုင် ၁၆ ရက်မှ ၁၈ ရက်အထိ ကာလအတွင်း ရန်ကုန်မြစ်အတွင်း အခြေခံရေစစ်မျဉ်းအထက် အမြင့်ပေ ၂၀ ဒသမ ၁၄ ပေခန့်မှ ၂၀ ဒသမ ၂၄ ပေခန့်အထိ ထူးကဲဒီရေတက်ဖွယ်ရှိကြောင်း၊ ယခင် ၂၀၁၃-၂၀၁၄ ခုနှစ်များတွင် ရန်ကုန်မြစ်အတွင်း အခြေခံရေစစ်မျဉ်းအထက် အမြင့်ပေ ၂၂ ပေခန့်ထိ တက်ခဲ့ဖူးသဖြင့် စိုးရိမ်ဖွယ်မရှိကြောင်း၊ အခြေခံရေစစ်မျဉ်းအထက်အမြင့်ပေ ၂၀ကျော်လွန်သဖြင့်သာ သတင်းထုတ်ပြန်ခြင်းဖြစ်ကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ သတိပေးထုတ်ပြန်ချက်အရ သိရသည်။ **(ကြေးမုံ)**



ဇွဲကပင်နှင့် ဧရာဝတီတို့ အကြိတ်အနယ်။

# ဇွဲကပင်နှင့် ဧရာဝတီ ကွာတားတက်

၂၀၁၅ ရာသီ ဗိုလ်ချုပ်အောင်ဆန်း ဒိုင်း ရှုံး/ထွက်ပြိုင်ပွဲ ဒုတိယ အဆင့်(တတိယနေ့) ပွဲစဉ်များကို ယနေ့ ညနေပိုင်းက ကျင်းပသည်။

**(အောင်ဆန်းကွင်း)**

**ဇွဲကပင် - လေးဂိုး**

**ဧယျာရွှေမြေ - သုံးဂိုး**

ဇွဲကပင်အသင်းမှာ အံ့အားသင့်ဖွယ် အနိုင်ရလဒ်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့ခြင်း ဖြစ်သည်။ နောက်မှအကြိမ်ကြိမ် လိုက်ကစားကာ အချိန်ပိုတွင် အနိုင်ယူနိုင်ခဲ့ခြင်းဖြစ်သည်။ ယခုဒုတိယအဆင့်တွင် နာမည်ကြီးအသင်းအချို့ ထွက်ခွာနေရသည့်အပေါ် ဧယျာရွှေမြေမှာလည်း ကျော်ဖြတ်နိုင်ခြင်းမရှိဘဲ ဦးဆောင်ဂိုးများကို အကြိမ်ကြိမ် မထိန်းနိုင်၍ ရှုံးခဲ့ရခြင်းဖြစ်သည်။

ဗစ်တာ၊ ရန်နိုင်ဦး၊ အောင်ထိုက်၊ ရန်အောင်ဝင်းတို့ဖြင့် လူစုံပါဝင်လာသည့် ဧယျာရွှေမြေအသင်းမှာ ပထမပိုင်းတွင် ကစားပုံပိုကောင်းခဲ့သလို အခွင့်အရေးများလည်း ဖန်တီးနိုင်ခဲ့သည်။ ၂၅ မိနစ်တွင် ဧယျာရွှေမြေအသင်း အဖွင့်ဂိုးရခဲ့ပြီး ယူ-၂၀ လက်ရွေးစင် ရန်နိုင်ဦးက သွင်းယူခဲ့ခြင်းဖြစ်သည်။ ဇွဲကပင်အသင်းမှာ လူစုံအသုံးပြုခဲ့သော်လည်း တိုက်စစ်၌ အချိတ်အဆက်လွဲချော်နေ၍ ဂိုးသွင်းခွင့်မရခဲ့ပေ။ ၄၁ မိနစ်တွင် ဧယျာရွှေမြေ ဒုတိယဂိုးရခဲ့ပြီး ပင်နယ်တီမှတစ်ဆင့် ဗစ်တာက သွင်းယူခဲ့ခြင်းဖြစ်သည်။

ဒုတိယပိုင်းအစတွင် ဇွဲကပင်

> သတင်းနှင့်ဓာတ်ပုံ
> ရှိုင်းထက်ဇော်

အသင်း တိုက်စစ်အားမြှင့်လာခဲ့ပြီး ၆၁ မိနစ်တွင် စိုင်းမင်းထွန်း၊ ၆၄ မိနစ်တွင် ဇီကိုဗစ်တို့က ချေပဂိုးများ ပြန်လည်သွင်းယူပေးခဲ့သည်။ သရေကျပြီးနောက်ပိုင်းတွင် ဧယျာရွှေမြေက ပြန်ဖိကစားလာနိုင်ပြီး ၈၁ မိနစ်တွင် ဗစ်တာကဦးဆောင်ဂိုးထပ်မံသွင်းယူပေးခဲ့သည်။ ဧယျာရွှေမြေအသင်း အနိုင်ရလဒ်ထိန်းရန် ကြိုးပမ်းခဲ့သော်လည်း ကွင်းလယ်လူ ကင်မ်က ဇွဲကပင်အတွက် ချေပဂိုး ပြန်သွင်းခဲ့၍ အချိန်ပို ဆက်လက်ယှဉ်ပြိုင်ခဲ့ရသည်။

**စာမျက်နှာ ၈ ကော်လံ ၁ သို့**






themirror.npt@gmail.com
www.facebook.com/themirrordaily

